+ သုဏာတု မေ ဘန္တေ သံဃော၊ အယံ (ဣတ္ထန္နာမော) ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ သမ္ဗဟုလာ အာပတ္တိယော ဧကာဟပ္ပဋိစ္ဆန္နာယော၊ ပ။ သမ္ဗဟုလာ အာပတ္တိယော ပက္ခပဋိစ္ဆန္နာယော၊ သော သံဃံ တာသံ အာပတ္တီနံ ယာ အာပတ္တိယော ပက္ခပ္ပဋိစ္ဆန္နာ ယော၊ တာသံ အဂ္ဃေန သမောဓာန ပရိဝါသံ ယာစိ၊ သံဃော (ဣတ္ထန္နာမဿ) ဘိက္ခုနော တာသံ အာပတ္တီနံ ယာ အာပတ္တိယော ပက္ခပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေန သမောဓာန-ပရိဝါသံ အဒါသိ၊ သော ပရိဝုတ္ထ ပရိဝါသော၊ အယံ (ဣတ္ထန္နာမော) ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော၊ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစိ၊ သံဃော (ဣတ္ထန္နာမဿ) ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ဒေတိ၊ ယဿာယသ္မတော ခမတိ၊ (ဣတ္ထန္နာမဿ) ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တဿ ဒါနံ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

+ ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။

+ တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။

+ ဒိန္နံ သံဃေန (ဣတ္ထန္နာမဿ) ဘိက္ခုနော တာသံ သမ္ဗဟု-

လာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

---

(၃) အဗ္ဘာနကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ အယံ (ဣတ္ထန္နာမော) ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ သမ္ဗဟုလာ အာပတ္တိယော ဧကာဟပ္ပဋိစ္ဆန္နာ–ယော။ ပ။ သမ္ဗဟုလာ အာပတ္တိယော ပက္ခပ္ပဋိစ္ဆန္နာယော၊ သော သံဃံ တာသံ အာပတ္တီနံ ယာ အာပတ္တိယော ပက္ခပဋိစ္ဆန္နာ–ယော၊ တာသံ အဂ္ဃေန သမောဓာန ပရိဝါသံ ယာစိ၊ သံဃော (ဣတ္ထန္နာမဿ) ဘိက္ခုနော တာသံ အာပတ္တီနံ ယာ အာပတ္တိယော ပက္ခပဋိစ္ဆန္နာ–ယော၊ တာသံ အဂ္ဃေန သမောဓာန–ပရိဝါသံ အဒါသိ၊ သော ပရိဝုတ္ထပရိဝါသော၊ အယံ (ဣတ္ထန္နာမော) ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာ ယော၊ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစိ၊ သံဃော (ဣတ္ထန္နာမဿ) ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သောစိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော (ဣတ္ထန္နာမံ) ဘိက္ခုံ အဗ္ဘေယျ၊ သော ဉတ္တိ။

\+ သုဏာတု မေ ဘန္တေ သံဃော၊ အယံ (ဣတ္ထန္နာမော) ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ သမ္ဗဟုလာ အာပတ္တိယော ဧကာဟပ္ပဋိစ္ဆန္နာ ယော။ ပ။ သမ္ဗဟုလာ အာပတ္တိယော ပက္ခပဋိစ္ဆန္နာယော၊ သော သံဃံ တာသံ အာပတ္တီနံ ယာ အာပတ္တိယော ပက္ခပ္ပဋိစ္ဆန္နာ ယော၊ တာသံ အဂ္ဃေန သမောဓာန ပရိဝါသံ ယာစိ၊

သံဃော (ဣတ္ထန္နာမဿ) ဘိက္ခုနော တာသံ အာပတ္တီနံ ယာ အာပတ္တိယော ပက္ခပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေန သမောဓာန- ပရိဝါသံ အဒါသိ၊ သော ပရိဝုတ္ထပရိဝါသော၊ အယံ (ဣတ္ထန္နာမော) ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာ-ယော၊ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစိ၊ သံဃော (ဣတ္ထန္နာမဿ) ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သော စိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစတိ၊ သံဃော (ဣတ္ထန္နာမံ) ဘိက္ခုံ အဗ္ဘေတိ၊ ယဿာယသ္မတော ခမတိ၊ (ဣတ္ထန္နာမဿ) ဘိက္ခုနော အဗ္ဘာနံ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

+ ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။

+ တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။

+ အဗ္ဘိတော သံဃေန (ဣတ္ထန္နာမော) ဘိက္ခု၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

အဗ္ဘသမောဓာန် ပြီး၏။

သုဒ္ဓန်

(၁) ပရိဝါသဒါန ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ အယံ (ဣတ္ထန္နာမော) ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ၊ အာပတ္တိပရိယန္တံ နဇာနာတိ၊ ရတ္တိပရိယန္တံ နဇာနာတိ၊ အာပတ္တိပရိယန္တံ နဿရတိ၊

ရတ္တိပရိယန္တံ နသာရတိ၊ အာပတ္တိပရိယန္တေ ဝေမတိကော၊ ရတ္တိပရိယန္တေ ဝေမတိကော၊ သော သံဃံ တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ ယာစတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော (ဣတ္ထန္နာမဿ) ဘိက္ခုနော တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ ဒဒေယျ၊ သော ဉတ္တိ။

+ သုဏာတု မေ ဘန္တေ သံဃော၊ အယံ (ဣတ္ထန္နာမော) ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ၊ အာပတ္တိပရိယန္တံ နဇာနာတိ၊ ရတ္တိပရိယန္တံ နဇာနာတိ၊ အာပတ္တိပရိယန္တံ နသာရတိ၊ ရတ္တိပရိယန္တံ နသာရတိ၊ အာပတ္တိပရိယန္တေ ဝေမတိကော၊ ရတ္တိပရိယန္တေ ဝေမတိကော၊ သော သံဃံ တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ ယာစတိ၊ သံဃော (ဣတ္ထန္နာမဿ) ဘိက္ခုနော တာသံ အာပတ္တီနံ သုဒ္ဓန္တ ပရိဝါသံ ဒေတိ၊ ယဿာ ယသ္မတော ခမတိ (ဣတ္ထန္နာမဿ) ဘိက္ခုနော တာသံ အာပတ္တီနံ သုဒ္ဓန္တပရိ–ဝါသဿ ဒါနံ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

+ ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။

+ တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။

+ ဒိန္နော သံဃေန (ဣတ္ထန္နာမဿ) ဘိက္ခုနော တာသံ အာပတ္တီနံသုဒ္ဓန္တပရိဝါသော၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

---

(၂) မာနတ္တဒါနကမ္မဝါစာ

+ သုဏာတု မေ ဘန္တေ သံဃော၊ အယံ (ဣတ္ထန္နာမော) ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ၊

အာပတ္တိပရိယန္တံ န ဇာနာတိ၊ ရတ္တိပရိယန္တံ န ဇာနာတိ၊ အာပတ္တိပရိယန္တံ နဿရတိ၊ ရတ္တိပရိယန္တံ နဿရတိ၊ အာပတ္တိပရိယန္တေ ဝေမတိကော၊ ရတ္တိပရိယန္တေ ဝေမတိကော၊ သော သံဃံ တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ ယာစိ၊ သံဃော (ဣတ္ထန္နာမဿ) ဘိက္ခုနော တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ အဒါသိ၊ သော ပရိဝုတ္ထပရိဝါသော၊ အယံ (ဣတ္ထန္နာမော) ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော၊ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော (ဣတ္ထန္နာမဿ) ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ဒဒေယျ၊ သော ဉတ္တိ။

+ သုဏာတု မေ ဘန္တေ သံဃော၊ အယံ (ဣတ္ထန္နာမော) ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ၊ အာပတ္တိပရိယန္တံ နဇာနာတိ၊ ရတ္တိ-ပရိယန္တံ နဇာနာတိ၊ အာပတ္တိပရိယန္တံ နဿရတိ၊ ရတ္တိပရိယန္တံ နဿရတိ၊ အာပတ္တိပရိယန္တေ ဝေမတိကော၊ ရတ္တိပရိယန္တေ ဝေမတိကော၊ သော သံဃံ တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ ယာစိ၊ သံဃော (ဣတ္ထန္နာမဿ) ဘိက္ခုနော တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ အဒါသိ၊ သော ပရိဝုတ္ထ ပရိဝါသော၊ အယံ (ဣတ္ထန္နာမော) ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော၊ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစတိ၊ သံဃော (ဣတ္ထန္နာမဿ) ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ဒေတိ၊ ယဿာ ယသ္မတော ခမတိ (ဣတ္ထန္နာမဿ)

ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တဿ ဒါနံ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

+ ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။

+ တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။

+ ဒိန္နံ သံဃေန (ဣတ္ထန္နာမဿ) ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

---

(၃) အဗ္ဘာနကမ္မဝါစာ

+ သုဏာတု မေ ဘန္တေ သံဃော၊ အယံ (ဣတ္ထန္နာမော) ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ၊ အာပတ္တိပရိယန္တံ နဇာနာတိ၊ ရတ္တိပရိယန္တံ နဇာနာတိ၊ အာပတ္တိပရိယန္တံ နဿရတိ၊ ရတ္တိပရိယန္တံ နဿရတိ၊ အာပတ္တိပရိယန္တေ ဝေမတိကော၊ ရတ္တိပရိယန္တေ ဝေမတိကော၊ သော သံဃံ တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ ယာစိ၊ သံဃော (ဣတ္ထန္နာမဿ) ဘိက္ခုနော တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ အဒါသိ၊ သော ပရိဝုတ္ထပရိဝါသော၊ အယံ (ဣတ္ထန္နာမော) ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော၊ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစိ၊ သံဃော (ဣတ္ထန္နာမဿ) ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သော စိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော (ဣတ္ထန္နာမံ) ဘိက္ခုံ အဗ္ဘေယျ၊ ဧသာ ဉတ္တိ။

+ သုဏာတု မေ ဘန္တေ သံဃော၊ အယံ (ဣတ္ထန္နာမော) ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ၊ အာ–ပတ္တိပရိယန္တံ နဇာနာတိ၊ ရတ္တိပရိယန္တံ နဇာနာတိ၊ အာပတ္တိပရိယန္တံ နဿရတိ၊ ရတ္တိပရိယန္တံ နဿရတိ၊ အာပတ္တိပရိယန္တေ ဝေမတိကော၊ ရတ္တိပရိယန္တေ ဝေမတိကော၊ သော သံဃံ တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ ယာစိ၊ သံဃော (ဣတ္ထန္နာမဿ) ဘိက္ခုနော တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ အဒါသိ၊ သော ပရိဝုတ္ထပရိဝါသော၊ အယံ (ဣတ္ထန္နာမော) ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိ–ယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော၊ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစိ၊ သံဃော (ဣတ္ထန္နာမဿ) ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သော စိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစတိ၊ သံဃော (ဣတ္ထန္နာမံ) ဘိက္ခုံ အဗ္ဘေတိ၊ ယဿာယသ္မတော ခမတိ (ဣတ္ထန္နာမဿ) ဘိက္ခုနော အဗ္ဘာနံ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

+ ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။

+ တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။

* အဗ္ဘိတော သံဃေန (ဣတ္ထန္နာမော) ဘိက္ခု၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

သုဒ္ဓန်ပြီး။

ကမ္မဝါစာဒီပကအပိုင်းပြီး၏။

၃။ ဝိနိစ္ဆယဒီပကအပိုင်း
ပါရာဇိကအာပတ်
ကုစားနည်း

မြတ်စွာဘုရား ပညတ်တော်မူအပ်သော သိက္ခာပုဒ်များကို လွန်ကျူး၍ သင့်ရောက်သော "ပါ, သံ, ထုလ်, ပါ, ပါ, ဒုက်, ဒုဗ်" ဟူသော အာပတ် ခုနစ်မျိုးရှိသည်တွင် ပါရာဇိကအာပတ်သင့်သော ရဟန်းသည်–

"စာဂေါ ယော ဘိက္ခုဘာဝဿ၊
သာ ပါရာဇိကဒေသနာ[၁]"

"ပါရာဇိကာပတ္တိဒေသနာ နာမ၊
ဘိက္ခုဘာဝဿ ပရိစ္စာဂေါ[၂]"–

ဟူသော အဋ္ဌကထာ ဋီကာတို့နှင့်အညီ ရဟန်းအဖြစ်ကိုစွန့်လွှတ်၍ လူသာမဏေအဖြစ်ဖြင့် နေရမည်။

သင်္ကန်းဝတ်ဖြင့် မနေရ

လူတစ်ခါသတ်ဖူးသူသည် နောက်ထပ်လူသတ်ရန် ဝန်မလေးသကဲ့သို့ ခွေး, ကြက်, ငှက်–စသော အငယ်စားသတ္တဝါများကို သတ်ဖြတ်ရန် ပို၍ပင် ဝန်မလေးသကဲ့သို့ အကြီးလေးဆုံးဖြစ်သော ပါရာဇိက အာပတ်သင့် ရောက်ဖူးသော ရဟန်းသည် ကြီးလေးသောပါရာဇိကအမှုမျိုး နောက်ထပ်လွန်ကျူးဖို့ရန် မခဲယဉ်းတော့ချေ။

အခြားသေးငယ်သောအာပတ်မျိုး သင့်ရောက်နိုင်သည့်အမှုမျိုး လွန်ကျူးဖို့ရန်ကား ပို၍ပင်လွယ်ကူတော့ပေမည်။

သို့ဖြစ်လျှင် ပါရာဇိကအာပတ်သင့်ရောက်သူကို သင်္ကန်းမချွတ်ဘဲ သာမဏေ ဝတ်ဖြင့်နေသော်လည်း သာသနာတော်၌ အကျိုးများမည် မဟုတ်၊

၁။ ခုဒ္ဒသိက္ခာ။

၂။ ကခ်ါ၊ ဋီ၊ သစ်၊ ၁၆၀။

သာသနာအညစ်အကြေး ချေးထုရုံသာရှိချေမည်။

သို့ဖြစ်၍ ယခုအခါ မြန်မာနိုင်ငံ၌ နိုင်ငံတော် သံဃမဟာနာယကနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ စည်းဝေးဆုံးဖြတ်ချက်နှင့် အညီ-

သံဃဝိနိစ္ဆယအဖွဲ့က "နေဝသုဒ္ဓ နာသုဒ္ဓအဖြစ် ဆုံးဖြတ်ခြင်း ခံရသော ပုဂ္ဂိုလ်သည် သက်န်းဝတ်ရုံခြင်း မပြုရ[၁]"-

ဟု ပြည်သူ့လွှတ်တော်က ဥပဒေပြဋ္ဌာန်းထားပေသည်။

သံဃာဒိသေသ်အာပတ်

ကုစားနည်း

ပါရာဇိကအောက် ဒုတိယမြောက်အဖြစ် အကြီးလေးဆုံး အာပတ်သည် သံဃာဒိသေသ် အာပတ်ဖြစ်သည်။ ယင်းသည့် သံဃာဒိသေသ် အာပတ်သင့် ရောက်လျှင် ညဥ့်မဖုံးလွှမ်းမှု,ဖုံးလွှမ်းမှု အားလျော်စွာ ပရိဝါသ်ကျင့်, မာနတ် ကျင့်ပြီး အဗ္ဘာန်သွင်းရပေသည်။ ဤသုံးချက်လုံးပြီးဆုံးမှ သံဃာဒိသေသ် အာပတ်စင် ကြယ်ပေသည်။

အသင့်များသောအာပတ်

သံဃာဒိသေသ်အာပတ် တစ်ဆယ့်သုံးမျိုးရှိသည်တွင် ပဌမာပတ္တိက သံဃာဒိသေသ် အာပတ်ကိုးမျိုးတည်းမှ သုက္ကဝိဿဋ္ဌိ, ကာယသံသဂ္ဂ, ဒုဋ္ဌု- လ္လဝါစာ, သဉ္စရိတ္တအာပတ်တို့သာလျှင် များသောအားဖြင့် သင့်ရောက် ဘတ်ကြလေသည်။

ညဥ့်ဖုံးလွှမ်း မဖုံးလွှမ်း

သံဃာဒိသေသ်အာပတ် သင့်ရောက်သောရဟန်းသည် သင့်ရောက်သော ရက် အရုဏ်မတက်မီအာပတ်ကို ဒေသနာမကြားလျှင် ညဥ့်ဖုံးလွှမ်းသည်မည်၏၊ ညဥ့်ဖုံးလွှမ်းရာရောက်၏။ အာပတ်သင့်ရောက်သောရက် အရုဏ်မတက်မီ ဒေသနာကြားလျှင် ညဥ့်ဖုံးလွှမ်းသည်မမည်၊ ညဥ့်ဖုံးလွှမ်းရာမရောက်။

၁-ဝိနည်းကာကွယ်၊ ဥပဒေ။ အခန်း(၂) အပိုဒ်၊၄။

ထို့ကြောင့် ရှေးဆရာတော်များက အရုဏ်မတက်မီ ဘုရားဝတ်ပြုခါနီး၌ ဒေသနာကြားလေ့ ရှိတော်မူကြ၏။

အရှင်ကေလာသမဟာထေရ် ဒေသနာကြားပုံ

ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် မင်္ဂလာအေးကျောင်း ဂဏဝါစက ဆရာတော် အရှင်ကေလာသမဟာထေရ်သည် နေ့စဉ်နေ့တိုင်း သာသနဇောတိပါလကျောင်းကြီးမှ ဘုရားဝတ်တက် အချက်ပေးတုံး မခေါက်မီ ဒေသနာကြားပြီးမှ အချက်ပေးတုံးခေါက်သောအခါ ဘုရားဝတ်တက်အမြဲပြုလေ့ ရှိသည်။ ကြည်ညိုဖွယ်ရာပါပေတည်း။

ဝတ်ပေးခြင်း

သံဃာဒိသေသ် အာပတ်သင့်၍ ညဥ့်မဖုံးလွှမ်းလျှင် အပ္ပဋိစ္ဆန္န မာနတ်ပေးရမည်။ ညဥ့်ဖုံးလွှမ်းခဲ့လျှင် သုဒ္ဓန္တပရိဝါသ်, သမောဓာန ပရိဝါသ် တစ်မျိုးမျိုးကို ရှေးဦးစွာပေးရမည်။ ယင်းပရိဝါသ်ကျင့်ပြီးမှ မာနတ်ပေးခြင်း အဗ္ဘာန်သွင်းခြင်း ပြုရမည်။

ပရိဝါသ်အပြား

ပရိဝါသ်သည် သုဒ္ဓန္တပရိဝါသ်, သမောဓာန ပရိဝါသ်အားဖြင့် နှစ်ပါးပြားသည်။ ထိုတွင် သုဒ္ဓန္တပရိဝါသ်သည် စူဠသုဒ္ဓန္တပရိဝါသ်, မဟာသုဒ္ဓန္တပရိဝါသ်ဟု နှစ်ပါးပြားပြန်သည်။

သုဒ္ဓန္တပရိဝါသ်

မြတ်စွာဘုရား သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ ကျောင်းတိုက် အာရာမ် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစံနေတော်မူစဉ် မထင်ရှားသော ရဟန်းတော်တစ်ပါးသည် များစွာသော သံဃာဒိသေသ် အာပတ်သို့ သင့်ရောက်နေလေသည်။

အာပတ်ဘယ်နှစ်ခါသင့်သည်၊ ဘယ်နှစ်ကြိမ်သင့်သည်ဟု အာပတ်အပိုင်းအခြားကိုလည်း မသိ၊ မမှတ်မိ၊ ယုံမှားမှုရှိနေ၏။ ဖုံးလွှမ်းသော ညဥ့်အပိုင်းအခြားကိုလည်း မသိ၊ မမှတ်မိ၊ ယုံမှားမှုရှိနေ၏။ ထိုအကြောင်းကို

အဖော်ရဟန်းတို့အား လျှောက်ထား၍ ဘုရားရှင်သိသွားတော်မူသောအခါ သုဒ္ဓန္တ ပရိဝါသ်ပေးရန် မိန့်ကြားတော်မူလေသည်။

သုဒ္ဓန္တ ၂-မျိုး

သုဒ္ဓန္တ ပရိဝါသ်သည် စူဠဝါပါဠိတော်သမုစ္စယက္ခန္ဓက[၁] သာမည အားဖြင့် တစ်မျိုးတည်းသာလာသည်။ စူဠဝါ အဋ္ဌကထာ[၂]မှ ဖုံးလွှမ်းသော ညဉ့်အပိုင်း အခြားကို မသိမှုအနည်းအများကို ထောက်ထား၍ စူဠသုဒ္ဓန္တ၊ မဟာသုဒ္ဓန္တ ဟု နှစ်မျိုးခွဲခြားပြဆိုလေသည်။

စူဠသုဒ္ဓန္တ

စူဠသုဒ္ဓန္တ ဟူသည် ရဟန်းခံပြီးသည့်အချိန်မှစ၍ အထက်သို့ရေတွက်သည့် အနုလုံအစဉ်အားဖြင့်ဖြစ်စေ၊ သံဃာဒိသေသ် အာပတ်သင့်၍ ဒေသနာကြားရာ နေ့မှစပြီး နောက်ပြန်ရေတွက်ရသည့် ပဋိလုံအစဉ်အားဖြင့်ဖြစ်စေ၊ ဤမျှလောက် သော နေ့ရက်၊ ပက္ခ၊ လ၊ နှစ်တို့ပတ်လုံး သံဃာဒိသေသ်အာပတ် မငြိမတွယ် စင်ကြယ်သည်ဟုသိသော ရဟန်းအား ပေးအပ်သော ပရိဝါသ်ဖြစ်သည်။

ယင်း စူဠသုဒ္ဓန္တ ပရိဝါသ်ကို ဆောက်တည်ကျင့်သုံးလိုသော ရဟန်း သည် စင်ကြယ်သည်ဟု ဧကန်သိသော နေ့ရက်၊ ပက္ခ၊ လ၊ နှစ်တို့ကို ဖယ်ရှား၍ ကြွင်းသောနေ့၊ ရက် ပက္ခ လတို့ပတ်လုံး ပရိဝါသ်ကျင့်သုံးရမည်။

(ဝိ၊ ဋ္ဌ၊ ၄၊ ၂၅)

အတိုးအဆုတ်ရခြင်း

စူဠသုဒ္ဓန္တ ပရိဝါသ်ကို ကျင့်သုံးရာ၌ တစ်လမျှ မစင်ကြယ်ဟု ထင်မှတ်၍ တစ်လ ပရိဝါသ်ယူထားရာ ပရိဝါသ်ကျင့်သုံးနေစဉ် နောက်ထပ် တစ်လကိုအမှတ် ရလျှင် နောက်ထပ်အမှတ်ရသော တစ်လကိုလည်း တစ်ဆက်တည်း ပရိဝါသ် ကျင့်သုံးရမည်။ နောက်ထပ် ပရိဝါသ် ပေးဖွယ်မလို။

သို့မဟုတ်ပဲ နှစ်လမစင်ကြယ်ဟုထင်မှတ်၍ နှစ်လပရိဝါသ်ယူထားရာ ပရိဝါသ် ကျင့်သုံးနေခါမှ မိမိ မစင်ကြယ်သည်မှာ နှစ်လမဟုတ်၊ တစ်လသာဖြစ်လျှင်

၁-ဝိ၊ ၄။ ၁၅၂-၄။ ၂-ဝိ၊ ဋ္ဌ၊ ၄။ ၂၆။

ဖြစ်သည်ဟု တတ်အပ်ထင်ထင် ဆုံးဖြတ်နိုင်လျှင် နှစ်လကျင့်သုံးစရာမလို၊ တစ်လသာလျှင် ကျင့်သုံးရမည်။

ဤစုဋ္ဌသုဒ္ဓန္တ ပရိဝါသ်သည် အထက်သို့လည်း တိုးနိုင် တက်နိုင်၏၊ အောက်သို့လည်း သက်နိုင် ဆုတ်နိုင်၏၊ ဤသို့ အတိုးအဆုတ် ရခြင်းသည် စုဋ္ဌသုဒ္ဓန္တ ပရိဝါသ်၏ လက္ခဏာတည်း။ (ဝိ၊ ၄၊ ၄။ ၂၅-၆။)

မဟာသုဒ္ဓန္တ

ရဟန်းခံသည့်နေ့မှစ၍ အစဉ်အတိုင်း အထက်သို့တက်သော အနုလောမ နည်းအားဖြင့်ဖြစ်စေ၊ သင့်ရောက်သော သံဃာဒိသေသ် အာပတ်ကို ဒေသနာ ကြားရာ နေ့မှစ၍ နောက်ဆုတ်ပြန်သော ပဋိလောမနည်းအားဖြင့် ဖြစ်စေ ဘယ်နေ့၊ ဘယ်ရက်၊ ဘယ်ပက္ခ၊ ဘယ်လ၊ ဘယ်နှစ်တွေမှာ သံဃာဒိသေသ် အာပတ်မသင့်ပဲ စင်ကြယ်ခဲ့သလဲဟု မေးသော်လည်း ဖုံးလွှမ်းခဲ့ သော နေ့ရက် ပက္ခ လနှစ်ကို မသိ၊ မမှတ်မိ၊ ယုံမှားမှုမျိုး ရှိနေသော ရဟန်း အား ပေးအပ်သော သုဒ္ဓန္တ ပရိဝါသ်သည် မဟာသုဒ္ဓန္တပရိဝါသ် မည်၏။

ယင်းသည့် မဟာသုဒ္ဓန္တ ပရိဝါသ်ကို ပရိဝါသ်ယူရာ နေ့မှစ၍ ရဟန်းခံရာ နေ့တိုင်အောင်သော ညဉ့်တို့ကို ရေတွက်၍ ပရိဝါသ် ကျင့်သုံးရသည်။ မဟာသုဒ္ဓန္တ ပရိဝါသ်သည် အထက်သို့ကား မတိုးမတက်၊ အောက်သို့သာလျှင် သက်၏၊ ယုတ်လျော့၏။

သို့ဖြစ်၍ ပရိဝါသ် ကျင့်သုံးစဉ် "ငါ့မှာ အာပတ်သင့်၍ ဖုံးလွှမ်းခဲ့သော ညဥ့်သည် တစ်လသာ ရှိသည်၊ တစ်နှစ်သာ ရှိသည်ဟု အတိအကျ ဆုံးဖြတ် နိုင်လျှင် တစ်လ၊ တစ်နှစ်သာလျှင် ပရိဝါသ် ကျင့်ရမည်။

(ဝိ၊ ၄၊ ၄။ ၂၆။)

အာပတ်မသိခြင်း လိုရင်းမဟုတ်

ယင်းသည့် သုဒ္ဓန္တပရိဝါသ်ကို ပေးရာ၌ ဖုံးလွှမ်းသော ညဥ့်အပိုင်းအခြား အားလုံးကို ဖြစ်စေ၊ တစ်ချို့ တစ်ဝက်ကို ဖြစ်စေ မသိ၊ မမှတ်မိ၊ ယုံမှားရှိ ခြင်းသာလျှင် လိုရင်း ပဓာနဖြစ်သည်။ သင့်သောအာပတ် အပိုင်းအခြား

အရေအတွက်ကိုမူကား သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ လိုရင်း-ပဓာနမဟုတ်။

(ဝိ၊ ၄၊ ၁၅၂-၃။ ဝိ၊ ဋ္ဌ၊ ၄။ ၂၅။)

သမောဓာန ၃-မျိုး

သမောဓာန ပရိဝါသ်သည် ဩဓာနသမောဓာန၊ အဂ္ဃသမောဓာန၊ မိဿကသမောဓာနဟု သုံးမျိုး ပြားသည်။

သမောဓာန၏ လက္ခဏာ

သမောဓာနပရိဝါသ်၌ အပ္ပဋိစ္ဆန္နအာပတ်ကို ပဋိစ္ဆန္နအာပတ်ဟု မှတ်ထင်၍ ပရိဝါသ်ကျင့်သုံးလျှင် အာပတ်မှထ၏၊ စင်ကြယ်၏။ ပဋိစ္ဆန္နအာပတ်ကို အပ္ပဋိစ္ဆန္နအာပတ်ဟု မှတ်ထင်၍ ပရိဝါသ်ကျင့်သုံးလျှင် အာပတ်မှ မထ။ မစင်ကြယ်။

အစိရပဋိစ္ဆန္နအာပတ်ကို စိရပဋိစ္ဆန္နအာပတ်ဟု မှတ်ထင်၍သော်လည်းကောင်း၊ အာပတ်တစ်ချက်သာသင့်ပါလျက် "သမ္ဗဟုလာ"ဟု မှတ်ထင်၍သော်လည်းကောင်း၊ ပရိဝါသ်ကျင့်သုံးလျှင် ယင်းအာပတ်မှထ၏၊ စင်ကြယ်၏။

စိရပဋိစ္ဆန္နအာပတ်ကို အစိရပဋိစ္ဆန္နအာပတ်ဟု မှတ်ထင်၍သော်လည်းကောင်း၊ "သမ္ဗဟုလ"အာပတ်သင့်လျက် "ဧကံ အာပတ္တိံ အာပဇ္ဇိံ"ဟု ဆို၍သော်လည်းကောင်း၊ ပရိဝါသ်ကျင့်သုံးလျှင် ယင်းအာပတ်မှ မထ၊ မစင်ကြယ်၊

ထို့ပြင်မက တစ်ဆယ့်ငါးရက် ပရိဝါသ်တောင်းထားလျှင် တစ်ဆယ့်ငါးရက်သာလျှင် ကျင့်နိုင်၏။ တစ်ပက္ခပရိဝါသ်ယူ၍ ကျင့်သုံးစဉ် တစ်လဖုံးလွှမ်းသည်ဟု သိသဖြင့် တစ်လကျင့်လို၍ မရ၊ တစ်လကျင့်လိုလျှင် တစ်လပြန်တောင်းရသည်။

တစ်လဖုံးလွှမ်းသည်ဟု မှတ်ထင်၍ တစ်လပရိဝါသ်ယူပြီး ကျင့်သုံးစဉ် တစ်ပက္ခဖုံးလွှမ်းသည်ဟု သိသဖြင့် တစ်ပက္ခကျင့်လိုလျှင် တစ်ပက္ခပြန်တောင်းရသည်။ ဤကား သမောဓာနပရိဝါသ်၏ လက္ခဏာတည်း။ (ဝိ၊ ဋ္ဌ၊ ၄။-၂၆)

သြဓာနပရိဝါသ်

သြဓာန သမောဓာနပရိဝါသ်ဟူသည် ပရိဝါသ်နေစဉ် အန္တရာပတ် သင့်၍ ညဥ့်ဖုံးလွှမ်းသောရဟန်းအား ကျင့်သုံးပြီးသောနေ့တို့ကို မရေမတွက် ချေဖျက်၍ ရှေ့အာပတ်၏ မူလဖုံးလွှမ်းသောနေ့၌ နောက်သင့်သောအာပတ် ကို ထည့်၍ပေးရသော ပရိဝါသ်ဖြစ်သည်။ (ဝိ၊ ၄၊ ၁၂၄။ ဝိ၊ ၃၊ ၄။ ၂၆)

မူလာယပဋိကဿနနှင့်

သြဓာနအထူး

အန္တရာပတ်သင့်၍ ညဥ့်မဖုံးလွှမ်းလျှင် အရင်းသို့ငင်ခြင်း "မူလာယ ပဋိကဿန" ကိုသာ ပြုရသည်။

ညဥ့်ဖုံးလွှမ်းခဲ့လျှင်ကား အရင်းသို့ငင်ရုံမျှမက သြဓာနပရိဝါသ်ပါ ပေးရသည်။ (ဝိ၊ ၄။ ၁၁၃-၉၊ ၁၂၄)

သြဓာနသမောဓာနဝိနိစ္ဆယ

အကြင်ရဟန်းသည် ညဥ့်ဖုံးလွှမ်းသော သံဃာဒိသေသ်အာပတ်ဖြင့် ပရိဝါသ်ယူ၍ ပရိဝါသ်နေစဉ်, မာနတ်ထိုက်စဉ်, မာနတ်ကျင့်စဉ်, အဗ္ဘာန်ထိုက် စဉ်တစ်ချိန်ချိန်၌ သံဃာဒိသေသ် အာပတ်တစ်မျိုးသင့်၍ ရှေ့အာပတ်နှင့်ညီမျှ သော ညဥ့်, ရှေ့အာပတ်အောက် ယုတ်လျော့သော ညဥ့်တို့ကို ဖုံးလွှမ်း၏။

ထိုရဟန်းအား အရင်းသို့ ငင်ခြင်းဖြင့် ပရိဝါသ်ကျင့်သုံးပြီးသောနေ့ မာနတ်ကျင့်ပြီးသောနေ့အားလုံးကို ချေဖျက်၍ နောက်သင့်သော အာပတ်ကို မူလအာပတ်၌ ပေါင်းထည့်၍ ပရိဝါသ်ပေးရမည်။

မူလအာပတ်မှာ တစ်ပက္ခ ဖုံးလွှမ်း၍ အန္တရာပတ်မှာ တစ်ပက္ခအောက် ယုတ်လျော့သောညဥ့်ပတ်လုံး ဖုံးလွှမ်းခဲ့လျှင်ဖြစ်စေ၊ တစ်ပက္ခပင် ဖုံးလွှမ်းခဲ့လျှင် ဖြစ်စေ တစ်ပက္ခသာ ပရိဝါသ်ကျင့်ရမည်။

ဤနည်းကိုမှီ၍ အနှစ်ခြောက်ဆယ်တိုင်အောင် အထက်သို့တက်၍ သိနိုင်သည်။

အနှစ်ခြောက်ဆယ် ပရိဝါသ်ကျင့်သုံးပြီး၍ မာနတ်ထိုက်စဉ်မှာ အန္တရာ ပတ်တစ်ချက် ဖုံးလွှမ်းမိလျှင်ပင် တစ်ဖန် အနှစ်ခြောက်ဆယ် ပရိဝါသ်ဆောက် တည်ထိုက်တော့သည်။ (ဝိ၊ ဋ၊ ၄၊ ၂၇။ ဝိနယသင်္ဂဟ။ ၃၅၃)

မူလအာပတ်ထက်ပိုရာ

အကယ်၍ အန္တရာပတ်က မူလအာပတ်ထက်ပို၍ ညဥ့်ဖုံးလွှမ်းမိနေလျှင် အဘယ်သို့ ပြုလုပ်သင့်သနည်းဟူသော အမေးကို မဟာသုမထေရ်-က

"ဒီလိုပုဂ္ဂိုလ်ဟာ မကုစားထိုက်သော"အတေကိစ္ဆ"ပုဂ္ဂိုလ်ဖြစ်သည်။ အာပတ်ကို ထင်ရှားပြုစေပြီး "နဖားကြိုးချွတ်"လွှတ်လိုက်ရမည်။"-

ဟု အဖြေပေးတော်မူသည်။

မဟာပဒုမထေရ်ကမူ"အဘယ့်ကြောင့် အတေကိစ္ဆဖြစ်ရသလဲ၊ ဒီသမ္မုစ္စ- ယက္ခန္ဓက မည်သည် ဘုရားရှင်တို့ ထင်ရှားတည်ရှိရာ အခါနှင့်တူသည် မဟုတ်လော၊ အာပတ် မည်သည် ဖုံးလွှမ်းသည်ဖြစ်စေ၊ မဖုံးလွှမ်းသည်ဖြစ်စေ၊ ရှေ့အာပတ်နှင့်ညီမျှသော ညဥ့်ပတ်လုံး ဖုံးလွှမ်းသည်ဖြစ်စေ၊ ရှေ့အာပတ်အောက် ယုတ်လျော့သော ညဥ့်ပတ်လုံး ဖုံးလွှမ်းသည်ဖြစ်စေ၊ ရှေ့အာပတ်ထက်ပိုလွန်၍ ဖုံးလွှမ်းသည်ဖြစ်စေ ဝိနည်းခိုရ်ပုဂ္ဂိုလ်၏ ကမ္မဝါစာ ဆက်စပ်ဖတ်နိုင်မှသာလျှင် လိုရင်းပဓာနဖြစ်သည်။

ရှေ့အာပတ်ထက် ညဥ့်ပိုလွန်ကာ ဖုံးလွှမ်းသော အန္တရာပတ်ကို မူလ အာပတ်ပြု၍ ယင်းအန္တရာပတ်၌ မူလအာပတ်ကို ပေါင်းထည့်၍ ပရိဝါသ် ပေးရမည်။

ဟု အဖြေပေးတော်မူသည်-

မဟာ ပဒုမထေရ်၏ ဝါဒကိုပင် အဋ္ဌကထာဆရာ နှစ်သက်တော်မူ သည်။ (ဝိ၊ ဋ၊ ၄။ ၂၇။ ဝိနယသင်္ဂဟ။ ၃၅၃-၄)

အဂ္ဃသမောဓာနပရိဝါသ်

များစွာသော သမ္ဗဟုလ အာပတ်တို့တွင် အကြာမြင့်ဆုံး ဖုံးလွှမ်းအဝ်သော အာပတ်တို့၏ အဖိုးအစအားဖြင့် ပေါင်းစု၍ ယင်းအာပတ်တို့၏ ညဥ့်အပိုင်း

အခြား၏ အစွမ်းအားဖြင့် ကြွင်းသော အာပတ်တို့အတွက် ပေးအပ်သော မရိုဝါသ်သည် အဂ္ဃသမောဓာန ပရိဝါသ်မည်၏။

ယင်း အဂ္ဃသမောဓာန ပရိဝါသ်ကား ပါဠိတော်၌ တိုက်ရိုက်လာသည်။
(ဝိ၊ ၄။ ၁၃၄။ ဝိ၊ ၌၊ ၄၊ ၂၇)

ညဉ့်တစ်ရာဖုံးစေ ဆယ်ညဉ့်ပရိဝါသ်နေ

ပဌမအာပတ်တစ်ရာ သင့်၍ ဆယ်ညဉ့် ဖုံးလွှမ်းထား၏။ ဒုတိယ အာပတ်တစ်ရာ သင့်ပြန်၍ ဆယ်ညဉ့်ပင် ဖုံးလွှမ်းပြန်၏။ ဤသို့ ဆယ်ကြိမ်သင့်၍ နေ့တစ်ရာ ဖုံးလွှမ်းသည့်အတွက် အာပတ်တစ်ထောင် ဖြစ်နေ၏။

ယင်းသို့ ညဉ့်တစ်ရာဖုံးလွှမ်းသည့် အာပတ်တစ်ထောင် သင့်နေသော ရဟန်းသည် ညဉ့်တစ်ရာပတ်လုံး ပရိဝါသ် ကျင့်သုံးရမလို ဖြစ်နေသော်လည်း ယင်းသို့ ကျင့်သုံးစရာ မလိုပါချေ။ အတူဖြစ်သော ဆယ်ညဉ့် ဆယ်ခါကို တစ်ပေါင်းတည်းပေါင်း၍ ဆယ်ညဉ့်ပရိဝါသ်နေလျှင် ပြီးစီး၏။ ညဉ့်တစ်ရာ ပရိဝါသ်ကျင့်သုံးရာ ရောက်၏။ ထိုကြောင့် ပရိဝါပါဠိတော်၌--

ဒသသတံ ရတ္တိသတံ၊
အာပတ္တိယော ဆာဒယိတွာန၊
ဒသ ရတ္တိယော ဝသိတွာန၊
မုစ္စေယျ ပါရိဝါသိကော¹-

ဟု အရှင်ဥပါလိထေရ် မိန့်တော်မူသည်။

မိဿကသမောဓာနပရိဝါသ် ပါဠိတော်၌ မလာ

စူဠဝါ ပါဠိတော်၌ မိဿကသမောဓာနပရိဝါသ်ဟူ၍ မလာချေ။ အဂ္ဃသမောဓာန်သမ္ဘဟုလ အာပတ်၌ ပါဝင်ပြီး ဖြစ်သောကြောင့်သာ မလာခြင်း ဖြစ်ပေသည်။

၁-ဝိ၊ ၅။ ၃၆၉။

မှန်ပေသည်။ အကယ်၍ မိဿကသမောဓာန်သည်- အဂ္ဃသမောဓာန် သမ္ဗဟုလ၌ ပါဝင်ပြီး မဖြစ်သေးလျှင် ဘုရားရှင် ဟောတော်မူမည်မှာ ကေန်ပင် ဖြစ်ပေသည်။ ယခုမူ အဂ္ဃသမောဓာန်နှင့် သြဓာနသမောဓာန် နှစ်မျိုးကိုသာ စူဠဝါ ပါဠိတော်၌ ဟောတော်မူသည်။ မိဿက သမောဓာန်ကို ဟောတော်မမူ။ မိဿကသမောဓာန် ဟောတော်မမူသည်ကို ထောက်ဆလျှင် မိဿကသမောဓာန်သည် အဂ္ဃသမောဓာန်၌ ပါဝင်ပြီး ဖြစ်သည်ဟု သိနိုင်ပေ သည်။

အဋ္ဌကထာစကားအရလည်း
အကျုံးဝင်ပြီး

စူဠဝါအဋ္ဌကထာ သမုစ္စယက္ခန္ဓက အဖွင့်အစ၌ အာပတ်သင့်၍သင့်ရောက် သော အာပတ်အားလျော်စွာ ပရိဝါသ် တောင်းပုံကို ပြရာဝယ်-

> "နာနာဝတ္ထုကာသုပိ" အဟံ ဘန္တေ သမ္ဗဟုလာ သံဃာ- ဒိသေသာ အာပတ္တိယော အာပဇ္ဇိံ ဧကံ သုက္ကဝိဿဋ္ဌိံ ဧကံ ကာယသံသဂ္ဂံ ဧကံ ဒုဋ္ဌုလ္လဝါစံ ဧကံ အတ္တကာမံ ဧကံ သဉ္စရိတ္တံ ဧကာဟ ပ္ပဋိစ္ဆန္နာယောတိ ဧဝံ ဂဏနဝသေန ဝါ၊
>
> အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ နာနာဝတ္ထုကာယော ဧကာဟပ္ပဋိစ္ဆန္နာယောတိ ဧဝံ ဝတ္ထု ကိတ္တနဝသေန ဝါ၊
>
> အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ ဧကာဟပ္ပဋိစ္ဆန္နာယောတိ ဧဝံ နာမ မတ္တဝသေန ဝါ ယောဇေနာ ကာတဗ္ဗာ[၁]"

ဟု ပြဆိုပါသည်။

အဓိပ္ပာယ်ကတော့-အကြောင်းဝတ္ထု အမျိုးမျိုးကြောင့် သင့်ရောက်သော သံဃာဒိသေသ် အာပတ်တို့၌-

၁။ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယောဟု ဆိုပြီးလျှင် သုက္ကဝိဿဋ္ဌိ, ကာယသံသဂ္ဂ, ဒုဋ္ဌုလ္လဝါစာ, အတ္တကာမ,

၁။ ဝိ၊ ဋ္ဌ၊ ၄၊ ၂၂

သဥ္စရိတ္တ–စသော အာပတ်သင့်ခြင်း၏ အကြောင်းဝတ္ထုတို့ကို တစ်ခုစီ ရေတွက်သော "ဂဏန" နည်းဖြင့်ဖြစ်စေ၊

၂။ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယောဟု ဆိုပြီး သုက္ကဝိဿဋ္ဌိ စသော အကြောင်းဝတ္ထုတို့ကို တစ်ခုချင်း ဖော်မဆိုဘဲ "နာနာဝတ္ထုကာယော"ဟု အကြောင်းဝတ္ထုကို ကြားရုံမျှကြားသည့် "ဝတ္ထုကိတ္တန" နည်းဖြင့် ဖြစ်စေ၊

၃။ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော ဟုသာ သံဃာဒိသေသ် အမည်မျှကို ကြားသည့်"နာမမတ္တ"နည်းဖြင့် ဖြစ်စေ ဖော်ဆိုနိုင်သည်ဟူ၍ ဖြစ်ပေသည်။

ဤစကား(၃)ရပ်တို့တွင် နောက်ဆုံးဖြစ်သောစကားအလိုမှာ အဋ္ဌသမောဓာန် ဆောက်တည်လျှင် အာပတ္တိသမ္ဗဟုလ၊ ဝတ္ထုသမ္ဗဟုလ နှစ်ဝလုံး ပါဝင်နိုင်သဖြင့် မိဿကသမောဓာန် သီးခြားဆောက်တည်စရာ မလိုချေ။ သို့ဖြစ်၍ အဋ္ဌကထာ၌ မိဿကသမောဓာန် ထည့်သွင်း၍ သမောဓာန်သုံးမျိုးပြသော်လည်း ဝတ်ကမ္မဝါ အစောင်စောင်တို့၌ မိဿကသမောဓာန်ကို မပြဆိုကြခြင်းဖြစ်သည်။

မိဿကသမောဓာန်
ဆောက်တည်လိုလျှင်

အကယ်၍ မိဿကသမောဓာန် ဆောက်တည်လိုလျှင်–

"အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ ဧကံ သုက္ကဝိဿဋ္ဌိံ ဧကံ ကာယသံသဂ္ဂံ ဧကံ ဒုဋ္ဌုလ္လဝါစံ ဧကံ အတ္တကာမံ ဧကံ သဉ္စရိတ္တံ၊ သောဟံ ဘန္တေ သံဃံ တာသံ အာပတ္တီနံ သမောဓာနပရိဝါသံ ယာစာမိ[၁]"

ဟု ဝတ္ထုအမည် အသီးသီးအရေအတွက်ကို ဖော်ပြ၍လည်းကောင်း၊

"အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ နာနာဝတ္ထုကာယော၊ သောဟံ ဘန္တေ သံဃံ တာသံ အာပတ္တီနံ သမောဓာနပရိဝါသံ ယာစာမိ[၁]"–

၁–ဝိ၊ ဋ္ဌ၊ ၄။ ၂၈။ ဝိသင်္ဂဟ။ ၃၇၈၊

ဟု ဝတ္ထုအမည် သာမညကို ကြားရုံမျှကြား၍လည်းကောင်း၊

•"အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပန္နော၊ သောဟံ ဘန္တေ သံဃံ တာသံ အာပတ္တီနံ သမောဓာနပရိဝါသံ ယာစာမိ၁"–

ဟု အမည်သာမည အာပတ်မျှကို ဖော်ပြ၍လည်းကောင်း နည်းတစ်မျိုးမျိုးဖြင့် သုံးကြိမ်တောင်းရမည်။

တောင်းသောပါဠိအားလျော်စွာ ကမ္မဝါဖတ်၍ ပရိဝါသ် ပေးရမည်။

အဂ္ဃသမောဓာန်ဖြင့် နာနာဝတ္ထုကအာပတ်မှထပုံ

အဂ္ဃသမောဓာန်၌ ပြခဲ့ပြီးသော–

"သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော"

ဟူသောစကားပါသည့် ကမ္မဝါစာများဖြင့်ပင်လျှင် နာနာဝတ္ထုကသံဃာ ဒိသေသ် အာပတ်တို့မှ ထနိုင်ပါသည်။

အဂ္ဃသမောဓာန် ကမ္မဝါသည်ပင်လျှင် မိဿကသမောဓာန်၌ သင့်တော်ပေပြီ။ အာပတ်မှထအောင် စွမ်းဆောင်နိုင်ပေပြီ။

သို့အတွက်မိဿကသမောဓာန်ကမ္မဝါစာဟု သီးခြားမပြဆိုတော့ပေ။

[နက္ခေ ဝိသုံ ကမ္မဝါစံ ယောဇေတွာ ဒဿယိဿာမ၊ ပုဗ္ဗေ သဗ္ဗာပတ္တိသာဓာရဏံ ကတွာ ယောဇေတွာ ဒဿိတာယဧဝ ကမ္မဝါစာယ နာနာဝတ္ထုကာဟိပိ အာပတ္တီဟိ ဝုဋ္ဌာနသမ္ဘဝတော သာယေဝေတ္ထ ကမ္မဝါစာ အလန္တိ။ ဝိသင်္ဂဟ။ ၃၇၉]

ဤဝိနယသင်္ဂဟ အဋ္ဌကထာစကားကို ထောက်ထားလျှင် အဂ္ဃသမောဓာန် ဆောက်တည်လျှင်လည်း နာနာဝတ္ထုက သံဃာဒိသေသ်အာပတ်မှ စင်ကြယ်နိုင်သည်ဟု မှတ်အပ်၏။

၁–ဝိ၊ ၄၊ ၄။ ၂၈။ ဝိသင်္ဂဟ။ ၃၇၈၊

အဂ္ဃ, မိဿက, သမောဓာန အထူး

ပြပြီးသော ပါဠိတော် အဋ္ဌကထာ သာဓကတို့ဖြင့် အဂ္ဃသမောဓာန် ဆောက်တည်လျှင် မိဿကသမောဓာန်ပြီးစီးနိုင်ပါလျက် ဝဇိရဗုဒ္ဓိဋီကာ၌ ဤသို့ အထူးကို ဆိုပါသည်။ အဂ္ဃသမောဓာန ပရိဝါသ်ဟူသည်-

"အဂ္ဃသမောဓာနော နာမ သဘာဂ ဝတ္ထုကာယော သမ္ဗဟုလာ အာပတ္တိယော အာပန္နဿ ဗဟုရတ္တိ ပဋိစ္ဆန္နာဒိတာ ပတ္တိယံ ပက္ခိပိတွာ ဒါတဗ္ဗော၊ ဣတရော နာနာဝတ္ထုကာနံ ဝသေနာတိအယံ မေ တေသံ ဝိသေသော[၁]"-

ဟူသော ဝဇိရ ဗုဒ္ဓိဋီကာနှင့်အညီ သဘောတူ ဝတ္ထုရှိသော အာပတ်အများ သင့်သော ရဟန်းအား ညဥ့်အနည်းဆုံး ဖုံးလွှမ်းသော အာပတ်ကို ညဥ့်အများဆုံး ဖုံးလွှမ်းသော အာပတ်၌ ပေါင်းထည့်၍ ပေးအပ်သော ပရိဝါသ် ဖြစ်သည်။

မိဿကသမောဓာန ပရိဝါသ်ဟူသည် သုက္ကဝိဿဋ္ဌိ ကာယသံသဂ္ဂ စသော ဝတ္ထု များစွာပါဝင်သော သမ္ဗဟုလာအာပတ်သင့်သော ရဟန်းအား ပေးအပ်သော ပရိဝါသ်ဖြစ်သည်။ ဤသို့ ထူးသည်။

မာနတ်လေးမျိုး

မာနတ်ဟူသည် ရဟန်းတို့ ကျေနပ်မြတ်နိုးစေရန် ကျင့်ရသော ကျင့်ဝတ်ဖြစ်သည်။

ယင်းမာနတ်သည်-

၁။ အပ္ပဋိစ္ဆန္နမာနတ်၊

၂။ ပဋိစ္ဆန္နမာနတ်၊

၃။ ပက္ခမာနတ်၊

၄။ သမောဓာနမာနတ်

ဟူ၍ (၄)မျိုး ပြားသည်။ (ဝိ၊ ၃၊ ၄။ ၁၆)

၁။ ထိုတွင် သံဃာဒိသေသ် အာပတ်သင့်ပြီး ညဥ့်မဖုံးလွှမ်းသော ရဟန်းအား ပေးအပ်သော မာနတ်သည် "အပ္ပဋိစ္ဆန္န" မာနတ်မည်၏။

---

[၁]- ဝိ၊ ၃၊ ၄။ ၂၂

၂။ သံဃာဒိသေသ် အာပတ်သင့်ပြီး ညဥ့်ဖုံးလွှမ်းသဖြင့် ဖုံးလွှမ်းသော ညဥ့်အား လျော်စွာ ပရိဝါသ်ကျင့်သုံးပြီးသော ရဟန်းအား ပေးအပ်သော မာနတ်သည် "ပဋိစ္ဆန္န" မာနတ်မည်၏။

၃။ ဘိက္ခုနီမတို့အား သံဃာဒိသေသ်အာပတ်သင့်ရာ၌ အာပတ်ကို ဖုံးလွှမ်းသည်ဖြစ်စေ၊ မဖုံးလွှမ်းသည်ဖြစ်စေ တစ်ပက္ခပတ်လုံး ကျင့်သုံးဖို့ရန် ပေးအပ်သော မာနတ်သည် "ပက္ခမာနတ်"မည်၏။ (ဤ၌မလိုချေ။)

၄။ တစ်ပေါင်းတည်း ပေါင်းထည့်၍ ပေးအပ်သော မာနတ်သည် "သမောဓာန" မာနတ်မည်၏။ (ဝိ၊ ၄၊ ၄။ ၁၆)

သမောဓာနမာနတ် ၃–မျိုး

သမောဓာနမာနတ်သည်လည်း–

၁။ ဩဓာနသမောဓာနမာနတ်၊

၂။ အဂ္ဃသမောဓာနမာနတ်၊

၃။ မိဿကသမောဓာနမာနတ်–

ဟူ၍ (၃)မျိုးရှိသည်။

၁။ ထိုတွင် ပဋိစ္ဆန္နသံဃာဒိသေသ်အာပတ်ကြောင့် ပရိဝါသ် ကျင့်သုံးစဉ် မာနတ်ထိုက်စဉ် အန္တရာပတ်သင့်၍ အရင်းသို့ ငင်ရသောအခါ ပရိဝါသ်ကျင့်သုံးပြီးနေ့တို့ကို ချေဖျက်၍ ရှေ့အာပတ်တို့နှင့် အတူတကွ ပေါင်းထည့်၍ ပေးအပ်သောမာနတ်သည် "ဩဓာနသမောဓာနမာနတ်"မည်၏။

၂။ အဂ္ဃသမောဓာနပရိဝါသ်ကျင့်ပြီးသော ရဟန်းအား ပေးအပ်သော မာနတ်သည် "အဂ္ဃသမောဓာနမာနတ်"မည်၏။

၃။ မိဿကသမောဓာနပရိဝါသ် ကျင့်ပြီးသော ရဟန်းအား ပေးအပ်သော မာနတ်သည် "မိဿကသမောဓာနပရိဝါသ်"မည်၏။

ယင်းမာနတ်တို့ကို ကျင့်သုံးနေဆဲဖြစ်သော ရဟန်းသည် "မာနတ္တစာရိက" ရဟန်းမည်၏။ (ဝိ၊ ၄၊ ၄။ ၃၂)

ဒဏ်သားရဟန်း

သံဃာဒိသေသ်အာပတ်သင့်၍ ပရိဝါသ်မာနတ်ကျင့်သော ရဟန်းကို အပြစ်အားလျော့စွာ ဒဏ်ထမ်းဆောင်သည် မည်သောကြောင့် "ဒဏ်သား" ရဟန်းဟု မြန်မာနိုင်ငံသာသနာ၌ ခေါ်ကြပေသည်။

ဒဏ်သားအပြား

ယင်းဒဏ်သားရဟန်းသည်-

၁။ ပရိဝါသ်ဆောက်တည်ဆဲဖြစ်သော "ပါရိဝါသိက" ရဟန်း၊

၂။ မာနတ်ကျင့်ဆဲဖြစ်သော "မာနတ္တစာရိက" ရဟန်း၊

၃။ (က) ပရိဝါသ်ကျင့်သုံးစဉ် အန္တရာပတ်သင့်၍ ပရိဝါသ်အရင်း အစသို့ ငင်ထိုက်သော "ပါရိဝါသိက မူလာယပဋိကဿနာရဟ" ရဟန်း၊

(ခ) ပရိဝါသ်ကျင့်သုံးပြီး မာနတ်ပေးထိုက်စဉ် အန္တရာပတ်သင့်၍ အရင်းအစသို့ငင်ထိုက်သော "မာနတ္တာရဟ မူလာယပဋိကဿ-နာရဟ"ရဟန်း၊

(ဂ) မာနတ်ကျင့်စဉ် အန္တရာပတ်သင့်၍ အရင်းအစသို့ငင်ထိုက်သော "မာနတ္တစာရိက မူလာယပဋိကဿနာရဟ"ရဟန်း၊

(ဃ) မာနတ်ကျင့်ပြီး အဗ္ဘာန်ထိုက်နေစဉ် အန္တရာပတ်သင့်၍ အရင်း အစသို့ ငင်ထိုက်သော "အဗ္ဘာနာရဟ မူလာယပဋိကဿ-နာရဟ"ရဟန်း၊

၄။ ပရိဝါသ်ကျင့်ပြီး၍ မာနတ်ပေးထိုက်သော "မာနတ္တာရဟ"ရဟန်း၊

၅။ မာနတ်ကျင့်ပြီး၍ အဗ္ဘာန်သွင်းထိုက်သော "အဗ္ဘာနာရဟ"ရဟန်းအားဖြင့် (၅)ပါး၊ တနည်း (၈)ပါးအပြားရှိ၏။

ဤဒဏ်သားရဟန်းတို့၏ ကျင့်ဝတ်ကိုပေါင်း၍ပြဆိုမည်။ ပါရိဝါသိက ရဟန်းနှင့် မာနတ္တစာရိကရဟန်းတို့၏ ကျင့်ဝတ်၌ အာရောစန ကျင့်ဝတ်ပါသည်။ ကျန်ဒဏ်သားရဟန်းတို့၏ ကျင့်ဝတ်၌မပါ၊ ပါရိဝါသိကနှင့် မာနတ္တစာရိက ရဟန်းတို့၌ ရတ္တိစ္ဆေဒပါသည်၊ ကျန်ရဟန်းတို့၌မပါ။ ဤမျှလောက်သာထူး၍ တစ်ပေါင်းတည်း ပြလိုက်ပါသည်။

"အနုဇာနာမိ ဘိက္ခဝေ ပရိဝါသံ သမာဒိယိတုံ–ဝတ္တံ သမာဒိယာမိတိ သမာဒိန္နော ဟောတိ၊ ပရိဝါသော"။ (ဝိ၊ ၄၊ ၈၈) ပါဠိတော်နှင့် "ကမ္မဝါစာပရိယောသာနေစ တေန ဘိက္ခုနာ မာဠက သီမာစေဝ" ပရိဝါသံ သမာဒိယာမိ ဝတ္တံ သမာဒိယာမိတိ" ဝတ္တ နယေနေဝ ဝတ္တံ သမာဒါတဗ္ဗံ"။ (ဝိ၊ဋ္ဌ၊ ၄၊ ၂၂၊ ၂၃) အဋ္ဌကထာတို့အရ ပရိဝါသိက ဒဏ်သားရဟန်းအား သံဃာက ပရိဝါသဒါန ကမ္မဝါစာဖြင့် ပရိဝါသ်ပေးပြီးလျှင် "ပရိဝါသံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ"ဟု ဝတ်ဆောက်တည်ရမည်။ (နိက္ခိတ္တဝတ် မာနတ်၌ အကျယ်ပြပါမည်။)

ဘာသာအမှတ်မထား ဝတ်ကြားနိုင်

"အာရောစေတဗ္ဗံ" နှင့်အညီ ဝတ်ကြားရုံသာကြားက ပြီးစီးနိုင်သည်။ ဝတ်ကြားပုံပါဠိကို အထူးဟောမထားသောကြောင့် ပါဠိဘာသာဖြင့်သာ မဟုတ်ဘဲ အခြားဘာသာ တစ်မျိုးမျိုးဖြင့်လည်း ဝတ်ကြားနိုင်သည်။

ထို့ကြောင့် အဋ္ဌကထာ၌–

ယာယ ကာယစိဘာသာယ အာရောစေတုံ ဝဋ္ဋတိယေဝ၊[၁]–ဟု မိန့်သည်။

ဝတ်တောင်းသုံးကြိမ်

ဝတ်တောင်းပုံပါဠိကို ဘုရားရှင်ကိုယ်တော်တိုင် ပါဠိတော်၌ တိုက်ရိုက် ဟောတော်မူခြင်း, အဋ္ဌကထာ၌ "ယာယ ကာယစိ ဘာသာယ"ဟု ခွင့်ပြုချက် မရှိခြင်းကြောင့် ပါဠိဘာသာဖြင့် ဝတ်တောင်းသင့်သည်။

ကမ္မဝါစာဆရာကလည်း ဝတ်တောင်းသောပုဂ္ဂိုလ်၏ တောင်းပုံ ပါဠိစာ သွားကို နားထောင်၍ ထိုပါဠိစာသွားအားလျော်စွာ ကမ္မဝါစာ ဖတ်ရမည်ဖြစ်သော ကြောင့်လည်း ပါဠိဘာသာဖြင့် ဝတ်တောင်းရန် ပို၍လိုလာပေသည်။ ထိုသို့ ဝတ်တောင်းရာ၌–

"ဒုတိယမ္ပိ၊ တတိယမ္ပိ"[၂] ဟူ၍လည်းကောင်း၊ "ဒုတိယမ္ပိ ယာစိတဗ္ဗော၊ တတိယမ္ပိ၊ တတိယမ္ပိ ယာစိတဗ္ဗော"[၂]–

၁။ ဝိ၊ ဋ္ဌ၊ ၄။ ၁၀၈။ ၂။ ဝိ၊ ၄။ ၁၀၈၊၁၀၉။

ဟူ၍လည်းကောင်း ပါဠိတော်၌ တိုက်ရိုက်ဟောတော်မူသည့် အပြင်-

"တိက္ခတ္တုံ ယာစာပေတဗ္ဗာ"[၁]-

ဟု အဋ္ဌကထာဖွင့်သောကြောင့် သုံးကြိမ်တောင်းမှ အပ်သည်၊ သုံးကြိမ်တောင်း ရမည်။

ဝတ်တစ်ကြိမ်ကြားနိုင်

ဝတ်ကြားရာ၌ကား ကြားပုံ ပါဠိကိုလည်း ပါဠိတော်၌ တိုက်ရိုက်မဟော။ "ဒုတိယမ္ပိ, တတိယမ္ပိ"ဟူလည်းမလာ၊ အဋ္ဌကထာ၌ တိက္ခတ္တုံ အာရောစာ ပေတဗ္ဗာ"ဟူ၍လည်း မဖွင့်ဆိုသောကြောင့် အရေးကြီးသော အကြောင်းကိစ္စ ရှိလျှင် တစ်ကြိမ်တည်းလည်း ကြားနိုင်သည်။ အရေးကြီးသော ကိစ္စမရှိလျှင် သုံးကြိမ်ကြားရမည်။

ထို့ကြောင့် ဝိနယာလင်္ကာရဋီကာ၌-

ယာစနေ ဝိယ ဒုတိယမ္ပိ တတိယမ္ပိ အဝုတ္တတ္တာ အစ္စာယိက ကရဏေ သတိ ဧကဝါရံ အာရောစိတေပိ ဥပပန္နမေဝါတိ ဒဋ္ဌဗ္ဗံ"[၂] -ဟု မိန့်တော်မူသည်။

နောက်ထပ်ကြားစရာမလို

အနိက္ခိတ္တဝတ်ကျင့်သော ရဟန်းများနှင့် သက်ဆိုင်သဖြင့် သတိထားရန် မှာ ဝတ်ယူစဉ်အခါက သိမ်၌ဝတ်ကြားပြီးသော ရဟန်းများသည် ဝတ်ကြား ပြီးနောက် မိမိသီတင်းသုံးရာ ကျောင်းသို့ ပြန်ရောက်သွားသောအခါ ဒဏ် သားရဟန်းကလည်း ထိုကျောင်းတိုက်သို့ ရောက်သွားလျှင် သိမ်၌ ဝတ်ကြားပြီး သော ရဟန်းတို့အား နောက်ထပ် ဝတ်ကြားစရာမလို။ သိမ်၌ ဝတ်ကြားစဉ်က မပါသဖြင့် ဝတ်မကြားရသေးသော ရဟန်းများရှိပါက ဝတ်ကြားရမည်။ မကြားလျှင် "ရတ္တိစ္ဆေဒဝတ္တဘေဒ"ဒုက္ကဋ်အာပတ်သင့်သည်။

၁။ ဝိ၊ သင်ဟ။ ၃၃၅-၇။ ဝိ၊ ဠ၊ ၄။ ၂၈။

၂။ ဝိ၊ လင်္ကာရ၊ ၂။

မိမိနေရာကျောင်းတိုက်သို့ ရောက်လာသောရဟန်းအားလည်း ယခင်ဝတ်ကြားပြီးသော ရဟန်းများဖြစ်ပါက နောက်ထပ် ဝတ်ကြားစရာမလိုချေ။

ထို့ကြောင့် သာရတ္ထဒီပနီဋီကာ၌–

"ယထာ ဗဟိ ဒိသွာ အာရောစိတဿ ဘိက္ခုနော ဝိဟာရံ အာဂတေ ပုန အာရောစနကိစ္စံ နတ္ထိ။ ဧဝံ အညံ ဝိဟာရံ ဂတေနပိ တတ္ထ ပုဗ္ဗေ အာရောစိတဿ ပုန အာရောစနကိစ္စံနတ္ထီတိ ဝဒန္တိ"–

ဟု မိန့်တော်မူသည်။

ဝဇိရဗုဒ္ဓိဋီကာ၌လည်း–

"အညဝိဟာရဂတေနာပိ တတ္ထ ပုဗ္ဗေ အာရောစိတဿ ပုနာရောစနကိစ္စံ နတ္ထိ။ အနိက္ခိတ္တဝတ္တဿ ဗဟိ အာရောစိတဿ ယထာ ပုန ဝိဟာရေ အာရောစနကိစ္စံ နတ္ထိ။ ဧဝံ"–

ဟု မိမိဝါဒရော အာစရိယဝါဒပါတပါတည်း ပြဆိုလေသည်။

အနက်။ ။ဗဟိ၊ ကျောင်းပြင်ပ၌။ ဒိသွာ၊ မြင်၍။ အာရောစိ တဿ၊ ဝတ်ကြားအပ်ပြီးသော။ ဘိက္ခုနော၊ ရဟန်းအား။ ဝိဟာရံ၊ ပါရိဝါသိက ရဟန်းနေရာ ကျောင်းသို့၊ အာဂတေ၊ ရောက်လာခဲ့သော်။ပုန၊ နောက်ထပ် တစ်ဖန်။ အာရောစနကိစ္စံ၊ ဝတ်ကြားဖွယ်ကိစ္စသည်။ နတ္ထိယထာ၊ မရှိသကဲ့သို့။ ဧဝံ၊ ဤအတူ။ အညံ၊ တစ်ပါးသော။ ဝိဟာရံ၊ ကျောင်းသို့၊ ဂတေနပိ၊ ရောက်သွားသော ပရိဝါသ်ရဟန်းသည်လည်း။ တတ္ထတသ္မိံ ဝိဟာရေ၊ ထိုရောက်ရာကျောင်း၌။ ပုဗ္ဗေ၊ ရှေး၌။ (ရှေးတုန်းက)၊ အာရောစိတဿ၊ ဝတ်ကြားအပ်ပြီးသောရဟန်းအား။ ပုန၊ တစ်ဖန်။ အာရောစနကိစ္စံ၊ ဝတ်ကြားဖွယ်ကိစ္စသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ အာစရိယာ၊ ဆရာတို့သည်။ ဝဒန္တိ၊ မိန့်ဆိုတော်မူကုန်၏။ (ဝဇိရဗုဒ္ဓိဋီကာအနက်လည်း အလားတူပင်တည်း။)

ဤဋီကာကြီးတို့၏စကားကို ထောက်ထား၍ ယနေ့ကျောင်းတစ်ကျောင်းသို့ ရောက်သွား၍ ဝတ်ကြားပြီးသော ရဟန်းအား နက်ဖြန် ထိုကျောင်းသို့ နောက်တစ်ခေါက်ရောက်သောအခါ နောက်ထပ် ဝတ်ကြားစရာမလိုဟု မှတ်ရမည်။

ထို့အတူ မိမိဝတ်ဆောက်တည်ရာကျောင်း၌ ကျောင်းမှုရဟန်းများအား တစ်ခါဝတ်ကြားပြီးလျှင် ဝတ်မပြောင်းမချင်း တစ်ဖန်ထပ်၍ ဝတ်ကြားစရာမလို။ ဝတ်ကြားပြီးသောရဟန်းသည် ယင်းကျောင်းမှ အခြားသို့ ညအိပ်ကိစ္စဖြင့်သွား၍ ပြန်လာရာ၌လည်း နောက်ထပ်ဝတ်ကြားစရာမလိုဟုပင် မှတ်ရမည်။ အကြောင်းကား–ပုဂ္ဂိုလ်မပြောင်း ဝတ်မပြောင်းသောကြောင့်တည်း။

ဒကာ်သားချင်းဝတ်ကြား

ဝတ်ကြားရာ၌ ဒကာ်သားအချင်းချင်းလည်း တစ်ပါးသည် တစ်ပါး၏ ပကတတ်ရဟန်းအရာ၌တည်သည်။ သို့အတွက်ကြောင့် ဒကာ်သားအချင်းချင်းလည်း ဝတ်ကြားရမည်။ ယခုအခါ ဝတ်ကြားရာ၌ ဒကာ်သားရဟန်းအားလုံး တစ်ပြိုင်နက်ဆို၍ ဝတ်ကြားတတ်ကြ၏။ ပကတတ်ရဟန်းအား ဝတ်ကြားနေသည်ဟု အာရုံရောက်နိုင်ကြသော်လည်း မိမိတို့အချင်းချင်းလည်း ဝတ်ကြားနေသည်ဟု အာရုံမရောက်နိုင်ကြပေ။ သို့အတွက် ဒကာ်သားတစ်ပါးစီ ဝတ်ကြားသင့်သည်။

အရှင်နာယကဝါဒ

ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်၊ တိုက်အုပ်စာချ ဈေးကျောင်းဆရာတော် အရှင်နာယကမဟာထေရ်သည်လည်း ယင်းသို့ တစ်ပါးစီ ဝတ်ကြားခိုင်းလေ့ရှိသည်ကို အကြိမ်များစွာ တွေ့ကြုံရဖူးသည်။

ဆရာတော် အရှင်နာယက၏ဝါဒသည်–

"သစေ ဒွေ ပါရိဝါသိကာ ဂတဌာနေ အညမညံ ပဿန္တိ၊ ဥဘောဟိပိ အညမညဿ အာရောစေတဗ္ဗံ၊ အဝိသေသေန အာဂန္တုကေန အာရောစေတဗ္ဗံ၊ အာဂန္တုကဿ အာရောစေတဗ္ဗန္တိ ဝုတ္တတ္တာ"[၁]–
ဟူသော ဝဇိရဗုဒ္ဓိ ဋီကာစကားနှင့်လည်းကောင်း၊

"အာဂန္တုကေန အာရောစေတဗ္ဗံ၊ အာဂန္တုကဿအာရောစေတဗ္ဗန္တိ အဝိသေသေန ဝုတ္တတ္တာ သစေ ဒွေ ပါရိဝါသိကာ ဂတဌာနေ အညမညံ ပဿန္တိ၊ ဥဘောဟိပိ အညမညဿ အာရောစေတဗ္ဗံ"[၂]–

၁–ဝဇိရ၊ ၅၁၀။ ၂–သာရတ္ထ။

ဟူသော သာရတ္ထ ဒီပနီ ဋီကာစကားနှင့်လည်းကောင်း၊

တေ ဟိ ပါရိဝါသိကာနံ, ပါရိဝါသိကာ စ တေသံ ပက တတ္တဋ္ဌာနေဝ တိဋ္ဌန္တိ-³

ဟူသော ဝိမတိဋီကာစကားနှင့်လည်းကောင်း ညီညွတ်လှပေသည်။

အနက်။ ။ ဒွေ၊ ကုန်သော၊ ပါရိဝါသိကာ၊ ပရိဝါသ် ကျင့်သုံးသော ရဟန်းတို့သည်။ ဂတဋ္ဌာနေ၊ ရောက်ရာအရပ်၌၊ အညမညံ၊ အချင်းချင်း တစ်ပါးသည် တစ်ပါးကို။ သစေပဿန္တိ၊ အကယ်၍မြင်ကုန်အံ့။ ဓဝံ ပဿန္တေသု၊ ဤသို့မြင်လတ်ကုန်သော်။ အဝိသေသေန၊ ပကတတ်ရဟန်း ဒဏ်သားရဟန်းဟု အထူးမပြုသာမညအားဖြင့်။ "အာဂန္တုကေန အာရောစေတဗ္ဗံ အာဂန္တုကဿ အာရောစေတဗ္ဗန္တိ၊ ဟူ၍။ ဝုတ္တတ္တာ၊ ဟောတော်မူအပ်သည်၏အဖြစ်ကြောင့်၊ ဥဘောဟိပိ၊ နှစ်ပါးသောပါရိဝါသိက ရဟန်းတို့သည်လည်း၊ အညမညဿ၊ အချင်းချင်းအား။ အာရောစေတဗ္ဗံ၊ ကြားအပ်၏။ (ဝဇီရနှင့် သာရတ္ထအနက်တူ။)

ဝိမတိသာဓကအနက်။ ။ဟိသစ္စံ၊ မှန်၏။ တေ၊ ထိုမူလာယ ပဋိက-ဿနာရဟ, မာနတ္တာရဟ, မာနတ္တစာရိက, အဗ္ဘာနာရဟ ရဟန်းတို့ သည်။ ပါရိဝါသိကာနံ၊ ပရိဝါသ်ကျင့်သုံးသော ရဟန်းတို့၏။ ပါရိဝါသိကာစ၊ တို့သည်လည်း၊ တေသံ၊ ထိုမူလာယ ပဋိကဿနာရဟ-စသောရဟန်းတို့၏။ ပကတတ္တ ဋ္ဌာနေဝ၊ ပကတတ် အရာ၌သာလျှင်။ တိဋ္ဌန္တိ၊ တည်ကုန်၏။

သိမ်၌သံဃာ ဝတ်ကြားပါ

သဒ္ဓါတရားထက်သန်သဖြင့် အနိက္ခိတ္တဝတ်ကျင့်လိုသော ရဟန်းသည် သံဃာနည်း၍ ၄-ပါး ၅-ပါးသော ရဟန်းတို့ကို ပင့်ဆောင်လွယ်ကူသော တောရွာကျောင်းတစ်ကျောင်းသို့ သွားပြီးလျှင် ယင်းကျောင်း၌ သိမ်ရှိပါက ထိုသိမ်၌ သံဃာလေးပါး ငါးပါးအောက်မနည်းသော သံဃာ့ထံမှ ပရိဝါသ် တောင်းရမည်။

၁။ ၃၇၀။ ၂။ ၂၁၆။ ၃-ဝိမတိ၊

သံဃာက ကမ္မဝါစာဖြင့် ပရိဝါသ်ပေးပြီးသောအခါ သိမ်၌ စည်းဝေးသော သံဃာအား ဝတ်ကြားရမည်။ (ဆောက်တည်စရာမလို) သိမ်၌စည်းဝေးသော သံဃာအပြင် ယင်းကျောင်းတိုက်၌ သံဃာကျန်နေသေးလျှင် ထိုသံဃာအား လည်း ဝတ်ကြားရမည်။

အခြားကျောင်း သိမ်ဝတ်ယူလျှင်

အကယ်၍ အခြားကျောင်း သိမ်သို့သွား၍ ဝတ်ယူရလျှင် ယင်းကျောင်းတိုက် သိမ်၌ ကြွရောက်၍ ဝတ်ပေးသော သံဃာအား ဝတ်ကြားရမည်။ သိမ်သို့ မကြွရောက်နိုင်သော သံဃာ ထိုကျောင်းတိုက်၌ ကျန်နေသေးလျှင် ယင်းသံဃာ အားလည်း ဝတ်ကြားရမည်။

ထိုကျောင်းမှဝတ်ယူပြီး၍ မိမိကျောင်းသို့ ပြန်လာသောအခါ လမ်း၌ အခြားသံဃာတွေ့လျှင်–

"ဒွါဒသဟတ္ထံ ဥပစာရံ ဩက္ကမိတွာ အဇာနန္တဿေဝ ဂစ္ဆတိ၊ ရတ္တိစ္ဆေဒေါ ဟောတိဧဝ။ (ဝိ၊ ၃၊ ၄။ ၁၇။)"–

ဟု အဋ္ဌကထာမိန့်မှာသောကြောင့် တစ်ဆယ့်နှစ်တောင် ဥပစာအတွင်း ရောက်လာမှ ကြားရမည်။

မိမိနေရာ ကျောင်းသို့ရောက်လျှင်လည်း ယင်းကျောင်းရှိ ဝတ်မကြားရ သေးသော ရဟန်းတော်များရှိပါက ဝတ်ကြားထားရမည်။

နေရာကျောင်း

ထိုသို့ဝတ်ကြားပြီးလျှင် ယင်းကျောင်းတိုက်အတွင်း အစွန်အဖျား အနား ကျသော ကျောင်းငယ်တစ်ကျောင်းကို သံဃာကဖြစ်စေ၊ သံဃာ့ထေရ်ကဖြစ်စေ ပေးထားလိမ့်မည်။

ယင်းအစွန်အဖျား အနားကျသောကျောင်းကို သာယာစွာ လက်ခံနေထိုင် ရမည်။ အနိက္ခိတ္တဝတ်ဖြစ်သောကြောင့် မိမိနေရာကျောင်းသို့ ပကတတ်ရဟန်း လာလျှင် နေရာမှထခြင်း၊ နေရာဖြင့်ပင့်ဖိတ်ခြင်း၊ တစ်နေရာတည်း၌ အတူ မထိုင်ခြင်း၊ ပကတတ်ရဟန်းက နိမ့်သောနေရာ၌ ထိုင်လျှင် မိမိက မြင့်သော နေရာ၌ မထိုင်ခြင်း၊ ပကတတ် ရဟန်းက မြေ၌ထိုင်လျှင် မိမိက နေရာ၌

မထိုင်ခြင်း, စင်္ကြံတစ်ခုတည်း၌ အတူစင်္ကြံမလျှောက်ခြင်း, ပကတတ်ရဟန်းက နိမ့်သောစင်္ကြံ၌ လမ်းလျှောက်လျှင် မိမိက မြင့်သောစင်္ကြံ၌ စင်္ကြံမလျှောက်ခြင်း၊ ပကတတ်ရဟန်းက မြေ၌စင်္ကြံလျှောက်လျှင် မိမိက စင်္ကြံ၌ စင်္ကြံမလျှောက်ခြင်း တို့ကို လိုက်နာပြုကျင့်ရမည်။

သံဃာစွန့်မှု နှစ်သက်ရာနေ

မိမိဝါစဉ်အတိုင်းရသော ကျောင်း၌မနေသင့်။ ရဟန်းအားလုံး ရွေးချယ်ယူပြီး၍ ကြွင်းကျန်သည့် မြူထသော မြေ လင်းနို့ ကြွက်ပေါသော သစ်ရွက်မိုး ကျောင်းကို ပေးရမည်။

ပကတတ်ရဟန်းအားလုံးက ရက္ခမှုစုတင်ဆောင်, အဇ္ဈောကာသိက ဓုတင်ဆောင်ချည်းဖြစ်၍ ကျောင်းထဲမှာမနေကြလျှင် ပကတတ်ရဟန်းတို့ စွန့်လွှတ်ထားရာ ရောက်သောကြောင့် ထိုကျောင်းတို့တွင် မိမိနှစ်သက်ရာ ကျောင်း၌ နေနိုင်သည်။

(ဝါဆိုရာနေ့၌ ဝေဖန်သော (ကျောင်းမှတစ်ပါးသော) ပစ္စည်းကိုမူ သံဃာတန်းဘေးမှရပ်၍ မိမိဝါစဉ်ရောက်သောအခါ ယူနိုင်သည်။)

(ဝိ၊ ၄။ ၈၃။ ဝိ၊ ၅၊ ၄။ ၉။)

အိပ်ရာနေရာ

အိပ်စရာညောင်စောင်း အင်းပျဉ်ကိုလည်း အညံ့ဆုံးညောင်စောင်း အင်းပျဉ်ကို ဒဏ်သားရဟန်းအား ပေးရမည်။ မိမိဝါစဉ်ဖြင့် ရောက်သော အိပ်ရာကို မယူရ။ ရဟန်းအားလုံး ရွေးချယ်၍ကျန်သည့် ကြမ်းပိုးချေးပြည့်နှက် လျက် ကြိမ်နွယ်–စသည်တို့ဖြင့် ခတ်ထားသည့် ညံ့သောအိပ်ရာကို ပေးရမည်။

ဆွမ်းစားကျောင်း–စသည်တို့၌ သံဃာတွင် ဝါအငယ်ဆုံးရဟန်းနေရာ၌ နေရမည်။ ရဟန်းအငယ်ဆုံး၊ သာမဏေအကြီးဆုံးနေရာ၌ နေရမည်။

(ဝိ၊ ၄။ ၈၃။ ဝိ၊ ၅၊ ၄။၉။)

ရှိခိုးခြင်းစသည် မသာယာကောင်း

ဒဏ်သားရဟန်းသည် ပကတတ်ရဟန်းကို၏ ရှိခိုးခြင်း, ခရီးဦး ကြိုဆိုခြင်း, နေရာမှ ရှေ့ရှုထခြင်း, လက်အုပ်ချီခြင်း, ယပ်လေခပ်ခြင်း–စသော အရိုအသေ ပြုမှုနေရာကို ရှေ့ရှုဆောင်ယူသွားခြင်း, ခင်းပေးခြင်း, အိပ်ရာကို ရှေ့ရှုဆောင်ယူ သွားခြင်း, ခင်းပေးခြင်း, ခြေဆေးရေ ပေးခြင်း, မဆေးကြောရသေးသော ခြေထောက်ထားစရာ အင်းပျဉ်ချပေးခြင်း, ခြေပွတ်အိုးခြမ်း ချပေးခြင်း, ဆေးကြောပြီးသော ခြေထောက်ထားစရာ အင်းပျဉ်ချပေးခြင်း, သပိတ်သင်္ကန်း ကို လှမ်းယူခြင်း, ရေချိုးသောအခါ ချေးတွန်းပေးခြင်း အမှုကို မသာယာကောင်း၊ သာယာလျှင် ဒုက္កဋ်အာပတ် သင့်သည်။

ပကတတ် ရဟန်း ဟူရာ၌ သိတင်းငယ်ဒဏ်သား ရဟန်းမှတစ်ပါး ရဟန်းအားလုံးကို ဆိုလိုသည်။ ယုတ်စွအဆုံး မူလာယပဋိကဿနာရဟ ရဟန်း, မာနတ္တာရဟရဟန်း, မာနတ္တ စာရိက ရဟန်း, အဗ္ဘာနာရဟရဟန်းတို့ ပါ–ပါဝင်သည်။

ပကတတ် ရဟန်းဆိုလျှင် သဒ္ဓိဝိဟာရိက တပည့်တို့၏ ရှိခိုးခြင်း စသည်ကိုပင် မသာယာကောင်း၊ ပယ်မြစ်ရမည်။ မပယ်မြစ်ဘဲ သာယာလျှင် ဒုက္ကဋ်အာပတ်သင့်သည်။ ပယ်မြစ်ပါလျက် ဝတ်ပြုမြဲ ပြုနေကြလျှင် တားမြစ် ထားချိန်မှစ၍ အာပတ်မသင့်။

(ဝိ၊ ၄။ ၈၂။ ၈ ၈၊ ၉၂၊ ၉၅၊ ၁၀၀၊ ဝိ၊ ၅၊ ၄၊ ၆။)

သဒ္ဓိဝိဟာရိက တပည့် စသည်တို့သည်လည်း ဝတ်ဆောက်တည်သော ဆရာရဟန်းအား ရှိခိုးခြင်းစသည်ကို မပြုသင့်။ (ဝိမတိ၊ ၂။ ၂၁၆)

သိတင်းငယ် ပကတတ် ရဟန်းအား ဝတ်ကြားရာ၌ဖြစ်စေ, အခြား အခါ၌ဖြစ်စေ ဒဏ်သား သိတင်းကြီး ရဟန်းက ရှိခိုးဝပ်ချစရာမလိုချေ။ ဝတ်ကြားသောအခါ၌–

"ဧကံသံ ဥတ္တရာသင်္ဂံ ကရိတွာ ဥက္ကုဋိကံ နိသီဒိတွာ အဉ္ဇလိံ ပဂ္ဂယှ"–

ဟု လာသည့်အတိုင်း ကေသီ သက်န်း လက်ကတော့ရုန်းခြင်း, ဆောင့်ကြောင့်ထိုင်ခြင်း, လက်အုပ်ချီခြင်းတို့ကို ပြု၍ ဝတ်ကြားရမည်။

သိတင်းငယ် (ဒဏ်သား) ရဟန်း၏ ရှိခိုးခြင်း စသည် သာယာကောင်းပုံ

ဒဏ်သား ရဟန်းတို့သည် အချင်းချင်း သိတင်းကြီးစဉ်အလိုက် သိတင်းကြီးရဟန်းက သိတင်းငယ်ရဟန်း၏ ရှိခိုးခြင်းစသော ပြုပြီးသည့် ဝတ်များကို သာယာကောင်းသည်။

အထူးခွင့်ပြု

မြတ်စွာဘုရားသည် ဒဏ်သားရဟန်းတို့အား ငါးပါးသော အခွင့်အရေးတို့ကို ခွင့်ပေးတော်မူသည်။ သိတင်းကြီးအလိုက် ဥပုသ်ပြုခြင်းကို ခွင့်ပြုတော်မူသည်။ ပါရိသုဒ္ဓိဥပုသ်ကို ရည်မှူယ်သည်။ ပါတိမောက်ပြသောအခါ ဟတ္ထပါသ်၌ နေနိုင်သည်။

မဟာပစ္စရီ အဋ္ဌကထာ၌–

"ထေရ်စဉ်ဝါလိုက် အစဉ်အတန်း၌ မနေဘဲ ဟတ္ထပါသ်စပ်ရုံ နေရမည်"ဟု မိန့်သည်။

ပါရိသုဒ္ဓိ ဥပုသ်ပြုသောအခါ သံဃနဝက နေရာ၌နေ၍ မိမိဝါစဉ်အလိုက် ဆိုရမည့်အလှည့် ရောက်လျှင် ပါရိသုဒ္ဓိ ဥပုသ်ပြုရမည်။

ပဝါရဏာ ပြုသောအခါ၌လည်း သံဃနဝက နေရာ၌ နေလျက် မိမိဝါစဉ် ရောက်သောအခါ ပဝါရဏာ ပြုရမည်။

ခေါင်းလောင်းကျောက်စည် ထိုးခေါက်၍ ဝါဆိုသင်္ကန်း ဝေဖန်သောအခါ သံဃာတန်းဘောမှ ရပ်၍ မိမိဝါစဉ် ရောက်သောအခါ ယူနိုင်သည်။

ဝါဆိုကျောင်းကိုမူ ဝါစဉ်အလိုက် မယူနိုင်။

(ဝိ၊ ၄။ ၈၃။ ၉၆။ ဝိ၊ ၌၊ ၄၊ ၇။ ၉။)

ဩဒနောစနေအခွင့်ရ

ဩဒနောစနေဟူသည် စွန့်လွှတ်ခြင်းပင် ဖြစ်သည်။ ဒကာ်သား ရဟန်းအား နှစ်လုံး သုံးလုံးသော ဥဒ္ဒေသဘတ်–စသော ဆွမ်းလုံးတို့ကို သံဃာထံမှ ရနေ၏။ သည့်ပြင် ပုဂ္ဂလိကဆွမ်းလည်း ရစရာ ရှိနေ၏။

သို့ဖြစ်လျှင် နှစ်လုံး သုံးလုံးသော ဥဒ္ဒေသဘတ်–စသည်တို့ကို ဝါစဉ်အလိုက် ခံယူပြီး "အရှင်ဘုရား၊ တပည့်တော်အောက် ကိုယ်တော်များ ခံယူပါစေ၊ ဒီနေ့ တပည့်တော်မှာ ဆွမ်းရစရာ ရှိပါသည်။ မနက်ဖြန်ကျမှ ခံယူပါမည်ဟု လျှောက်၍ စွန့်လွှတ်ထားရမည်။

ယင်းသို့ စွန့်လွှတ်ထားလျှင် နောက်နေ့တို့၌ ခံယူနိုင်သည်။ ကုရုန္ဒီ အဋ္ဌကထာ၌–နောက်နေ့၌ သံဃာအားလုံးမှ ရှေးဦးစွာ ဒကာ်သား ရဟန်းအား ပေးရမည်"ဟု မိန့်ဆိုသည်။

ယင်းသို့ မခံယူ မစွန့်လွှတ်လျှင် နောက်နေ့၌ မရနိုင်။

ဤဩဒနောစနေမျိုးကို ဒကာ်သားရဟန်းအားသာ သီးခြားရည်ညွှန်း၍ မြတ်စွာဘုရား ခွင့်ပြုတော်မူသည်။

အကြောင်းကား ဒကာ်သားရဟန်းမှာ သံဃနဝကနေရာ၌ နေရသဖြင့် ဆွမ်းစားကျောင်း၌ ယာဂုခဲဖွယ်စသည်တို့ကို ရသည့်အခါလည်း ရှိသည်။ မရသည့်အခါလည်း ရှိသည်။

ဒကာ်သားရဟန်းအား ဆွမ်းအာဟာရဖြင့် မပင်ပန်းပါစေလင့်ဟု နှလုံးသွင်းတော်မူ၍ ချီးမြှောက်ခြင်းငှာ သီးခြားခွင့်ပြုတော်မူသည်။

စတုဿာလဘတ်

ရောက်လာတိုင်း ရောက်လာတိုင်းသော ရဟန်းတို့ ကြီးစဉ်အလိုက် ခံယူသွားသင့်သည့်ကျောင်း၌ သံဃာအား လောင်းလှူသော စတုဿာလ ဆွမ်းမျိုးကို ဒကာ်သားရဟန်းသည် ကြီးစဉ်အလိုက် ရယူနိုင်သည်။

သို့ရာတွင် သံဃာတန်းဖြင့်သွားခြင်း ရပ်ခြင်းငှာမရ၊ သို့ဖြစ်၍ သံဃာတန်း မှပဲ၍ ဟတ္ထပါသ်၌တည်လျက် လက်ကိုဆန့်တန်း၍ ခံယူရမည်။ အာရာမ်စောင့်

သာမဏေတို့ကို ဆောင်ယူခိုင်းခြင်းငှာမရ။ သူတို့အလိုအလျောက် ဆောင်ယူလျှင် အပ်သည်။

ဘုရင်မင်းမြတ်က ဆွမ်းကြီးလောင်းလှူရာ၌လည်း အတူပင်မှတ်ရမည်။

ယင်းသည့် စတုဿာလဆွမ်းကို ဩဏောဇနပြုလိုလျှင် မိမိအားလောင်းလှူရန်ဆွမ်းကို မြှောက်ချီစဉ်"ဒီကနေ့တပည့်တော်မှာ ဆွမ်းရှိနေပါသည်၊ နက်ဖြန်မှ ခံယူပါမည်ဟု လျှောက်ထားရမည်။ နောက်နေ့၌ ဆွမ်းနှစ်လုံးရသည်ဟု မဟာပစ္စရီ၌ဆိုသည်။ ဥဒ္ဒေသဘတ် စသည်တို့ကိုလည်း သံဃာတန်းမှဖဲ၍ ခံယူရမည်။

ထိုင်၍ ဘုဉ်းပေးရသောနေရာ၌ သာမဏေတို့၏ အကြီးဆုံး၊ ရဟန်းတို့၏ အငယ်ဆုံးနေရာ၌ ထိုင်ရမည်။ ဤဆွမ်းနှင့်စပ်သောစကားရပ်ကို စာအရှိသာ ရေးရသည်။ ယခု အသုံးမရှိတော့ချေ။

(ဝိ၊ ၄၊ ၈၃၊ ၉၆၊ ဝိ၊ ၌၊ ၄၇)

ဒဏ်သားကျင့်ဝတ် (၉၄)

ပဋ္ဌင်းခံမပေးရ

ဒဏ်သားရဟန်းသည် ဥပဇ္ဈာယ်ပြုလုပ်၍ ပဋ္ဌင်းခံမပေးရ၊ (ဝတ်ချ၍ ပဋ္ဌင်းခံပေးလျှင်ရသည်။) ကမ္မဝါစာ ဆရာလုပ်၍ ကမ္မဝါစာ မဖတ်ကောင်း၊ (ဖတ်မည့်သူမရှိလျှင် ဝတ်ချပြီးမှဖတ်လျှင် ဖတ်ကောင်းသည်။)

နိဿယည်း မပေးရ

အာဂန္တုရဟန်းတို့အား နိဿယည်းမပေးရ၊ ပကတိအားဖြင့် နိဿယည်း ယူထားသောရဟန်းတို့ကို "တပည့်တော် ဝိနည်းကံပြုလုပ်ပါသည်။ ဤမည်သော မထေရ်ထံ နိဿယည်းယူတော်မူကြပါ။ တပည့်တော်အား ဝတ်ကြီး ဝတ်ငယ် မပြုကြပါလင့်၊ ရွာသို့ဝင်ခြင်းကို မပန်ကြားကြပါကုန်လင့်"ဟု လျှောက်ထားရမည်။ ထိုသို့ လျှောက်ထားသော်လည်း ပြုမြဲပြုနေကြလျှင် တားမြစ်ချိန်မှစ၍ အာပတ်မသင့်။

သာမဏေအလုပ်ကျွေးမခံရ

သာမဏေကိုလည်း မလုပ်ကျွေးခိုင်းကောင်း။ နောက်ထပ်သာမဏေ အသစ်မယူသင့်။ ဥပဇ္ဈာယ်ပေး၍ ယူပြီးသော သာမဏေတို့ကိုလည်း "ငါဝိနည်းကံပြုနေတယ်၊ ဝတ်ကြီးဝတ်ငယ် မပြုကြလင့်၊ ရွာသို့ဝင်ခြင်းကို မပန်ကြားကြလင့်"ဟု ပြောကြားရမည်။

ဤသို့ပြောကြားတားမြစ်ပါလျက် ပြုလုပ်လျှင် **အာပတ်မသင့်။**

[န ဥပသမ္ပာဒေတဗ္ဗံ၊ န နိဿယော ဒါတဗ္ဗော၊

န သာမဏေရော ဥပဋ္ဌာပေတဗ္ဗော။]

(ဝိ ၄၊ ၈၃။ ဥဖ၊ ဝိ၊ ဋ္ဌ၊ ၄၊ ၈။)

ဘိက္ခုနောဝါဒကသမ္မုတိ

ဘိက္ခုနောဝါဒကသမ္မုတိနှင့် စပ်သော တားမြစ်ချက်နှစ်ရပ်လာသည်။ ယခုအခါ သာသနာတော်၌ ဘိက္ခုနီမ မရှိ၍ မရေးတော့ပြီ။

အာပတ်ထပ်မသင့်ကောင်း

အကြင်အာပတ်ကြောင့် **သံဃာက ပရိဝါသ်, မာနတ်ပေးထား၏၊** အရင်းသို့ ငင်ထား၏။ ယင်းအာပတ်မျိုး ထပ်မသင့်ကောင်း။ ဥပမာ သုက္ကဝိဿဋ္ဌိအာပတ်ကြောင့် ပရိဝါသ် မာနတ်အပေး ခံရလျှင် မူလာယ ပဋိကဿန–အပြုခံရလျှင် ယင်းသည့် သုက္ကဝိဿဋ္ဌိအာပတ်ကို ထပ်မသင့်ကောင်း။

ယင်း သံဃာဒိသေသ် အာပတ်နှင့်အလားတူ သံဃာဒိသေသ်အာပတ်လည်း မသင့်ကောင်း။ ဥပမာ သုက္ကဝိဿဋ္ဌိအာပတ်ကြောင့် ပရိဝါသ် မာနတ်အပေး ခံရလျှင်၊ မူလာယ ပဋိကဿနအပြုခံရလျှင် ကာယသံသဂ္ဂ–စသော သံဃာဒိသေသ် ဂရုကအာပတ် မသင့်ကောင်း။

ယင်းအာပတ်အောက် ယုတ်မာသော ပါရာဇိကအာပတ်မျိုးလည်း မသင့်ကောင်း။

ချဲ့ဦးအုံ၊ "အာပတ်ခုနစ်မျိုးတို့တွင် ဒုဗ္ဘာသိအာပတ်သည် ယုတ်မာ၏။ ဒုက္ကဋ်အာပတ်သည် ဒုဗ္ဘာသိအာပတ်အောက် ပို၍ယုတ်မာ၏၊ ပါဋိဒေသနီအာပတ်, ပါစိတ်, ထုလ္လစ္စည်း, သံဃာဒိသေသ်, ပါရာဇိကအာပတ်တို့သည် တစ်ဆင့်ထက်တစ်ဆင့် ပို၍ယုတ်မာကုန်၏။

(ဝိ၊ ၄၊ ၈၃၊ ၉၆။ ဝိ၊ ဋ္ဌ၊ ၄၊ ၈။)

ကံနှင့်ကံပြုသူ မကဲ့ရဲ့ရ

ဒဏ်သားရဟန်းသည် ပရိဝါသဒါနကံ-စသော မိမိအား သံဃာက ပြုအပ်သောကံကို မကဲ့ရဲ့ကောင်း။ ကံမပြုအပ်၊ ပြုသော်လည်း ပြုရာမရောက်၊ မကောင်းသဖြင့် ပြုအပ်၏။ "ဒီကံက ဘယ်လိုကံမျိုးလဲ "ကသိကမ္မံ=လယ်ထွန်မှုကံလော။ ဂေါရက္ခကမ္မံ=နွားကျောင်းမှုကံလော" စသည်ဖြင့် ကဲ့ရဲ့စကား မပြောကြားအပ်။

ပရိဝါသဒါနစသော ကံပြုသောရဟန်းတို့ကိုလည်း ဗာလ, အဗျတ္တရဟန်းတွေ စသည်ဖြင့် မကဲ့ရဲ့ကောင်း။

[ကမ္မံ န ဂရဟိတဗ္ဗံ၊ ကမ္မိကာ န ဂရဟိတဗ္ဗာ။]

(ဝိ၊ ၄။ ၈၃၊ ၉၆။ ဝိ၊ ဋ္ဌ၊ ၄။ ၈။)

ဥပုသ်ပဝါရဏာ မတားမြစ်ရ

ပကတတ်ရဟန်း၏ ဥပုသ်ကို မဟန့်တား မတားမြစ်အပ်။ ပဝါရဏာကို မဟန့်တား မတားမြစ်အပ်။ ပကတတ်ရဟန်းအား မိမိစကား၌ လိုက်နာစေနိုင်သောအမှုမျိုး မပြုကောင်း၊ အရှင်ဘုရားကို ဤအကြောင်းကြောင့် တပည့်တော်စကားလိုက်နာအောင် ပြုမလို့ပါ။

ဒီအဓိကရဏ်း မငြိမ်းအေးသေးသမျှ ဒီကျောင်းမှ ခြေတစ်လှမ်းမျှ မဖဲသွားပါနှင့် ဟူ၍လည်းကောင်း၊ "လာ၊ တပည့်တော်နှင့်အတူ ဝိနည်းဓိုရ်ရဟန်းတို့၏ ရှေ့မှောက်လိုက်ခဲ့ရမယ် ဟူ၍လည်းကောင်း နှောင့်ယှက်ရန်, ခေါ်ဖို့ရန် မပြုကောင်း၊ (ဝိ၊ ၄၊ ၈၃၊ ၈၉၊ ၉၆။ ဝိ၊ ဋ္ဌ၊ ၄။ ၉။)

အကြီးအကဲအလုပ် မလုပ်ရ

ကျောင်းတိုက်၌ သင့်လျော်အောင် ပြောဆိုရသည့်လူကြီး အလုပ်မလုပ်ရ။ ပါတိမောက်ပြသော ရဟန်း, တရားဟောဖို့ရန် တိုက်တွန်းသော ရဟန်း မပြုလုပ်ကောင်း၊ ပါတိမောက်ကိုယ်တိုင် မပြကောင်း။ သူများကိုလည်း ပြဖို့ရန် မတိုက်တွန်းကောင်း။ တရားမဟောကောင်း။ သူများကို တရားဟောဖို့ရန် မတိုက်တွန်းကောင်း။ (ဝိ၊ ၄၊ ၈၃။ ၈၉။ ဝိ၊ ၌၊ ၄။ ၉။)

မစောဒနာကောင်း

ဒဏ်သားရဟန်းသည် ပကတတ်ရဟန်းကို စောဒနာဖို့ရန် ခွင့်မတောင်းကောင်း။ ဝတ္ထုအာပတ်ဖြင့် မစောဒနာကောင်း။ အပြစ်ကိုလည်း မအောက်မေ့စေကောင်း။ ရဟန်းအချင်းချင်း ခိုက်ရန်ဖြစ်အောင် မပြုလုပ်ကောင်း။

(ဝိ၊ ၄၊ ၈၃။ ၈၉၊ ၉၆။ ဝိ၊ ၌၊ ၄။ ၉။)

ရှေ့ကမသွား မထိုင်ကောင်း

ဒဏ်သားရဟန်းသည် ပကတတ်ရဟန်း၏ရှေ့မှ သံဃာ့ထေရ်ပြုလုပ်၍ မသွားကောင်း၊ တစ်ဆယ့်နှစ်တောင် ဥပစာကိုလွတ်၍ တစ်ပါးတည်းသွားကောင်းသည်။ ထိုင်နေရာ၌လည်း အတူပင်မှတ်ရမည်။ သံဃာ့ထေရ်ပြုလုပ်၍ ရှေ့မှ မထိုင်ကောင်း။ တစ်ဆယ့်နှစ်တောင်ဥပစာကို လွတ်၍ထိုင်မှ ထိုင်ကောင်း၏။

(နေရာအိပ်ရာ, ကျောင်းများကို နောက်ကပြခဲ့ပြီ၊ စာမျက်နှာ-၄၈၊ ၄၉။ ပြန်ကြည့်။)

ရှေ့သွားနောက်လိုက် မပြုသင့်

ဆွေမျိုးတော်သူပင် ဖိတ်သူတို့ရှိရာအရပ်၌ ဤမျှလောက်သော ရဟန်းတို့ကို ပင့်၍ ကြွလာတော်မူပါဟု ပင့်လျှောက်ခံရသော ဒဏ်သားရဟန်းသည် "အရှင်ဘုရားတို့၊ ဤမည်သောအမျိုးသည် ရဟန်းတို့ကို ပင့်ဖိတ်ပါ၏။ ကြွတော်မူကြပါကုန်။ ထိုအမျိုးအိမ်သို့ ကြွကြပါကုန်အံ့"ဟု တိုင်ပင်ပြီးလျှင် ပကတတ်ရဟန်းတို့ကို ရှေ့သွားရဟန်းလည်း ပြု၍မသွားကောင်း။ နောက်လိုက်ရဟန်းလည်း ပြု၍မသွားကောင်း။

ဤနေရာ၌ ပရိယာယ်အရေးကြီးသည်။ ဝိနည်း၌ ပရိယာယ်တတ်၍ အာပတ်လွတ်သောနေရာလည်း များစွာရှိသည်။ "အရှင်ဘုရားတို့၊ ဤမည်သော ရွာ၌ လူတို့သည် ရဟန်းတို့၏ ကြွလာခြင်းကို လိုလားတောင့်တကြပါကုန်၏။ ထိုလူတို့အား ချီးမြှောက်ထောက်ပံ့မှု ပြုတော်မူကြလျှင် ကောင်းလေစွ"ဟု ပရိယာယ်အားဖြင့် လျှောက်ထားလျှင် အပ်၏။

(ဝိ။ ၄၊ ၄။ ၁၀။)

ခုတင်မဆောက်တည်ကောင်း

ဒဏ်သားရဟန်းသည် အာရညိကင်ခုတင်, ပိဏ္ဍပါတ်ခုတင် မဆောက်တည်ကောင်း။ ရောက်လာတိုင်း ရောက်လာတိုင်းသော ရဟန်းတို့အား ဝတ်ကြားခြင်းငှာ ရှက်သဖြင့် အာရညိကခုတင် မဆောက်တည်ကောင်း။ ပကတိအားဖြင့် အာရညိကခုတင် ဆောက်တည်ထားသော ရဟန်းဖြစ်လျှင် အဖော်ရဟန်းတစ်ပါးကို ပင့်ခေါ်၍ တော၌ အရဏ်တက်စေ ရမည်။ တစ်ပါးတည်း မနေရ။

ဆွမ်းစားကျောင်းစသည်တို့၌ နေရာအစွန်အဖျား အညံ့စားနေရာ၌ နေရသဖြင့် ရှက်ခြင်းကြောင့် ပိဏ္ဍပါတ်ခုတင် မဆောက်တည်ကောင်း။ ပကတိအားဖြင့် ပိဏ္ဍပါတ်ခုတင် ဆောက်တည်ထားသူဖြစ်လျှင် တားမြစ်စရာမလိုချေ။

(ဝိ၊ ၄။ ၄။ ၁၀)

ဆွမ်းအဆောင် မခိုင်းရ

"ဆွမ်းခံသွားလျှင် ပကတတ်ရဟန်း တွေ့လိမ့်မယ်။ တွေ့ပါလျက် ဝတ်မကြားလျှင် ရတ္တိစ္ဆေဒ ဖြစ်လိမ့်မယ်၊ ဆွမ်းအယူခိုင်းပြီး ကျောင်း၌ ဘုဉ်းပေးကာ ညဥ့်တို့ကို ရေတွက်ရမယ်" ဤသို့သော နှလုံးသွင်းအကြောင်း အရင်းကြောင့် ကျောင်းသားသာမဏေ, ကပ္ပိယတို့ကို ဆွမ်းအယူမခိုင်းကောင်း။

ကျောင်း၌ ဆွမ်းချက်မစားရ

ငါ့ကို ရဟန်းတစ်ပါးမျှသော်မှ မသိပါစေလင့် ဟူသော အလိုနှလုံးသွင်း ဖြင့် ကျောင်း၌သာမဏေတို့ကို ဆွမ်းအချက်ခိုင်း၍ ဘုဉ်းပေးခြင်းငှာလည်း မရ။ ရွာသို့ဆွမ်းခံဝင်ရမည်သာလျှင်တည်း။ အကယ်၍ မကျန်းမာခြင်း,

အမှုသစ်ပြုခြင်း, ဆရာဥပဇ္ဈာယ်တို့၏ ဝေယျာဝစ္စ ဆောင်ရွက်ရခြင်းများ ရှိနေခဲ့သော် ကျောင်း၌နေနိုင်သည်။

ဆွမ်းခံရွာ၌ များလှစွာသော ရဟန်းတို့လှည့်လည်နေ၍ ဝတ်ကြားခြင်းငှာ မစွမ်းနိုင်လျှင် ရွာငယ်ကျောင်းသို့သွား၍ သဘောတူသော ရဟန်းတို့နေထိုင်ရာအရပ်၌ နေသင့်သည်။ (ဝိ၊ ၄၊ ၄၊ ၁၀)

အာဝါသိကအား ဝတ်ကြား

တစ်စုံတစ်ခုသောကျောင်းသို့ ရောက်သွားသော အာဂန္တုကပရိဝါသ် မာနတ်ကျင့်ဆဲ ဒဏ်သားရဟန်းသည် ထိုကျောင်းရှိ အာဝါသိကရဟန်းတို့အား ဝတ်ကြားရမည်။ အာဝါသိကရဟန်းအားလုံး တစ်နေရာတည်း၌ တည်ရှိနေတာ တွေ့မြင်လျှင် တစ်နေရာတည်း၌ တည်လျက် ဝတ်ကြားရမည်။

ရက္ခမူ စသည်တို့၌ အသီးသီးတည်ရှိနေကြလျှင် ထိုသို့တည်ရှိရာအရပ်သို့ သွား၍ ဝတ်ကြားရမည်။ မကြားလိုသောစေတနာဖြင့် တမင်သက်သက် မကြားဘဲနေလျှင် ရတ္တိစ္ဆေဒလည်းဖြစ်၏။ ဝတ္တဘေဒဒုက္ကဋ်လည်း သင့်၏။ ရှာစမ်းရှာဖွေပါလျက် ရဟန်းအချို့ကို မတွေ့မြင်၍ မကြားရလျှင် ရတ္တိစ္ဆေဒ သာလျှင် ဖြစ်၏။ ဝတ္တဘေဒဒုက္ကဋ်မသင့်။

(အာဂန္တုကေန အာရောစေတဗ္ဗံ)

(ဝိ၊ ၄၊ ၄၊ ၈၃။ ၉၆။ ဝိ၊ ၄၊ ၄၊ ၁၀)

အာဂန္တုအား ဝတ်ကြားပါ

ဒဏ်သား အာဝါသိကရဟန်းသည်–

"အာဂန္တုကဿ အာရောစေတဗ္ဗံ (ဝိ၊ ၄–၈၃၊ ၉၆)"ဟု စူဠဝါပါဠိတော်၌ မြတ်စွာဘုရား ဟောကြားတော်မူသည့်အတိုင်း အာဂန္တုအား ဝတ်ကြားရမည်။ အာဂန္တုဟူသည် ဒဏ်သားရဟန်းရှိရာ နေထိုင်ရာကျောင်းတိုက် (ကျောင်းဝိုင်း) အတွင်းသို့ ရောက်လာသော ရဟန်းဖြစ်သည်။

ဒဏ်သားရဟန်းသည်–

၁။ ကျောင်းဝိုင်းအတွင်းနေသော ဒဏ်သားရဟန်း၊

၂။ အကြောင်းကိစ္စရှိ၍ ကျောင်းဝိုင်းအပြင်ဘက် ထွက်သော ဒဏ်သား ရဟန်းဟု နှစ်မျိုးရှိသည်။

၁။ ထိုတွင် ကျောင်းဝိုင်းအတွင်း နေသော ဒဏ်သားရဟန်းသည် မိမိ နေရာကျောင်းဝိုင်းအတွင်း ရောက်လာသော အာဂန္တု ရဟန်းအား ဝတ်ကြားရမည်။ ဒဏ်သားရဟန်းနေရာ ကျောင်းဝိုင်း အပြင်ဘက်၌ သွားလာနေသော ရဟန်းနှင့် ဒဏ်သားရဟန်းနေရာ ကျောင်းဝိုင်းမှ တစ်ပါး အခြားကျောင်းတိုက်၌ နေထိုင်သော ရဟန်းအား ဝတ်ကြားစရာမလိုချေ။ အကြောင်းကား ယင်းရဟန်းများသည် ဒဏ်သားရဟန်းရှိရာ ကျောင်းဝိုင်းအတွင်းသို့ မလာမရောက်၍ ဒဏ်သားရဟန်း၏ အာဂန္တုမဟုတ်သောကြောင့် ဖြစ်ပေသည်။

အာဝါသိကဒဏ်သားရဟန်း ဝတ်ကြားရာ ဥပစာရသိမ်အတွင်း

ဤနေရာ၌ အာဝါသိကဒဏ်သား ရဟန်းဝတ်ကြားရမည့် ခေတ်အပိုင်းအခြားကို ရှေးဦးစွာပြဆိုပေမည်။ အာဝါသိကဒဏ်သား ရဟန်းဝတ်ကြားရမည့် ခေတ်မှာ ဒဏ်သားရဟန်းနေရာ "ဥပစာရသိမ်အတွင်း"ပင် ဖြစ်သည်။

မှန်ပေသည်။ အာဝါသိကဒဏ်သား ရဟန်းဝတ်ကြားရမည့်ခေတ်နှင့်စပ်လျဉ်း၍–

> "ပရိဝါသမာနတ္တာရောစနံ ဝသမ္ဘေဒနိဿယ သေနာသနဂ္ဂါဟာဒိ ဝိဒါဝိစာနန္တိ ဣဒမ္ပိ သဗ္ဗံ ဣမိဿာဝ သီမာယ ဝသေန ဝေဒိတဗ္ဗံ"[၁]

ဟု ကင်္ခါအဋ္ဌကထာနှင့် သာရတ္ထဋီကာတို့၌ မိန့်ဆိုသည်။

ပရိဝါသ်ကြားခြင်း၊ မာနတ်ကြားခြင်း၊ ဝါပြတ်ခြင်း၊ နိဿယည်းငြိမ်းခြင်း ကျောင်းခံယူခြင်း–စသော အစီအရင်အားလုံးကို ဤဥပစာရသိမ်၏ အစွမ်းအားဖြင့်ပင် မှတ်ယူရမည်ဟု ဆိုလိုသည်။

၁။ ကင်္ခါ၊ ၁၅၉ (သာရတ္ထ၊ ၃။ ၃၄၄)

ပြဆိုခဲ့သည့် ကင်္ခါအဋ္ဌကထာ၊ သာရတ္ထဋီကာစကား၌ "ဥပစာရ သီမာယ" အရ ဥပစာရသိမ်ကို ယူရမည်။ အဘယ့်ကြောင့် ဆိုသော် ယင်းစကား၏ ရှေ့၌ကပ်လျက်–

"ဥပစာရသီမာ နာမ ပရိက္ခိတ္တဿ ပရိက္ခေပေန, အပရိက္ခိတ္တဿ ပရိက္ခေပါရဟဋ္ဌာနေန ပရိစ္ဆိန္နာ (ဟောတိ)။ အပိစ ဘိက္ခူနံ ဓုဝသန္နိပါတ ဋ္ဌာနတော ဝါ, ပရိယန္တေ ဌိတဘောဇနေ သာလတော ဝါ, နိဗဒ္ဓဝသနက–အာဝါသတော ဝါ, ထာမ မၛ္ဈိမဿ ပုရိသဿ ဒွိန္နံ လေဍ္ဍုပါတာနံ အန္တော ဥပစာရ သီမာတိ ဝေဒိတဗ္ဗာ"[၂]–

ဟု ကင်္ခါအဋ္ဌကထာ–(ဝိနည်းမဟာဝါ အဋ္ဌကထာ) တို့၌ မိန့်ဆိုထားသောကြောင့် ဖြစ်ပေသည်။

အဓိပ္ပာယ်မှာ–ဥပစာရသိမ်မည်သည် အကာအရံရှိသော ကျောင်းတိုက်၌ အကာအရံဖြင့် ပိုင်းခြားအပ်သော အရပ်ဖြစ်သည်။ အကာအရံမရှိသော ကျောင်းတိုက်၌ အကာအရံ ပြုလုပ်ထိုက်သော (ခဲတကျအတွင်း[၃]) အရပ်ဖြင့် ပိုင်းခြားအပ်သော အရပ်ဖြစ်သည်။

တစ်နည်းအားဖြင့် ရဟန်းတွေ အမြဲစည်းဝေးရာ အရပ်မှဖြစ်စေ၊ အစွန်အဖျား၌ တည်သော ဆွမ်းစားကျောင်းမှဖြစ်စေ၊ အမြဲနေရာကျောင်းမှဖြစ်စေ၊ ထာမ မၛ္ဈိမ ယောကျ်ား၏ ခဲနှစ်ကျအတွင်း အရပ်ကို ဥပစာရသိမ်ဟု သိမှတ်သင့်ပေ သည်ဟူ၍ ဖြစ်သည်။

ဤပါဠိတော်, အဋ္ဌကထာ, ဋီကာတို့ကို ထောက်ဆသောအားဖြင့် ဒဏ်သားရဟန်းသည်–

(၁) မိမိနေရာ ကျောင်းတိုက်က အကာအရံရှိလျှင် ယင်း အကာအရံ အတွင်း ရောက်လာသော အာဂန္တုအား ဝတ်ကြားရမည်။

(၂) မိမိနေရာ ကျောင်းတိုက်က အကာအရံမရှိလျှင် အကာအရံထိုက်ရာ (အမြဲ စည်းဝေးရာအရပ်၊ အစွန်အဖျား ဆွမ်းစားကျောင်း၊ အမြဲနေရာ ကျောင်းတစ်ခုခု ခဲတစ်ခုခု ခဲတစ်ကျအတွင်း) အရပ်သို့ ရောက်လာ သော အာဂန္တုက ရဟန်းအား ဝတ်ကြားရမည်။

၂–ကင်္ခါ။ ၁၅၉။ ဝိ၊ ၄၊ ၃၊ ၄၁၇။ ၃။ ကင်္ခါ၊ ဋီသစ်၊ ၂၉၃။

ထိုအပိုင်းအခြား ဥပစာရသိမ် အပြင်ဘက်၌ တည်ရှိသွားလာ နေထိုင်သော ရဟန်းအား ဝတ်ကြားစရာမလိုဟု ဆိုလိုသည်။

ကျောင်းဝိုင်း အပြင်မှာ
ဝတ်ကြားရာ

၁။ အနိက္ခိတ္တ ဝတ်ကျင့်သော ရဟန်းသည် အခါခပ်သိမ်း ကျောင်းဝိုင်း အတွင်း၌ချည်း နေမည်မဟုတ်၊ အကြောင်းကိစ္စအား လျော်စွာ ကျောင်းဝိုင်း အပြင်ဘက် ထွက်သည့်အခါလည်း ထွက်လိမ့်မည်။ ယင်းသို့ ကျောင်းဝိုင်းအပြင် ဘက် ထွက်သောအခါလမ်းခရီး၌ ရဟန်းတွေ့လျှင်–

"အထ ဒွါဒသဟတ္ထံ ဥပစာရံ ဩက္ကမိတွာ အဇာနန္တဿေဝ ဂစ္ဆတိ၊ ရတ္တိစ္ဆေဒေါစေဝ ဟောတိ၊ ဝတ္တဘေဒေါပန နတ္ထိ"–

ဟု စူဠဝါ အဋ္ဌကထာ၌ လာသောကြောင့် ၁၂-တောင်အတွင်းသို့ ရောက်လာသော ရဟန်းအား ဝတ်ကြားရမည်။ ၁၂–တောင် အပြင်ဘက်၌ "ရပ်ပါဦး၊ နေပါ ဦး" စသည်ဖြင့် လှမ်းခေါ်၍ ကြားနိုင်လောက်ရာ "တစ်ခေါ်လောက်" ဝေး ကွာသော အရပ်၌ သွားလာတည်ရှိသော ရဟန်းကို အဆင်းမြင်၍ဖြစ်စေ၊ အသံကြား၍ဖြစ်စေ ရဟန်းဟု သိလျှင် အရပ်ခိုင်း၍ သော်လည်းကောင်း မ်အောင်လိုက်၍ သော်လည်းကောင်း ဝတ်ကြားရမည်။ ရဟန်းဟု ကေန်အတိ အကျ မသိရလျှင် ဝတ်ကြားရန် မလို။

တစ်ခေါ်ထက် ဝေးကွာသော အရပ်၌ တည်ရှိသွားလာနေသော ရဟန်း၏ အသံကို မကြားနိုင်သည့်အတွက် ယင်းရဟန်းအား ဝတ်ကြားစရာ မလိုချေ။ တစ်ခေါ်ထက် ဝေးကွာသောအရပ်၌ သွားလာတည်ရှိနေသော ရဟန်း၏ အဆင်းကို မြင်ပင်မြင်နိုင်သော်လည်း ဒီလောက်ဝေးကွာသော အရပ်၌ တည်ရှိသော ရဟန်းကို ရဟန်းဟုတ် မဟုတ် အတိအကျ မပိုင်ခြား မဆုံး ဖြတ်နိုင်သောကြောင့် ယင်း ရဟန်းအား ဝတ်ကြားစရာ မလိုချေ။

ပါဠိတော်လာ ရှင်းပြချက်

ဝတ်ကြားမှုနှင့် ပတ်သက်၍ ပရိဝါသ်၌-

"အာဂန္တုကေန အာရောစေတဗ္ဗံ

အာဂန္တုကဿ အာရောစေတဗ္ဗံ၊

ဥပေါသထေ အာရောစေတဗ္ဗံ၊

ပဝါရဏာယ အာရောစေတဗ္ဗံ၊

သစေ ဂိလာနော ဟောတိ၊ ဒူတေနပိ အာရောစေတဗ္ဗံ"-

ဟု အာရောစနကျင့်ဝတ် (၅)ချက် ပညတ်တော်မူပါသည်။

မာနတ်၌-

"ဒေဝသိကံ အာရောစေတဗ္ဗံ"-

ဟူသောကျင့်ဝတ် (၁)ချက် ပြည့်စွက်၍ အာရောစနကျင့်ဝတ် (၆)ချက် ပညတ်တော်မူပါသည်။

သဟဝါသ, ဝိပ္ပဝါသနှင့် စပ်၍ ကျင့်ဝတ်ပေါင်း (၈၀)ကျော် ပညတ်တော်မူပါသည်။

အာရောစန အတွက် လိုအပ်လျှင် ထိုထက်ပို၍လည်း ပညတ်တော်မူမည် ဖြစ်ပါသည်။ ပညတ်တော်မူပြီးသော အာရောစန ကျင့်ဝတ် (၅/၆) ချက်တွင်းလည်း ပရိဝါသ်၌-

"အာဂန္တုကေန အာရောစေတဗ္ဗံ၊

အာဂန္တုကဿ အာရောစေတဗ္ဗံ၊"

ဟု လိုရင်းပဓာနကေန်မုချ ပြုကျင့်ရမည့် ကျင့်ဝတ် (၂)ချက်ပါရှိသည်။

မာနတ်၌-

"အာဂန္တုကေန အာရောစေတဗ္ဗံ၊

အာဂန္တုကဿ အာရောစေတဗ္ဗံ၊

ဒေဝသိကံ အာရောစေတဗ္ဗံ"-

ဟု လိုရင်းပဓာန ကေန်မုချ ပြုကျင့်ရမည့် ကျင့်ဝတ် (၃)ချက်ပါရှိသည်၊

ဒဏ်သားရဟန်းသည်–

"သူများကျောင်းတိုက်သို့ ရောက်သွားလျှင် ထိုကျောင်းတိုက်အတွင်းရှိ အာဂါ ဒဏ်သားရဟန်းအား ဝတ်ကြားရမည်။

ဒဏ်သားရဟန်းနေရာ ကျောင်းတိုက်သို့ အခြားကျောင်းမှ ရဟန်းရောက်လာလျှင် ယင်းအာဂန္တုအား ဝတ်ကြားရမည်။

မာနတ် ကျင့်ဆဲ ဒဏ်သားဖြစ်လျှင် မိမိနေရာကျောင်းတိုက်အတွင်းရှိ သံဃာအား နေ့တိုင်းဝတ်ကြားရမည်။

ဤသို့ အဓိပ္ပာယ်သက်ရောက်ပေသည်။

"ဥပေါသထေ အာရောစေတဗ္ဗံ၊

ပဝါရဏာယ အာရောစေတဗ္ဗံ၊

သစေ ဂိလာနော ဟောတိ၊ ဒူတေနပိ အာရောစေတဗ္ဗံ–

ဟူသော အပဓာန အနေကန်ပြုကျင့်ရမည့် ကျင့်ဝတ် (၃)ချက်စီ လာရှိသည်။

"ဝတ်စောင့်သောရက်များတွင် တစ်ရက်ရက်သည် ဥပုသ်နေ့နှင့် ကြုံလျှင်ဖြစ်စေ၊ ပဝါရဏာနေ့နှင့် ကြုံလျှင်ဖြစ်စေ ဝတ်ကြားရမည်။ ပကတတ်ရဟန်းထံသွားရောက်၍ ဝတ်မကြားနိုင်လောက်အောင် မကျန်းမာလျှင် တမန်ဖြင့်လည်း ဝတ်ကြားနိုင်သည်။

ဤမျှလောက်သာ ပညတ်တော်မူသည်။

ဒဏ်သားရဟန်းနေရာ ကျောင်းဝိုင်းအပြင်ဘက်၌ သွားလာနေသော ရဟန်းခေါ်၍ အော်၍မကြားနိုင်လောက်သော အရပ်၌ ရှိနေသော ရဟန်းအား ဝတ်ကြားရမည်ဟူ၍ ပညတ်တော်မမူချေ။ ထို့ကြောင့် ယင်းရဟန်းများအား ဝတ်ကြားရမည်ဟူ၍ သံသယရှိစရာမလိုချေ။

အာဂန္တုကဝတ်လာ

အာဂန္တုနှင့် နှိုင်းယှဉ်ပြခြင်း

ဤ၍ရှင့ဝါ ဝတ္တက္ခန္ဓကဌ်-အာဂန္တုကဝတ်၊ အာဝါသိကဝတ်တို့ကို အစဗွာ ပညတ်တော်မူသည်။

အာဂန္တုကဝတ်ကို-

အာဂန္တုကေန ဘိက္ခုဝေ ဘိက္ခုနာ ဣဒါနိ အာရာမံ ပဝိသိဿာမိ"တိ ဥပါဟနာ ဩမုဉ္စိတွာ နီစံ ကတွာ ပပ္ဖေါဋေတွာ ဂဟေတွာ ဆတ္တံ အပနာမေတွာ သီသံ ဝိဝရိတွာ သီသေ စီဝရံ ခန္ဓေ ကတွာ သာဓုကံ အတရမာနေန အာရာမော ပဝိသိတဗ္ဗော"[၁]-

ဟု ပညတ်တော်မူသည်။

အာဂန္တုရဟန်းသည် အာရာမ်သို့ဝင်တော့မည်ဟု ကြံစည်ရာအရပ် (ဥပစာရသိမ်) အနီးသို့ ရောက်သောအခါ ဖိနပ်ချွတ်ရမည်။ ရိုသေနှိမ့်ချသော အမူအရာ ပြုရမည်။ ဖိနပ်ကို ခါရမည်။ ခါပြီးဖိနပ်ကို လက်ဖြင့် ကိုင်ရမည်။ ထီးရုပ် ရမည်။ သင်္ကန်းခေါင်းမြီးခြုံထားလျှင် မဖော်ရ၊ ဖွင့်ရမည်။ ခေါင်းတင်သင်္ကန်းကို ပခုံးပေါ်ထားရမည်။ မဆောမလျင် (ဖြည်းဖြည်း နေးနေး) အာရာမ်သို့ ဝင်ရမည်-စသည်ဖြင့် ပညတ်တော်မူသည်။

ဤ၌ ဣဒါနိ အာရာမံ ပဝိသိဿာမိဖြင့် အာဂန္တုရဟန်း သွားရောက်မည့် ကျောင်းတိုက်၏ အနီးအပါးအရပ် "ဥပစာရသိမ်" သို့ အာဂန္တုရဟန်း ရောက်နေသည်ကို ပြသည်။

သို့ဖြစ်၍ အာဂန္တုရဟန်းသည် အာဝါသိကရဟန်းနေရာ ကျောင်းတိုက် ဥပစာရသိမ်ကိုရောက်လျှင် ဖိနပ်ချွတ်ခြင်း-စသော အာဂန္တုက ဝတ်ကို စတင်ပြုရမည်။

ထို့နောက်-"ယတ္ထ အာဝါသိကာ ဘိက္ခူ ပဋိက္ကမန္တိ ဥပဋ္ဌာန သာလာယ ဝါ မဏ္ဍပေ ဝါ ရုက္ခမူလေ ဝါ။ တတ္ထ ဂန္တွာ ဧကေ မန္တံ ပတ္တော နိက္ခိပိတဗ္ဗော"[၁]

၁။ ဝိ၊ ၄၊ ၃၇၄။

စသည်ဖြင့် အာရာမ်သို့ ဝင်ရောက်ပြီးနောက် ပြုလုပ်ရမည့် ကျင့်ဝတ်များကို ပြတော်မူသည်။

အာဂန္တုရဟန်းသည် အာရာမ်သို့ ဝင်ရောက်ပြီးနောက် အာဝါသိကရဟန်းတို့ စည်းဝေးနေရာ ဥပဋ္ဌာနဇရပ်, မဏ္ဍပ်၊ သစ်ပင်အောက် အရပ်တို့သို့ သွားရမည်ဖြစ်ကြောင်း ဟောတော်မူသည်။

၃။ ပြပြီးသည့်အတိုင်း အာဂန္တုရဟန်းက မိမိ (တို့)ထံမှောက် ရှေ့ရှု လာရောက်သောအခါမှ အာဝါသိကရဟန်းတို့က "နေရာခင်းခြင်း, ခြေဆေးရေပေးခြင်း, ခြေဆေး အင်းပျဉ်ချပေးခြင်း, ခြေဆေးအိုးခြမ်း, ခြေပွတ်အိုးခြမ်း ချပေးခြင်း, ခရီးဦးကြိုဆိုပြီး သပိတ်သင်္ကန်း လှမ်းယူခြင်း" စသော အာဝါသိကဝတ်ကို ပြုကြရာသည်။

အာဂန္တုရဟန်း မိမိအာရာမ်မရောက်လာခင်က ကြိုတင်၍ ခြေဆေးရေ, ခြေဆေးအင်းပျဉ်–စသည်ကိုယူ၍ အာရာမ်တံခါးပေါက်မှ အသင့်စောင့်နေရသည် မဟုတ်။ အာရာမ်အပြင်ဘက်ထွက်၍ ကြိုနေရသည်လည်း မဟုတ်။ အာရာမ်အပြင်ဘက်မှ သူ့လမ်းသူသွားနေသော ရဟန်းအား ခြေဆေးရေပေးခြင်းစသည်ကို လိုက်ပြုနေရသည်လည်း မဟုတ်ချေ။

ထိုအကြောင်းသည်–

> "အာဝါသိကေန ဘိက္ခဝေ ဘိက္ခုနာ အာဂန္တုကံ ဘိက္ခုံ ဝုပုတရံ ဒိသွာ အာသနံ ပညပေတဗ္ဗံ၊ ပါဒေါဒကံ ပါဒပီဌံ ပါဒကထလိကံ ဥပနိက္ခိပိတဗ္ဗံ၊ ပစ္စုဂ္ဂန္တွာ ပတ္တစီဝရံ ပဋိဂ္ဂဟေတဗ္ဗံ[၁]"

စသည်ဖြင့်လည်းကောင်း၊

> အာသနံ ပညပေတဗ္ဗန္တိ ဧဝမာဒိ သဗ္ဗံ ဝုပုတရေ အာဂတေ စီဝရကမ္မံ ဝါ နဝကမ္မံ ဝါ ဌပေတွာပိ ကာတဗ္ဗံ[၂]။

စသည်ဖြင့်လည်းကောင်း ပါဠိတော်အဋ္ဌကထာတို့၌ လာရှိသည်။

၁။ ဝိ၊ ၄။ ၃၇၇။

၂။ ဝိ၊ ဋ္ဌ၊ ၄။ ၁၄၇။

ဤ၀တ္တက္ခန္ဓကဌ်-

"ယတ္ထအာဝါသိကာ ဘိက္ခူ ပဋိက္ကမန္တိ-တတ္ထ ဂန္တ္ဝာ"ဟူသော ပါဠိတော်, ဝုပုတရေ အာဂတေ" ဟူသော အဋ္ဌကထာတို့နှင့်အညီ-

အာဂန္တုရဟန်းသည် အာဝါသိက ရဟန်းနေရာကျောင်းသို့ ရောက်လာသည် ပည်းဖြစ်စေ-

"အာဂန္တုကံ ဘိက္ခုံ ဝုပုတရံ ဒိသွာ"ဟူသော ပါဠိတော်နှင့်အညီ သင်းသို့ အာဝါသိက ရဟန်းရှိရာကျောင်းသို့ ရောက်လာသော အာဂန္တုရဟန်း ကို အာဝါသိကရဟန်းက မြင်သည်လည်းဖြစ်စေ-

ဤအင်္ဂါတို့နှင့်ပြည့်စုံမှသာ အာဝါသိကရဟန်းသည် အာဂန္တုရဟန်းအား ခြေဆေးရေပေးခြင်း-စသော အာဝါသိက ဝတ်ပြုရမည်။

အာဝါသိကရဟန်းနေရာကျောင်းသို့ အာဂန္တုရဟန်းက ရောက်လာသော် လည်း အာဝါသိကရဟန်းက မမြင်သေးလျှင် (မသိသေးလျှင်) အာဂန္တုရဟန်း အား အာဝါသိကရဟန်းက ခြေဆေးရေးပေးခြင်း-စသည် ပြုစရာမလိုသေး၊ မပြုသော်လည်း အပြစ်မရှိ။

အာဝါသိက ရဟန်းနေရာကျောင်း အာရာမ်အပြင်ဘက်၌ သူ့လမ်း သူ သွားနေသော အာဂန္တုရဟန်းကို အာဝါသိကရဟန်းက မြင်ပင်မြင်သော်လည်း မိမိကျောင်းသို့ မလာမရောက်သောကြောင့် ရေအိုးထမ်းလျက် ကျောင်းအပြင် ဘက်ထွက်လိုက်ပြီး ခြေဆေးရေပေးခြင်း စသည် ပြုစရာမလိုချေ။

ထို့အတူ ဤပရိဝါသိကက္ခန္ဓက၌လာ သော "အာဂန္တုကဿ အာရောစေ တဗ္ဗံ" ဟူသော ဝတ်၌ အာဂန္တုကဿအရကို ပါရိဝါသိက, မာနတ္တစာရိက အာဝါ သိက ရဟန်းရှိရာကျောင်းသို့ ရောက်လာသော အာဂန္တုက ရဟန်းကိုသာ ဘုရားရှင် ယူစေလိုကြောင်း၊ ယင်းအာဂန္တုရဟန်းအားသာ ဝတ်ကြားရမည် ဖြစ်ကြောင်း သိနိုင်ပေသည်။

အာဂန္တုကဘတ်လာ
အာဂန္တုကနှင့် မနှိုင်းယှဉ်သင့်

ကျောင်းအမကြီး ဝိသာခါလျှောက်ထား တောင်းပန်သောကြောင့် အာဂန္တုရဟန်းတို့အား လှူဒါန်းအပ်သော "အာဂန္တုက" ဘတ်ကို ဘုရားရှင် ခွင့်ပြုတော်မူသည်။ (ဝိ၊ ၃၊ ၄၀၆--၈။)

ယင်း အာဂန္တုကဘတ်သည် ကျောင်းတိုက်ထဲမှနေ၍ လှူဒါန်းသော အာဂန္တုကဘတ်လည်း ရှိသည်။ ကျောင်းတိုက်အပြင်ပ"အာသန" ဇရပ်စသည် မှနေ၍ လှူဒါန်းသော "အာဂန္တုကဘက်လည်း ရှိသည်။ သို့ဖြစ်၍ အာဂန္တုကဘတ်၌လာသော အာဂန္တုသည် ကျောင်းတိုက်ထဲရောက်မှသာလျှင် အာဂန္တုအမည် ရသည်မဟုတ်ဘဲ ကျောင်းတိုက်အပြင်ဘက်၌ နေသောအခါမှာလည်း အာဂန္တုအမည်ရသည်။ အာဂန္တုကဘတ်ကို ခံယူနိုင်သည်။

ဤအာဂန္တုကဘတ်သည် အာဝါသိကရဟန်းက ပြုရမည့်ကျင့်ဝတ်နှင့် မဆက်စပ်ဘဲ ဆွမ်းဒါယကာတို့က ပြုရမည့် ကျင့်ဝတ်နှင့်သာ ဆက်စပ်သော ကြောင့် ပါရိဝါသိက, မာနတ္တစာရိက ကျင့်ဝတ်၌လာသော"အာဂန္တုက"ကို အာဂန္တုကဘတ်၌လာသော "အာဂန္တုက"နှင့် မနှိုင်းယှဉ်သင့်ပေ။ ကျင့်ဝတ် တစ်နေရာလာ အာဂန္တုကနှင့်သာ နှိုင်းယှဉ်သင့်သည်။ အစားအသောက် နေရာလာ အာဂန္တုကနှင့် မနှိုင်းယှဉ်သင့်ပေ။ နှိုင်းယှဉ်လျှင် သဘာဝမကျ။

အဋ္ဌကထာလာ ခေတ်သုံးဖြာ

ရှင်ဥပါလိအဋ္ဌကထာ၌ ပရိဝါသ်, မာနတ်ကျင့်သုံးသော ဒဏ်သားရဟန်း ဝတ်ကြားရာခေတ်ကို–

(၁) အန္တောဝိဟာရ၊
(၂) ဥပစာရသိမ်အတွင်း၊
(၃) နဒီ, ပရတိရ, အာကာသ, ပဗ္ဗတတလ, အရည–စသော ဒူရအရပ်–

ဟု ခေတ် (၃)မျိုးလာရှိသည်။

(၁) ထိုတွင်-

သစေ အာဂန္တုကာ မုဟုတ္တံ ဝိဿမိတ္ဝာ ဝါ အဝိဿမိတ္ဝာ ဝေ ဝါ ဝိဟာရမဇ္ဈေန ဂစ္ဆန္တိ၊ ဝေသမိ္ပ အာရောစေတဗ္ဗံ၊ သစေ တဿ အဇာနန္တဿေဝ ဂစ္ဆန္တိ၊ အဃဋ္ဋ ပန နေသံ ဂတကာလေ ဇာနာတိ ဂန္တွာ အာရောစေတဗ္ဗံ¹-

ဟူသော အဋ္ဌကထာစကားသည် "ဝိဟာရမဇ္ဈ၊ အန္တောဝိဟာရ"ဟူသော အာဝါသိကရဟန်း ဧကန်မုချ ပဟာကြားရမည့် ခေတ်ကိုပြသောစကား ဖြစ်ပါသည်။

အာဂန္တုတို့သည် တစ်မုဟုတ်မျှ အပန်းဖြေကြ၍ဖြစ်စေ၊ အပန်းမဖြေကြမူ၍ ဖြစ်စေ ကျောင်းလယ် "ဝိဟာရမဇ္ဈ"အရပ်ဖြင့် သွားကြကုန်အံ့။ ထိုအာဂန္တုတို့ အားလည်း ဝတ်ကြားရမည်။ အကယ်၍ ဒဏ်သားရဟန်း မသိစဉ်မှာ ် ပြန် သွားကြကုန်အံ့။ ဒဏ်သားရဟန်းကလည်း အာဂန္တုတို့ ပြန်သွားကြပြီးမှသိအံ့၊ လိုက်၍ ဝတ်ကြားရမည်။ (မီအောင်လိုက်၍ ဝတ်မကြားနိုင်လျှင် ရတ္တိစ္ဆေဒသာ လျှင်ဖြစ်၏။ ဂတ္တဘေဒဒုက္ကဋ်အာပတ်မသင့်။)

ဤကား (၁) နံပါတ် အဋ္ဌကထာပါဌ်၏ အဓိပ္ပာယ်တည်း။

ဤအဋ္ဌကထာပါဌ်၌"ဝိဟာရမဇ္ဈ=ကျောင်းအလယ်"ဟူသောစကားရပ် ပါသည်။ ယင်းစကား၌--

(၁) ဝိဟာရ၊

(၂) ဝိဟာရမဇ္ဈ၊

ဤဝေါဟာရများ ရှင်းပြရန် လိုပေသည်။

ဝိဟာရနှင့် ဝိဟာရမဇ္ဈ

၁။ ထိုတွင် "ဝိဟာရ"ဟူသည် အမှုယောဂ-စသောကျောင်းတို့မှ အလွတ်ဖြစ်သော ကျန်သည့်နေစရာ ကျောင်းအဆောက်အအုံ ဖြစ်သည်။

ဝိဟာရော နာမ အပုယောဂါဒိ မုတ္တကော အဝသေသာ ဝါသော။
(ဝိ၊ဋ္ဌ၊ ၄။ ၅၈။)

---

¹-ဝိ၊ ဋ္ဌ၊ ၄။ ၁၁။ ဝိသင်္ဂဟ။ ၃၀၆။

၂။ “ဝိဟာရမဇ္ဈ=ကျောင်းအလယ်”ဟူသည် ကျောင်းတိုက် တစ်တိုက်၌ ကျောင်းမကြီး ဆွမ်းစားကျောင်း၊ သိမ်၊ ဇရပ် စသည်ဖြင့် အဆောက်အအုံများ ပတ်ပတ်လည်ဆောက်လုပ်တတ်ကြရာ ယင်းကျောင်းတိုက် အလယ်အရပ်ဖြစ်ပါသည်။ ကျောင်းသုံးကျောင်းရှိလျှင် ကျောင်းသုံးကျောင်း၏ အလယ်ကြားအရပ်၊ ကျောင်းနှစ်ကျောင်းရှိလျှင် ကျောင်းနှစ်ကျောင်း၏ အလယ်ကြားအရပ်ဖြစ်သည်။

ယင်းကျောင်းတိုက်၏ အလယ်ကြား အရပ်မှ ဖြတ်သန်းသွားလာခြင်းမျိုးကို “ဝိဟာရ မဇ္ဈဂမန”ကျောင်းအလယ်မှ သွားခြင်းဟု ဆိုရပေသည်။

ယင်း “ဝိဟာရမဇ္ဈ”ဟူသော ဝေါဟာရနှင့် အဓိပ္ပာယ် အနည်းငယ်မျှသာ ကွာခြားသော “အန္တောဝိဟာရ”ဟူသော ဝေါဟာရလည်း ရှိသေး၏။ အန္တောဝိဟာရ=ကျောင်းအတွင်းဟု အဓိပ္ပာယ်ရ၏။ “အန္တောဝိဟာရ–ကျောင်းအတွင်း” ဟူသည် ပြပြီးသော ကျောင်းအဆောက်အအုံတို့၏ အလယ်ကြားအရပ် ဖြစ်သည်။ တစ်နည်းအားဖြင့်ကျောင်း အဆောက်အအုံ တံစက်မြိတ်၏ အတွင်းအရပ် ဖြစ်သည်။

ဤ (၁) နံပါတ် အဋ္ဌကထာပါဌ်ဖြင့်–

(က) ဝိဟာရမဇ္ဈဂတ=ကျောင်းအဆောက်အအုံတို့၏ အလယ်ကြားအရပ်ဖြင့် သွားသောရဟန်း၊

(ခ) အန္တော ဝိဟာရပဝိသက=ကျောင်း အဆောက်အအုံ၏ တံစက်မြိတ်ရေကျ အတွင်းအရပ်သို့ ဝင်သွားသော ရဟန်း၊

(ဂ) ကာယဂတ=လူကိုယ်တိုင် ဒဏ်သားရဟန်းနေရာကျောင်းသို့ ရောက်သွားသော ရဟန်း၊

ဤရဟန်းတို့အား ဧကန်မုချ ကျောင်းနေ ဒဏ်သားရဟန်းက ဝတ်ကြားရမည်၏ အဖြစ်ကို ပြပါသည်။

ဥပစာရသိမ်ရောက်သော ရဟန်း
အသံကြားလျှင် ဝတ်ကြားပါ

(၂) ယေပိ အန္တောဝိဟာရံ အပ္ပဝိသိတွာ ဥပစာရသိမံ ဩက္ကမိတွာ ဂစ္ဆန္တိ၊ အယမ္ပိ နေသံ ဆတ္တသဒ္ဒံ ဝါ, ဥက္ကာသိတသဒ္ဒံ ဝါ, ခိပိတသဒ္ဒံ ဝါ သုတွာဝ အာဂန္တုကဘာဝံ ဇာနာတိ၊ ဂန္တွာ အာရောစေတဗ္ဗံ၊ ဂတကာလေ ဇာနန္တေနပိ၊ အနုဗန္ဓိတွာ အာရောစေတဗ္ဗမေဝ။ (ဝိ၊ ဋ္ဌ၊ ၄။ ၁၀။ ဝိ၊ သင်္ဂဟ၊ ၃၈၆)

ဤစကားရပ်သည် ဥပစာရသိမ်သို့ သက်ရောက်လာသော အာဂန္တုတ၏ အသံကို ကြားရ၍ အာဝါသိက ဒဏ်သား ရဟန်းက ဝတ်ကြားပုံကို ပြသော စကားဖြစ်သည်။

"အကြင်အာဂန္တုတို့သည် ကျောင်းအတွင်း"အန္တောဝိဟာရ"သို့ မဝင်ကြဘဲ ဥပစာရသိမ်အတွင်း ရောက်သွားကြကုန်အံ့။ ဤဒဏ်သား ရဟန်းကလည်း "ဥပစာရသိမ်"သို့ သက်ရောက်သွားကြသော အာဂန္တုတို့၏ ထီးသံ, ချောင်းဟန့်သံ(ချောင်းဆိုးသံ) ချေဆတ်သံ တစ်မျိုးမျိုးကို ကြား၍ အာဂန္တုမှန်း သိအံ့၊ သွား၍ ဝတ်ကြားရမည်။ သွားပြီးမှသိလျှင်လည်း နောက်ကလိုက်၍ ဝတ်ကြားရမည်။ (မီအောင်လိုက်၍ ဝတ်မကြားနိုင်လျှင် ရတ္တိစ္ဆေဒသာလျှင် ဖြစ်၏။ ဝတ္တဘေဒ ဒုက္ကဋ်မသင့်။ ညဉ့်၌လာ၍ ညဉ့်၌ပင် ပြန်သွားသော အာဂန္တုသည်လည်း ဒဏ်သားရဟန်း၏ ရတ္တိစ္ဆေဒကို ပြု၏။ မသိသည့်အတွက် ဝတ္တဘေဒ ဒုက္ကဋ်မသင့်။)

ဤသို့ အဓိပ္ပာယ်သက်ရောက်သည်။

ဤအဋ္ဌကထာစကား၌ "ဥပစာရသိမ်"ဟူသည်–

၁။ တံတိုင်းအကာအရံရှိသော ကျောင်းတိုက်၌ တံတိုင်းအကာအရံ ၏ အတွင်းကျောင်း အဆောက်အအုံတို့၏ ပြင်ဘက်အရပ်။

၂။ တံတိုင်း အကာအရံမရှိသော ကျောင်းတိုက်၌ တံတိုင်း အကာအရံ ပြုလုပ်ထိုက်သော (အမြဲမပြတ်စည်းဝေးရာအရပ်–စသည်မှ ခဲတစ်ကျ အတွင်း) အရပ်၏ အတွင်းကျောင်း အဆောက်အအုံတို့၏ ပြင်ဘက် အရပ် ဖြစ်သည်။[၁]

၁–ဝိ၊ ဋ္ဌ၊ ၃။ ၄၁၇။ ကင်္ခါ၊ ၁၅၉၊ ကင်္ခါ၊ ဋီသစ်။ ၂၉၁။

တစ်ဖန် ထီးသံ, ချောင်းဟန့်သံ, ချေဆတ်သံ" ဟုသော စကားသည် ဥပလက္ခဏမျှသာဖြစ်သည်။

မှန်ပါသည်၊ ထီးသံ,ဖြင့် ဖိနပ်သံ, တောင်ဝှေးသံ, ရေဗူးသံ,- ဆိကျည် တောက်သံ, မွေ့ကရ်ဏ်သံ, ပဲခွပ်သံ, သင်္ကန်းမြည်သံ (သင်္ကန်းမှ ရွှမ်းရွှမ်း၊ ဖျပ်ဖျပ်မြည်သံ (စသော အာဂန္တုရဟန်းမှ ပါလာတတ်သည့် ပရိက္ခရာတို့၏ အသံကို ယူရ၏။

"ချောင်းဟန့်သံ, ချေဆတ်သံ" တို့ဖြင့် ကြို့ ထိုးသံ, ပျို့ အံသံ၊ တံတွေး ထွေးသံ, လေတက်သံ, စကားပြောသံ, ရယ်မောသံ, ညည်းညူသံ, အသက် ရှူသံ, စသော အာဂန္တုရဟန်း၏ ခန္ဓာကိုယ်မှ တိုက်ရိုက်ဖြစ်ပေါ်လာသော အသံတို့ကို ယူရ၏။

ညဥ့်၌လာ၍ ညဥ့်၌ပြန်သောရဟန်း

ပြပြီးသော ဥပစာရသိမ်အတွင်း၌ ညဥ့်အခါလာ၍ ညဥ့်အခါ၌ပင် ပြန်သွားသော အာဂန္တုရဟန်းသည်လည်း ဒဏ်သားရဟန်း၏ ညဥ့်ပြတ်မှုကို ပြုသည်သာလျှင်တည်း၊ မသိလိုက်ခြင်းကြောင့် ဒဏ်သားရဟန်းအား ဝတ္တဘေဒ ဒုက္ကဋ် အာပတ်မသင့်။ ညဥ့်ပြတ်မှန်းမသိ၍ အဗ္ဘာနကံ ပြုမိလျှင် ပြုရာမထင်၊ မအောင်မြင်သည်သာလျှင်တည်းဟု ကုရုန္ဒီ၌ မိန့်ဆို၏။ ထို့ကြောင့် ညဥ့်ပို ဆောက်တည်၍ အဗ္ဘာနကံပြုသင့်၏။ ယင်းသို့ ပြုခြင်းသည် မမှားယွင်းနိုင် သော အကျင့်တည်း။ (ဝိ၊ ဋ၊ ၄။ ၁၁။ ဝိ၊ သင်္ဂဟ။ ၃၈၆။)

တုံးသံ၊ ကြေးစည်ခေါင်းလောင်းသံ သံသယမရှိသင့်

ဘုန်းတော်ကြီးကျောင်းများ၌ နံနက်ဝတ်မတတ်မီ ၃-နာရီခွဲ ၄-နာရီ အချိန်၌ဖြစ်စေ၊ ညနေ ၆-နာရီ၊ ၆ နာရီခွဲအချိန်၌ဖြစ်စေ၊ တုံး (အုန်းမောင်း၊ ကုလားတက်) ကြေးစည်, ကျောက်စည်, ထိုးစည်, ထိုးမောင်း, ခေါင်းလောင်း တို့ကို တီးခေါက်လေ့ရှိ၏။ ထိုသို့ ကျောင်းအသီးသီးမှ တုံး-စသည်တို့ကို ရဟန်းတော်က တီးခေါက်လျှင် ထိုထိုတုံး-စသည်တို့၏ အသံ ဖြစ်ပေါ်လာခြင်း

ရဟန်းနှင့် ဆက်စပ်သောကြောင့် ထိုတုံးစသည်တို့၏ အသံကို ကြားရသော ပါရိဝါသိကရဟန်း, မာနတ္တစာရိက ရဟန်းသည် ထိုတုံး-စသည်တို့ကို တီးခေါက်သော ရဟန်းအား ဝတ်ကြားရမည်ဟု အချို့က ယူဆကြ၏။

ယင်းတုံး-စသည်တို့ အသံမှာ တစ်တိုင်၊ တစ်တိုင်ခွဲ (၂-မိုင်၊ ၃-မိုင်) လောက်မှ ကြားရတတ်၏။ ထိုမျှလောက် ဝေးသောအရပ်သို့ သွား၍ ဝတ်ကြားရမည်မှာ ခရီး ဝေးလံသည်ကတစ်ကြောင်း၊ အချိန်မတော်သည်က တစ်ကြောင်း။ ထို့ကြောင့် သွား၍ကြားဖို့ရန် အခက်အခဲနှင့်ကြုံရ၏။

သို့အတွက် ဝတ်မဆောက်တည်ခင် ကြိုတင်၍ တစ်တိုင်ကွာ၊ နှစ်တိုင် အတွင်း၌ တုံးခေါက်လေ့ရှိသော ကျောင်းများသို့ သွားရောက်၍ တုံး-စသည် မခေါက်ဖို့ရန်၊ အကယ်၍ ခေါက်လျှင် ကျောင်းသား, ကိုရင်, ကပ္ပိယများကို အခေါက်ခိုင်းပါရန်၊ အထူးသဖြင့် ရဟန်းများကမခေါက်ဖို့ရန် ပိတ်ပင်တတ် ကြ၏။

သံသယဖြစ်ခြင်းအကြောင်းရင်း

ဤသို့ သံသယဖြစ်လျက် အခက်အခဲအမျိုးမျိုးနှင့် ကြုံတွေ့ရခြင်းအကြောင်း မှာ-

ယေပိ အန္တောဝိဟာရံ အပ္ပဝိသိတွာ ဥပစာရသီမံ ဩက္ကမိတွာ ဂစ္ဆန္တိ အယဉ္စ နေသံ ဆတ္တသဒ္ဒံ ဝါ ဥက္ကာသိတသဒ္ဒံ ဝါ ခိပိတသဒ္ဒံ ဝါ သုတွာ ဝ အာဂန္တုကဘာဝံ ဇာနာတိ၊ ဂန္တွာ အာရောစေတဗ္ဗံ-

ဟူသော အဋ္ဌကထာပါဠ်၌"ဆတ္တသဒ္ဒံ ဝါ"ကို တွေ့မြင်ကြသောကြောင့် ဖြစ်ပေသည်။ အာဂန္တုရဟန်း ထီးသံကို ကြားလျှင် ထီးသံ အရှင် အာဂန္တုရဟန်း အား ဝတ်ကြားရသည်ကို ထောက်ထား၍ ထိုထို ကျောင်းမှ တီးခေါက်သော ခေါင်းလောင်း ကြေးစည်တုံး-စသည်တို့၏ အသံကို ကြားလျှင် ထိုခေါင်းလောင်း ကြေးစည် တုံးစသည်တို့ကို တီးခေါက်သော ရဟန်းအားလည်း ဝတ်ကြားရမည်။ မကြားလျှင် ရတ္တိစ္ဆေဒ, ဝတ္တဘေဒဒုက္ကဋ်ဖြစ်သည်ဟု သံသယရှိကြသည်။

သံသယရှိစရာ မလိုချေ၊ အကြောင်းကား မိမိကျောင်း၌နေ၍ ခေါင်းလောင်း, ကြေးစည်, တုံး-စသည်တို့ကို တီးခေါက်သော ရဟန်းသည် မိမိကျောင်းတွင် ၌ ဝတ်ဆောက်တည်နေသော အာဝါသိက ရဟန်း၏ အာဂန္တုရဟန်း-မဟုတ်သော ကြောင့်တည်း။

မှန်ပေသည်။ မိမိကျောင်း၌ ခေါင်းလောင်း ကြေးစည် စသည်တို့ကို တီးခေါက်နေသော ရဟန်းသည် ယင်းရဟန်း၏ ကျောင်းသို့ပါရိဝါသိက မာနတ္တစာရိက ရဟန်းက မသွားရောက်သောကြောင့် ပါရိဝါသိက မာနတ္တစာရိက ရဟန်း ဝတ်ကြားရမည့် အာဝါသိက ရဟန်းလည်း မဟုတ်ချေ။

တစ်ဖန် ထို မိမိကျောင်းမှ ခေါင်းလောင်း စသည် တီးခေါက်နေသော ရဟန်းသည် ပါရိဝါသိက, မာနတ္တစာရိက ရဟန်းရှိရာကျောင်းသို့ မလာမရောက်သောကြောင့် ပါရိဝါသိက, မာနတ္တစာရိက ရဟန်းက ဝတ်ကြားသင့်သော အာဂန္တုရဟန်းလည်း မဟုတ်ချေ။ သို့အတွက်ကြောင့် ဝတ်ကြားစရာမလို။

အသံကြားရာ
အဋ္ဌကထာ စကားအင်္ဂါ (၅) ပါး

အဋ္ဌကထာ၌ပြသော "ယေပိ အန္တောဝိဟာရံ အပ္ပဝိသိတွာ ဥပစာရသီမံ ဩက္ကမိတွာ ဂစ္ဆန္တိ"စသော စကားကို ပိုင်းခြားဝေဖန်လျှင်–

၁။ ဥပစာရသီမံ ဩက္ကမိတွာ ဂစ္ဆန္တိ=ဥပစာရသိမ်သို့ သက်ရောက်သွားခြင်း။

၂။ နေသံ ဆတ္တသဒ္ဒံ ဝါဥက္ကာသိတသဒ္ဒံ ဝါ ခိပိတသဒ္ဒံ ဝါ=အာဂန္တုရဟန်းတို့၏ ထီးသံ, ချောင်းဟန့်သံ, ချေဆတ်သံလည်း ဖြစ်ခြင်း။

၃။ သုတွာဝ=ယင်းအသံတို့ကို ကြားရခြင်း။

၄။ အာဂန္တုကဘာဝံ=အာဂန္တုရဟန်းဖြစ်ခြင်း။

၅။ အာဂန္တုကဘာဝံ ဇာနာတိ=အာဂန္တုရဟန်းမှန်း သိခြင်း။

ဤအကြောင်း (၅)ချက် ပြည့်စုံမှသာလျှင်"ဂန္တွာ အာရောစေတဗ္ဗံ=သွား၍ ဝတ်ကြားရမည်။

ယခု သံသယရှိကြသော ခေါင်းလောင်း ကြေးစည် စသည်တို့၏ အသံကို ကြားရာ၌–

၁။ ဒဏ်သားရဟန်းရှိရာ ဥပစာသိမ်သို့ သက်ရောက်မှ ဝတ်ကြားရမည်ဟု အဋ္ဌကထာ၌ ဆိုသည်။ ထိုခေါင်းလောင်းကြေးစည်စသည်

တို့ကို ဘိီးခေါက်သော ရဟန်းသည် ဒဏ်သားရဟန်း ရှိရာ ကျောင်း၏ ဥပစာသိမ်သို့ မသက်ရောက်ဘဲ မိမိကျောင်း၌ နေခြင်းကြောင့် သံသယ ရှိစရာမလို။

၂-၃ ထီးသံ, ချောင်းဟန့်သံ, ချေဆတ်သံကြားမှ ဝတ်ကြားရမည်ဟု အဋ္ဌကထာ၌ ဆိုသည်။ ခေါင်းလောင်းသံ ကြေးစည်သံ ထိုးစည်သံ, တုံးသံတို့ကို ကြား၍ ဝတ်ကြားရမည်ဟု မဆိုချေ။ ထို့ကြောင့် သံသယရှိစရာမလို။

ခေါင်းလောင်းသံ ကြေးစည်သံ ထိုးစည်သံ တုံးသံ-တို့သည် ထီးသံနှင့် တူသည်မဟုတ်လောဟု စောဒနာလျှင်လည်း မဟုတ်ဟုပင် သောနောရပေမည်။ အကြောင်းကိုဆိုအံ့။

ထီးသည်အာဂန္တုများ နေပူမိုးရွာသောအခါ ကာကွယ်ရသည့် အာဂန္တုသုံး ပစ္စည်းဖြစ်သည်။ အာဂန္တုရဟန်း ကိုယ်နှင့်ကပ်၍ ထက်ကြပ်ပါရသောပစ္စည်း ဖြစ်သည်။ အာဂန္တုရဟန်းမှာ မရှိလျှင်မဖြစ်၊ အရေးကြီးသောပစ္စည်း ဖြစ်သည်။

ခေါင်းလောင်း ကြေးစည် ထိုးစည်တုံးတို့သည် အာဂန္တုရဟန်းသုံးပစ္စည်း များ မဟုတ်ကြချေ။ အာဂန္တုရဟန်းအား ကျေးဇူးများသော ပစ္စည်းများလည်း မဟုတ်ကြချေ။ အာဂန္တုရဟန်း ကိုယ်နှင့်ကပ်၍ ထက်ကြပ်ပါနိုင်သော ပစ္စည်းများလည်း မဟုတ်ကြချေ။ အာဂန္တုရဟန်းမှာ မရှိမဖြစ်၊ အရေးကြီးသော ပစ္စည်းများလည်း မဟုတ်ကြချေ။ ပါလာလျှင် ယူလို့မလွယ်။ အန္တရာယ် အနှောင့်အယှက်ဖြစ်သော ပစ္စည်းများသာ ဖြစ်ချေသည်။

အမှန်စင်စစ် ခေါင်းလောင်းစသော ပစ္စည်းတို့သည် အာဝါသိကရဟန်း သုံး ပစ္စည်းများသာ ဖြစ်ကြလေသည်။ ထို့ကြောင့် ထီးသံနှင့် ခေါင်းလောင်းသံ စသည်တို့ မတူကြဟု ဆိုခဲ့ပေသည်။

ဆတ္တသဒ္ဒ ဝါ၌ ဥပလက္ခဏနည်းအားဖြင့် ယူသော အာဂန္တု ရဟန်းကိုယ်၌ မကွေမကွာပါတတ်သော-ဥပါဟနသဒ္ဒ=ဖိနပ်သံ, ဒဏ္ဍ (ကတ္တရယဋ္ဌိ) သဒ္ဒ= တောင်းဝှေးသံ, ဥဒကကုမ္ဘသဒ္ဒ=ရေဗူးသံ, တေလနာဠိ သဒ္ဒ=ဆီကျည်ထောက် သံ, ဓမ္မကရဏသဒ္ဒ=ဓမ္မ ကရိဏ်းအသံ, ဝါသိသဒ္ဒ=ပဲခွပ် (ဓားမ) သံ, စီဝရသဒ္ဒ=သင်္ကန်း၏ ဖျပ်ဖျပ်မြည်သံ, ရှမ်းရှမ်းမြည်သံတို့ကို ယူရမည်။

အာဂန္တုရဟန်းကိုယ်၌ မကွေမကွာ အမြဲမပါနိုင်သော ခေါင်းလောင်းစသည်တို့၏ အသံကိုမယူရ။ ထို့ကြောင့် ခေါင်းလောင်းသံ– စသည်တို့ကိုကြား၍ သံသယရှိစရာ မလိုချေ။

၄–၅။ မိမိကျောင်း၌နေ၍ ခေါင်းလောင်း ကြေးစည်စသည်တို့ကို တီးခေါက်သောရဟန်းသည် ပါရိဝါသိက, မာနတ္တစာရိကရဟန်း နေထိုင်ရာကျောင်းကို မလာမရောက်သောကြောင့် ပါရိဝါသိက, မာနတ္တစာရိကရဟန်း ဝတ်ကြားသင့်သော အာဂန္တုရဟန်း မဟုတ်ခြင်း၊ အမှန်မှာ မိမိကျောင်း၌နေထိုင်သော အာဝါသိကရဟန်းသာလျှင် ဖြစ်ခြင်း၊ သို့ဖြစ်၍ ယင်းရဟန်းကို အာဂန္တုရဟန်းဟု အမှတ်မရှိ မသိခြင်း၊ အမှန်မှာ မိမိကျောင်း၌နေထိုင်သော အာဝါသိကရဟန်းဟုသာလျှင် အမှတ်ရှိခြင်း သိခြင်း။ ဤအကြောင်းဟို့ကြောင့် ထိုမိမိကျောင်း၌နေ၍ ခေါင်းလောင်းစသည်တို့ကို တီးခေါက်သောရဟန်းအား ဝတ်ကြားရမည်ဟု သံသယရှိစရာမလိုချေ။

သံသယရှိ၍ သံသယပဲ

သံသယရှိသင့်သောအရာ၌ သံသယရှိရမည်။ သံသယမရှိသင့်သောအရာ၌ သံသယမရှိသင့်။ သံသယရှိသင့်သောအရာ၌ သံသယမရှိလျှင်လည်း အာပတ်သင့်တတ်သည်။ သံသယမရှိသင့်သောအရာ၌ သံသယရှိလျှင်လည်း အာပတ်သင့်တတ်သည်။

ခေါင်းလောင်း ထိုးစည်–စသည်တို့၏အသံကိုကြား၍ တီးခေါက်သောရဟန်းအား ဝတ်ကြားရမည်ဟု သံသယမရှိသင့်သောနေရာ၌ သံသယရှိ၍ "ဒီရက်မှ ဒီရက်အထိ" ပရိဝါသ်ဆောက်တည်စရာ မလိုပါ၊ ခေါင်းလောင်း ထိုးစည်–စသည်တို့ကို ရဟန်းတော်များ မတီးခေါက်ပါလင့်။ ကျောင်းသား, သာမဏေ, ကပ္ပိယတို့ကို တီးခေါက်ခိုင်းပါဟု ကြိုတင်လျှောက်ထားပါသော်လည်း နောက်အခါ ဝတ်ဆောက်တည်စဉ်, ဝတ်ဆောက်တည်ပြီးအခါတို့၌ "ငါလျှောက်ထားသည့်အတိုင်း ရဟန်းများမခေါက်ဘဲနေမှ နေပါ့မလား၊ ခေါက်များခေါက်သေးသလား၊ ငါဝတ်ဆောက်တည်တာ အောင်မြင်မှ အောင်မြင်ပါ့မလား။ မအောင်မြင်ဘဲများ ဖြစ်နေရော့သလား–စသသည်ဖြင့် သံသယရှိနေမည်သာ ဖြစ်ချေသည်။ တော်တော်ကြာ ရဟန်းအဖြစ်အထိ သံသယရှိနေ

သော် ခက်ဘိချေ၏။ ထိုပုဂ္ဂိုလ်များကား သံသယနောက်လိုက်နေ၍ ပရိယတ်, ပဋိပတ်ကို ပေါက်ရောက်အောင် အားထုတ်နိုင်မည်မဟုတ်ချေ။

ခေတ်ပေါ်အသံများ

ယခုအခါ သိပ္ပံ ပညာတိုးတက်နေသော ခေတ်ဖြစ်သည်အားလျော်စွာ ထူးထူးဆန်းဆန်း အံ့မခန်းနိုင်သည့် ရုပ်ဝတ္ထုများကို တွေ့မြင်နေကြရပေသည်။

၁–မိုင်၊ ၁–မိုင်ခွဲလောက်မှ ကွဲကွဲပြားပြားကြားရသည့် "လောက်စပီကာ" အသံချဲ့စက်မှအသံများ၊ မိုင်ပေါင်းများစွာ ဝေးကွာသောအရပ်မှ ထုတ်လွှင့်လိုက်သောအသံကို ကြားရသည့် ရေဒီယိုအသံများ, အသံကြားရရုံမျှမက ရုပ်အဆင်းပါမြင်ရသည့် ရုပ်မြင်သံကြား "တယ်လီဗေးရှင်း"များ ပေါ်ပေါက်လျက်ရှိရာ အသံချဲ့စက်ဖြင့် တရားဟော, ပရိတ်ရွတ်, ပဋ္ဌာန်းရွတ်သော ရဟန်း၏အသံများ, အသံလွှင်ရုံမှရဟန်း ကိုယ်တိုင် (တိုက်ရိုက်) အသံလွှင့်တရားဟောသံများ, ရုပ်မြင်သံကြား အသံလွှင့်ရုံမှ အသံလွှင့်တရားဟောသောရဟန်း၏ တရားဟောသံနှင့် ရုပ်အဆင်းများကို ဝတ်ဆောက်တည်သောရဟန်း မြင်တွေ့ကြားသိရလျှင် ဝတ်ကြားသင့် မကြားသင့်၊ ဝတ်ကြားစရာလို မလိုဟု စဉ်းစားကြဲဆ သံသယရှိသောပုဂ္ဂိုလ်တို့က မေးမြန်းတတ်ကြ၏။

ဝတ်ကြားစရာမလို၊ အကြောင်းကား–ဒဏ်သားရဟန်းရှိရာ ကျောင်းအတွင်းသို့ရောက်လာသော အာဂန္တုမဟုတ်သောကြောင့်တည်း။ ဘယ်ခေတ် ဘယ်အခါ ဘာတွေပေါ်ပေါ်၊ ပါဠိတော်ကို လက်ကိုင်ထား၊ အမှားမရှိနိုင်။

အဝေးရှိသံဃာ–မြင်သောအခါ

အဝေး၌တည်နေသွားလာသော သံဃာကိုမြင်သောအခါ ရဟန်းသံဃာဟု အတိအကျသိရလျှင် သွား၍ ဝတ်ကြားရမည်။ ဥပမာ မြစ် စသည်တို့၌ လှေ, သင်္ဘောဖြင့်၊ သွားလာသောရဟန်း၊ မြစ်တစ်ဘက်ကမ်း၌ ရပ်တည်နေသော ရဟန်း၊ ကောင်းကင်ခရီး လေယာဉ်–စသည်စီး၍ သွားလာသောရဟန်း၊ တောင်အပြင် တောင်ပေါ်တော–စသည်ဝေးလံသောအရပ်၌ တည်နေ သွားလာသော ရဟန်းတို့ကို မြင်လျှင်လည်း ရဟန်းဟု ပိုင်းပိုင်းခြားခြား မှတ်သားနိုင်ပါက လှေ–စသည်တို့ဖြင့်သွား၍ဖြစ်စေ၊ ကျယ်လောင်သောအသံဖြင့် ဟစ်

အော်၍ဖြစ်စေ၊ လျှင်မြန်သောအဟုန်ဖြင့် အစဉ်လိုက်၍ဖြစ်စေ ဝတ်ကြားရမည်။ ဝတ်မကြားသော ဒဏ်သားရဟန်းအား ရတ္တိစ္ဆေဒ, ဒုက္ကဋ်အာပတ် နှစ်ရပ်လုံး ဖြစ်၏။ အားထုတ်သော်လည်း မိအောင်လိုက်ခြင်း၊ ကြားခြင်းငှာ မစွမ်းနိုင်လျှင် ရတ္တိစ္ဆေဒသာဖြစ်၏။ ဝတ္တဘေဒဒုက္ကဋ် မသင့်။

ထို့ကြောင့် အဋ္ဌကထာ၌-

> (၃) နဒီအာဒိသု နာဝါယ ဂစ္ဆန္တမ္ပိ ပရတီရေ ဌိတမ္ပိ အာကာသေန ဂစ္ဆန္တမ္ပိ ပဗ္ဗတတလအရညာဒိသု ဒူရေ ဌိတမ္ပိ ဘိက္ခုံ ဒိသွာ သစေ-ဘိက္ခူ တိ ဝဝတ္ထာနံ အတ္ထိ၊ နာဝါဒီဟိ ဝါ ဂန္တွာ မဟာသဒ္ဒံ ကတွာ ဝါ, ဝေဂေန အနုဗန္ဓိတွာ ဝါ အာရောစေတဗ္ဗံ၊ အနာရောစေန္တဿ ရတ္တိစ္ဆေဒေါစေဝ ဝတ္တ ဘေဒ ဒုက္ကဋဉ္စ၊ သစေ ဝါယမန္တောပိ သမ္ပာပုဏိတုံ ဝါ သာဝေတုံ ဝါ န သက္ကောတိ၊ ရတ္တိစ္ဆေဒေါဝ ဟောတိ၊ န ဝတ္တဘေဒဒုက္ကဋံ-[၁]

ဟု မိန့်တော်မူပါသည်။

ဤအဋ္ဌကထာစကားဝယ်-

"ဘိက္ခုံ ဒိသွာ ဘိက္ခူတိ ဝဝတ္ထာနံ အတ္ထိ" ၌

၁။ ရဟန်းဖြစ်ခြင်း၊

၂။ ယင်းရဟန်းကိုမြင်ခြင်း၊

၃။ ရဟန်းဟု ပိုင်းခြားနိုင်ခြင်း၊ အတိအကျ ဆုံးဖြတ်နိုင်ခြင်းဟု အင်္ဂါ (၃)ပါးရှိသည်၊ (အကျယ်ကိုနောက်၌ပြမည်။)

ပကတိအသံသာ-ဝတ်ကြားပါ

ရှင်ဥပါလိ အဋ္ဌကထာ၌ ဝတ်ကြားမှုနှင့်စပ်၍ ပြဆိုသော "ချောင်းဟန့်သံ" စသည့် စိတ္တဇအသံကိုလည်း၊ ဥပစာရသီမံ ဩက္ကမိတွာ"ကို ထောက်ဆလျှင် အာဂန္တုရဟန်း၏ ပကတိချောင်းဟန့်သံ စသည်ကိုသာ ယူရမည်။ စပီကာ စသည်တို့ဖြင့် အသံကျယ်အောင် ဖောက်ပြန်မှုပြုလုပ်ထားသောကြောင့် ဝေးလံ

၁-ဝိ၊ ဋ္ဌ၊ ၄။ ၁၁။ ဝိ၊ သင်္ဂဟ၊ ၃၈၆။

သောအရပ်မှ ကြားရသော "ဝိကတိ"ချောင်းဟန့်သံ စသည်ကို မယူရ။

သို့ဖြစ်၍ လောက်စပိကာ–စသည်ဖြင့် တရားဟော ပရိတ်ရွတ်သော ရဟန်း၏ အသံသည် ပကတိအသံမဟုတ်၊ ဝိကတိအသံဖြစ်သောကြောင့် ထိုရဟန်းအား ဝတ်ကြားစရာမလိုဟု မှတ်ရမည်။

ဝတ်ဆောက်တည်ခြင်းသည် အာပတ်စင်ကြယ် သံသယမတွယ်အောင် ပြုလုပ်ခြင်းပင်ဖြစ်သဖြင့်–

အာပတ်သင့်မှန်းသိ၍ ဝတ်ဆောက်တည်လိုသော စိတ်ရှိလျှင် သူတော်စင် ဖြစ်သည်။ သံသယကင်းရန်မှာ လိုရင်းပဓာနဖြစ်သည်၊ သို့ဖြစ်၍ ဝတ်ဆောက် တည်လိုလျှင် မိမိ သံသယစင်ကြယ်မည့် နည်းလမ်းကို ရွေးချယ်၍ ကျင့်ရန်လိုပေ သည်။

အဆင်းမြင်ရာ
အဋ္ဌကထာစကား၊ အင်္ဂါသုံးပါး

"ဘိက္ခုံ ဒိသွာ သစေ"ဘိက္ခုတိ"ဝဝတ္ထာနံ အတ္ထိ၊–အာရော စေတဗ္ဗံ"–

ဟူသော အဋ္ဌကထာပါဌ်၌–

၁။ ဘိက္ခု–ရဟန်းဖြစ်ခြင်း၊

၂။ ဒိသွာ–(ရဟန်းကို)မြင်ရခြင်း။

၃။ ဘိက္ခုတိ ဝဝတ္ထာနံ အတ္ထိ–ရဟန်းဟု ပိုင်းခြားနိုင်ခြင်း။ အတိ အကျဆုံးဖြတ်နိုင်ခြင်း။

ဤအကြောင်းအင်္ဂါ သုံးပါးတို့နှင့် ပြည့်စုံမှသာလျှင် ဝတ်ကြားရမည်။

၁။ ထိုလေ့–စသည်တို့၌ တည်နေသော ရဟန်းပင်ရှိစေကာမူ ယင်း ရဟန်းကို မမြင်ခဲ့သော်၊ ရဟန်းဟု မပိုင်းခြား မဆုံးဖြတ်နိုင်သော် (သာမဏေဟု ပိုင်းခြားဆုံးဖြတ်ခဲ့သော်) ဝတ်ကြားစရာမလို။

၂။ သင်္ကန်းဝါဝါ (ဝတ်ထားသူ)ကိုမြင်စေကာမူ ရဟန်းမဟုတ်ဘဲ သာမဏေဖြစ်နေခဲ့သော်၊ ရဟန်းဟု မပိုင်းခြားမဆုံးဖြတ်နိုင်ခဲ့သော် ဝတ်ကြား စရာမလိုတော့။

၃။ ရဟန်းဟု မိမိစိတ်ထဲက ပိုင်းခြားဆုံးဖြတ်ထားစေကာမူ တကယ်တော့ ရဟန်းမဟုတ်ဘဲ သာမဏေဖြစ်နေခဲ့သော် ထိုရဟန်းဟု ပိုင်းခြားခံရသော ပုဂ္ဂိုလ်ထံသို့ ရောက်အောင်သွားရမည်။ ရောက်မှသာမဏေဖြစ်နေသည့်အတွက် ဝတ်ကြားစရာ မလိုချေ။

အချုပ်အားဖြင့် ဆိုရသော် ရဟန်းပင်ဖြစ်စေကာမူ ရဟန်းဟု ကွဲကွဲပြားပြား မပိုင်းခြားနိုင်ဘဲ သာမဏေလေလော၊ သာမဏေထင်ပါရဲ့၊ သာမဏေ ဟုတ်ပါတယ် စသည်ဖြင့် သံသယ ဖြစ်ခဲ့သော် အလွဲအမှား ပိုင်းခြားခဲ့သော် ဝတ်ကြားစရာ မလိုချေ။

ဘုန်းကြီးမဟုတ်သော ဝါဝါ

ဝါဝါမြင်တိုင်း ဘုန်းကြီး ရဟန်းမဟုတ်။ ယခုခေတ်၌ အမျိုးသမီးများသည် ဖက်ရှင်ဝတ်ဆင်လေ့ ရှိကြသည်။ အဝါရောင်, အနီရောင်, အညိုရောင် (ယောဂီရောင်)အထည်စကလည်း ပေါများသည့် အလျောက် ယင်းသည့်အထည်စများကို ဖက်ရှင်ချုပ် ဝတ်တတ်ကြသည်။ ထိုအခါ မျက်စိမှုန်သူများအဖို့ ရဟန်းလား၊ အမျိုးသမီးလား မခွဲခြား နိုင်တော့ပေ။ မျက်စိမမှုန်သူပင် ဖြစ်စေကာမူ ခပ်ဝေးမှကြည့်လျှင် ရဟန်းလား၊ အမျိုးသမီးလား ယုံမှားရ၏။

တစ်ခါက ကြားဖူးသည်။ ဖြစ်ပုံက မြင်းခြံမှသင်္ကန်းရောင် အထည်စ ဖက်ရှင် ချုပ်ဝတ်ထားသည့် အမျိုးသမီးတစ်ဦးက တိုက်–၁–တိုက် ရှေ့မှဖြတ်၍ ဈေးသို့သွားရာ တိုက်ပေါ်မှဘုန်းကြီး ဆွမ်းလောင်းရန်စောင့်နေသောမျက်စိမှုန် မှားသည့်အဖွားအိုက "ရပ်ပါအုံး၊ ရပ်ပါအုံး" ဆိုပြီး ဆွမ်းဇလုံယူ၍ ဆင်းသွားသော အခါ အနားရောက်မှ ဖက်ရှင် အမျိုးသမီးမှန်းသိ၍ အားတုံ့ အားနာဖြစ်လျက် "သည်းခံပါအေ–အဖွားက မျက်စိမှုန်လို့ ဘုန်းကြီးမှတ်လို့ ရပ်ခိုင်းမိတာပါ" ဟု ပြောပြီး တိုက်ပေါ်ပြန်တက်သွားလေသည်။ ဖက်ရှင်အမျိုးသမီးလည်း ရှက်အမ်း အမ်းဖြစ်ပြီး ဈေးသို့ သုတ်ချေတင် သွားသည်ဟူ၏။

ဤဖြစ်ရပ်ကို ကြည့်သောအားဖြင့် ရဟန်းနှင့် လွဲမှားစရာ များစွာရှိသဖြင့် ဝါဝါမြင်တိုင်း ဘုန်းကြီး ရဟန်းလားဟု ယုံမှားသံသယ မဖြစ်သင့်ပေ။

အပြစ်လွတ်အောင်ကျင့်နည်း

ဝတ်ဆောက်တည်သော ရဟန်းသည် သံဃာဒိသေသ် အာပတ်သင့်သော ကြောင့် "အာယတိ သံဝရ သတိသံဝေဂ"ဖြစ်၍ ဝတ်ဆောက်တည်သူဖြစ်သည့် အားလျော်စွာ ဝတ်ဆောက်တည်စဉ်အတောအတွင်း ပဋိပတ်လမ်းကမ္မဋ္ဌာန်း တစ်ခုခုကို ရှုမှတ်ပွားများသင့်ပေသည်။

အထူးသဖြင့် ရဟန်းတော်များမှာ ယေဘုယျအားဖြင့် သံဃာဒိသေသ် အာပတ်သင့်ရခြင်းသည် ကာမရာဂနှင့်စပ်သော ပဌမာပတ္တိကသံဃာဒိသေသ် ဝတ္ထုများကြောင့် ဖြစ်ရပေသည်။ သို့ဖြစ်၍ ယင်းသည့် ကာမရာဂအကြောင်း ဝတ္ထုတိုက်ဆိုင်မှုဒဏ်ကို ခံနိုင်အောင် အသုဘကမ္မဋ္ဌာန်းကို စီးဖြန်း ပွားများသင့် ပေသည်။ ထိုသို့ အသုဘကမ္မဋ္ဌာန်းတွင် အရိုးစု အသုဘကမ္မဋ္ဌာန်းကို စီးဖြန်း ပွားများက ပိုမိုထင်လွယ်ခြင်း၊ ထိုကာမရာဂရန်ကို တွန်းလှန်နိုင်ခြင်း စသော အကျိုးကျေးဇူးများရှိသဖြင့် ပိုမိုသင့်လျော်ပေသည်။

သို့ဖြစ်၍ မိမိဝတ်ဆောက်တည်မည့် ကျောင်းဝိုင်း အစွန်အဖျားနေရာ သစ်ပင်အောက်မှာ ဖြစ်စေ၊ ဆိတ်ငြိမ်သည့် ကမ္မဋ္ဌာန်းကျောင်းမှာဖြစ်စေ နေကာ ကမ္မဋ္ဌာန်းစီးဖြန်း ပွားများရမည်။

နေ့ညမနားအားထုတ်

ထိုင်ရတာညောင်းလျှင် လူရှင်ဆိတ်ငြိမ်သည့် ကျောင်းဝိုင်း အစွန်အဖျား၌ စင်္ကြံကြွချလျက် ခြေထောက်၏ "ကြွမှုလှမ်းမှု" တို့ကို အာရုံပြုကာ ခြေထောက်ကြွလျှင် ကြွမှန်းသိအောင်၊ ခြေထောက်လှမ်းလျှင် လှမ်းမှန်းသိအောင် သတိထား၍ လမ်းလျှောက်ရမည်။

ဆွမ်းခံ သွားသောအခါလည်း ဆွမ်းခံရွာသို့ သွားနေစဉ် လမ်းခရီးအကြား၌ ဖြစ်စေ၊ ဆွမ်းခံနေစဉ်မှာ ဖြစ်စေ၊ ဆွမ်းခံပြန်လာစဉ်မှာဖြစ်စေ "ဩက္ခိတ္တစက္ခု" သိက္ခာပုဒ်နှင့်အညီ လေးတောင်တစ်လံ ထမ်းပိုးတစ်ပြန်မျှ မျက်လွှာချလျက် ခြေထောက်၏ "ကြွမှုလှမ်းမှု" တို့ကိုသာ အာရုံပြုကာ သွားလာရမည်။ နေ့ညမနား အားထုတ်ရမည်။

ယင်းသို့ ကမ္မဋ္ဌာန်းကို နှလုံးသွင်းလျက် စင်္ကြံကြွချကာ သွားလာနေလျှင်

ကျောင်းဝိုင်းအပြင်ဘက် သွားလာလှုပ်ရှားနေသော ရဟန်းကို မြင်လည်း မမြင်နိုင်၊ အသံကြားသည့်တိုင်အောင်လည်း ရဟန်း၏ အသံဟု မခွဲခြားနိုင်။ ရဟန်းဟုလည်း မပိုင်းခြားနိုင်၊ သို့ဖြစ်လျှင် ကျောင်းဝိုင်း အပြင်ဘက်၌ သွားလာလှုပ်ရှားနေသော ရဟန်းရှိစေကာမူ *မတွေ့ မမြင် မကြားမသိရသော ကြောင့် ရဟန်းဟု မခွဲခြားနိုင်သောကြောင့် ဝတ်ကြားမှုတာဝန် ငြိမ်းအေးလေ တော့သည်။

ဥပုသ်နေ့ဝတ်ကြား

ပါဠိတော်၌-

"ဥပေါသထေ အာရောစေတဗ္ဗံ"-

ဟု ဟောတော်မူသည်။ ဥပုသ်နေ့၌ ဝတ်ကြားရမည်ဟု အဓိပ္ပာယ်ရ၏။

အဋ္ဌကထာ၌-

"အာဂန္တုက သောခေတ္တုံ ဥပေါသထ ဒိဝသေ အာရောစေတဗ္ဗံ"

ဟု ဖွင့်တော်မူသည်။

အဓိပ္ပာယ်မှာ "ဥပုသ်ပြုမိအောင် သွားကုန်အံ့ဟု နှလုံးသွင်းကာ အာဂန္တု ရဟန်းတို့ ရောက်လာတတ်ကြသည်၊ တန်ခိုးဖြင့် ကောင်းကင်မှ သွားလာကြသော တန်ခိုးရှင် အာဂန္တု ရဟန်းတို့လည်း ဥပုသ်နေ့မှန်းသိ၍ ဥပုသ်ပြုရန် သံဃာစည်းဝေးနေမှန်း သိ၍ အောက်သို့ ဆင်းသက်ကာ ဥပုသ် ပြုတတ် ကြသည်။

ယင်းသို့ ဝတ်မကြားရသေးသော အာဂန္တုရဟန်းတို့ မသိမသာ ရောက်လာ တတ် ကြသောကြောင့် "အာဂန္တုက သောခေတ္တုံ" အာဂန္တု ရဟန်းတို့ကို သုတ်သင်ခြင်းငှာ ဥပုသ်နေ့၌ ဝတ်ကြားရမည်ဟူ၍ဖြစ်သည်။

အာဂန္တုကသောဓေတ္တုံ
အစွန်းတစ်ဘက်ငြိ

ယင်းသို့ အာဂန္တုရဟန်းတို့ကို သုတ်သင်ခြင်းငှာ ဥပုသ်နေ့၌ ဝတ်ကြား ရမည်ဟု ဆိုလျှင် သံဃာများသော ကျောင်းများ၌ ထိုသို့အာဂန္တုရဟန်းမှန်း၊ အာဝါသိကရဟန်းမှန် မသိ၊ ဝတ်ကြားပြီးသော ရဟန်းမှန်း ဝတ်မကြားရသေး

သော ရဟန်းမှန်း မသိဖြစ်တတ်သည်မှာ ဖြစ်နိုင်သော်လည်း သံဃာနည်းသော ကျောင်း၌ ယင်းသို့ မသိသည်မှာ မဖြစ်နိုင်။ အာဂန္တုရဟန်းရောက်လျှင် ရောက်မှန်း၊ မရောက်လျှင် မရောက်မှန်း သိနိုင်သည်။

ဥပမာ–သံဃာ(၅)ပါးရှိသော ကျောင်း၌ အနိက္ခိတ္တဝတ်ဆောက်တည်နေသော ရဟန်းရှိလျှင် ယင်းကျောင်းရှိသံဃာ (၅)ပါးကို ဖြည်းဖြည်းပင်ရေတွက်–ရေတွက်၊ အပြေးအလွှားပင် ရေတွက် ရေတွက် ဘွဲ့အမည်နှင့်တကွ ကျကျနန သိနိုင်သည်။ ဝတ်ကြားပြီးသော ရဟန်း ဝတ်မကြားရသေးသော ရဟန်းဟု ကွဲကွဲပြားပြား သိနိုင်သည်။

ထိုကျောင်းမျိုး၌ အာဂန္တုရဟန်းမရှိမှန်း အသေအချာသိလျှင် "အာဂန္တုက သောစနေတ္တံ" အာဂန္တုသုတ်သင်စရာ မလိုသည့်အတွက် ဥပုသ်နေ့၌ ဝတ်ကြားစရာမလိုဟု ယူဆနိုင်ပေသည်။ ယူဆနိုင်ခြင်း အစွန်းတစ်ဘက်ငြိလျက် ရှိပေသည်။

မှန်ပေသည်။ "အာဂန္တုကသောစနေတ္တံ"အတိုင်းသာ အဓိပ္ပာယ်ယူရလျှင် အာဂန္တုက သုတ်သင်စရာရှိမှ ဥပုသ်နေ့ ဝတ်ကြားရမည်။

အာဂန္တုသုတ်သင်စရာမရှိလျှင် ဝတ်ကြားစရာမလိုဟု အဓိပ္ပာယ် သက်ရောက်နေသည်။

ဘုရားရှင် နှလုံးသွင်းမှာ သံဃာနည်းသော ကျောင်းမှာဖြစ်စေ၊ သံဃာများသောကျောင်းမှာဖြစ်စေ ဥပုသ်နေ့မဟုတ်သော စောစောပိုင်းရက်က ထိုထို ရဟန်းတို့ရှိရာ နေရာသို့အသီးအသီးသွားပြီး ဝတ်ကြားထားသဖြင့် တစ်ပါးချင်းကား သိနေကြ၏။ အများသိကား မဟုတ်သေး။ သို့ဖြစ်၍ အများသံဃာ တစ်ပါးတည်း သိစေရန် ဥပုသ်နေ့ သံဃာစုံညီ ရှေ့မှောက်၌ ဝတ်ကြားစေလိုသည်။ ယင်းသို့သံဃာအများရှေ့မှောက်၌ ဝတ်ကြားရသဖြင့် အရှက်ရ၍ သံဝေဂဖြစ်စေလိုသောကြောင့် "ဥပေါသထေ အာရောစေတဗ္ဗံ"ဟု ဟောတော်မူခြင်းပင် ဖြစ်သည်။

"ဥပေါသထေ အာရောစေတဗ္ဗံ"

ဟူသောပါဠိတော်အရ အာဂန္တုရဟန်းကိုပင် သုတ်သင် သုတ်သင်၊ အာဝါသိကရဟန်းကိုပင် သုတ်သင် သုတ်သင် ဥပုသ်နေ့၌ ဧကန်မုချ ဝတ်

ကြားရမည်ဟု အစိပ္ပာယ် သက်ရောက်ပေသည်။ ပဝါရဏာနေ့၌လည်း အကူ ပင်မှတ်ရမည်။ (ဝိ၊ ၄။ ၈၃။ ဝိ၊ ၌၊ ၄၊ ၁၁)

တမန်ဖြင့် ဝတ်ကြားပါ

ထိုသို့ အာဂန္တုကရဟန်းအား ဝတ်ကြားရမည်။ ဥပုသ်နေ့၌ဝတ်ကြားရမည်၊ ပဝါရဏာနေ့၌ ဝတ်ကြားရမည်”ဟု ပညတ်တော်မူသဖြင့် မကျန်းမမာဖျားနာသောရဟန်းသည်“ဂိလာနဖြစ်လို့ ကြားစရာမလို”ဟု အမြွက်ထောင်ထားရှောင်ရှားမည်ကို မြင်တော်မူသောကြောင့်–

“သစေ ဂိလာနော ဟောတိ၊ ဒူတေနပိ အာရောစေတဗ္ဗံ”

ဟု ဟောတော်မူပြန်သည်။ မကျန်းမာလျှင် တမန်ဖြင့်လည်း ကြားရမည် ဟု ဟောတော်မူလိုသည်။

မကျန်းမာ ဆိုသည်မှာ သံဃာထံ မသွားနိုင်လောက်အောင် မကျန်းမာသော ရဟန်း ဖြစ်သည်။ မိမိခြေထောက်ဖြင့် မသွားနိုင်သော်လည်း ထမ်းစင်, ခုတင်, ညောင်းစောင်း စသည်တို့ဖြင့် ထမ်း၍ဖြစ်စေ၊ ပွေ့ချီ၍ဖြစ်စေ သံဃာထံရောက်အောင် အခြားသူတို့က ဆောင်ပို့လျှင် ကိုယ်တိုင်လည်း ကြားနိုင်သည်။ ထိုသို့ ဆောင်ပို့မည့်သူ မရှိလျှင်ဖြစ်စေ၊ ရှိသော်လည်း မိမိက အလူပ်ရှား မခံနိုင်လောက်အောင် မကျန်းမာလျှင်ဖြစ်စေ တမန်ဖြင့်လည်း ကြားနိုင်သည်ဟု သိစေတော်မူလိုသောကြောင့် “ဒူတေနပိ” ဟု အပိသဒ္ဒါဖြင့် ဟောတော်မူသည်။

ထိုသို့ တမန်စေလွှတ်၍ ဝတ်ကြားခိုင်းရာ၌ လူသာမဏေကို မလွှတ်သင့်၊ ရဟန်းကိုသာ စေလွှတ်၍ ဝတ်ကြားရမည်။ (ဝိ၊ ၌၊ ၄၊ ၁၁)

တမန်စေလွှတ် ဝတ်ကြားပုံ ပါဠိမရှိ

အဋ္ဌကထာတို့၌ ဝတ်ဆောက်တည်သော ရဟန်းကိုယ်တိုင် ဝတ်ကြားသော ပါဠိများကိုသာ ပြဆိုကြ၏။ တမန်ဖြင့် ဝတ်ကြားသော ပါဠိကို မပြဆိုကြပေ ပါဠိဖြင့် တမန်စေလွှတ်၍ ဝတ်ကြားလျှင် ရှေးဦးစွာ ဂိလာနရဟန်းက စေလွှတ်ခံရသော ရဟန်းအား အောက်ပါအတိုင်း ဝတ်ကြားရမည်။

ဒဏ်သားရဟန်းက တမန်ရဟန်းအား လျှောက်ထားပုံ

“အဟံ ဘန္တေ (အာဝုသော) သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ၊ အာပတ္တိပရိယန္တံ န ဇာနာမိ၊ ရတ္တိပရိယန္တံ နဇာနာမိ၊ အာပတ္တိပရိယန္တံ နဿရာမိ၊ ရတ္တိပရိယန္တံ နဿရာမိ၊ အာပတ္တိပရိယန္တေ ဝေမတိကော၊ ရတ္တိပရိယန္တေ ဝေမတိကော၊ သောဟံ သံဃံ တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ ယာစိံ၊ တဿမေ သံဃော တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ အဒါသိ၊ သောဟံ ပရိဝသာမိ၊ ဝေဒယာမဟံ ဘန္တေ (အာဝုသော) ဝေဒယတီတိ မံ ဓာရေထ”၊

ဤသို့ လျှောက်ထားရမည်။

တမန်ရဟန်းက အာဂန္တုရဟန်းအား ဝတ်ကြားပုံ

“(တိဿော) ဘန္တေ ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ၊ အာပတ္တိပရိယန္တံ န ဇာနာတိ။ ရတ္တိပရိယန္တံ န ဇာနာတိ။ အာပတ္တိပရိယန္တံ နဿရတိ၊ ရတ္တိပရိယန္တံ နဿရတိ၊ အာပတ္တိပရိယန္တေ ဝေမတိကော၊ ရတ္တိပရိယန္တေ ဝေမတိကော၊ သော (တိဿော) ဘိက္ခု သံဃံ တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ ယာစိ၊ တဿ ဘိက္ခုနော (တိဿဿ) သံဃော တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ အဒါသိ၊ သော (တိဿောဘိက္ခု) ပရိဝသတိ၊ ဝေဒယတိ သော (တိဿောဘိက္ခု) ဘန္တေ ဝေဒယတီတိ တံ (တိဿံ ဘိက္ခုံ) သံဃော (အာယသ္မာ)ဓာရေထ။”

ဤသို့ ကြားရမည်။

နှစ်ပါး, သုံးပါးထံ ကြားပုံနှင့် အဋ္ဌသမောဓာန် ဝတ်ကြားပုံကို နောက်ကပြပြီးသည့် နည်းမှီ၍ သိနိုင်ပေသည်။

နိက္ခိတ္တနှင့် အနိက္ခိတ္တအထူး

နိက္ခိတ္တဝတ်ဖြင့် ပရိဝါသ်ကျင့်သုံးသော ရဟန်းသည် ကျောင်း ဥပစာသို့ ရောက်လာသော ရဟန်းအားလုံးတို့အား ဝတ်ကြားဖွယ်ကိစ္စမရှိ။ အဆင်း

မြင်သော ရဟန်း၊ အသံကြားသော ရဟန်းတို့အား ဝတ်ကြားရမည်။ အဆင်းမမြင်ရ၊ အသံမကြားရသော်လည်း တစ်ဆယ့် နှစ်တောင်အတွင်း ရောက်လာလျှင် ဝတ်ကြားရမည်။ ဤသည်မှာ နိက္ခိတ္တဝတ်ဖြင့် ပရိဝါသ်ကျင့် သုံးသော ရဟန်း၏ လက္ခဏာတည်းဟု ဝဇိရဗုဒ္ဓိဋီကာ၊ ဝိနယလင်္ကာရဋီကာ တို့၌ မိန့်သည်။

"ဝတ္တံ နိက္ခိ ပိတ္ဝာ ပရိဝသန္တ ဿ ဥပစာရသီမာဂတာနံ သဗ္ဗေသံ အာရောစနကိစ္စံ နတ္ထိ၊ ဒိဋ္ဌရူပါနံ၊ သုတသဒ္ဒါနံ အာရောစေတဗ္ဗံ၊ အဒိဋ္ဌအသုတာနမ္ပိ အန္တော ဒွါဒသဟတ္ထဂတာနံ အာရောစေတဗ္ဗံ၊ ဣဒံ ဝတ္တံ နိက္ခိပိတ္ဝာ ပရိဝသန္တ ဿ လက္ခဏံ။

(ဝဇိရ။ ၅၁၂၊ ဝိလင်္ကာရ၊ ၂။ ၂၁၀)

အနိက္ခိတ္တဝတ်ကျင့်သော ရဟန်းမှာမူ ကျောင်းဥပစာရ အတွင်းသို့ ရောက်လာသမျှ ရဟန်းအားလုံးတို့အား ဝတ်ကြားရမည်ဟု ဝိနယာလင်္ကာရဋီကာ၌ ယခင် နိက္ခိတ္တဝတ်နှင့်စပ်လျက် ဆက်လက်မိန့်တော်မူသည်။

"အနိက္ခိတ္တဝတ္တေန အန္တော ဥပစာရဂတာနံ သဗ္ဗေသမ္ပိ အာရောစေတဗ္ဗာ" (ဝိ၊ လင်္ကာရ၊ ၂။ ၂၁၀)

ထေရဝါဒအဓိပ္ပာယ်

ဤဋီကာတို့၏ ဖွင့်ပြချက်သည် "အာရာမ်အတွင်း၌ နေ၍ ပရိဝါသ် ကျင့်သုံးခြင်းငှာ မစွမ်းနိုင်၍ အာရာမ် အပြင်ဘက်ထွက်ပြီး ဝတ်ကျင့်သုံးရာ အရုဏ်တက်သဖြင့် ဝတ်ချမည်ပြုသောအခါ အစောင့် ပကတတ်ရဟန်းတစ်ပါးမျှ မကျန် အာရာမ်သို့ ပြန်ကြွကုန်သောကြောင့် အာရာမ်သို့ ဝတ်ချရန် လိုက်သွားသော ပါရိဝါသိကရဟန်းသည် (အာရာမ်တွင်းသို့ ရောက်သောအခါ အာရာမ်တွင်းရှိ သံဃာအားလုံးအား ဝတ်ကြားစရာမလိုဘဲ ရှေးဦးစွာ တွေ့မြင်သောရဟန်းအား ဝတ်ကြား၍ ဝတ်ချရမည်။ ဤသည်မှာ နိက္ခိတ္တဝတ်ကျင့်သော ရဟန်း၏ အစောင့်အရှောက်တည်း-

ဟူသော မဟာ[illegible]ထေရ်၏ အလိုအဓိပ္ပာယ်ကို ဖော်ပြသော ဖွင့်ဆိုချက် ဖြစ်သည်။

အဆိုသုံးရပ် သုံးသပ်ချက်

အာရာမ်တွင်း၌ သံဃာအားလုံး ဝတ်မကြားနိုင်သည့်အတွက် အာရာမ် ပြင်ဘက်ထွက်ပြီး ဝတ်ဆောက်တည်သော ရဟန်း၏ အရဏ်တက်၍ ဝတ်ချမည်ပြုခါမှ ရဟန်းတစ်ပါးမျှမတွေ့ဘဲ ရှိသဖြင့် အာရာမ်သို့ လိုက်သွားခြင်းနှင့် ပတ်သက်၍ အဆိုသုံးရပ် ကွဲပြားလေသည်။

၁။ "ကျောင်းတိုက်မှထွက်လာသော (ဝတ်ဆောက်တည်စဉ်က ပါလာသည့် ရဟန်းမှ တစ်ပါးသော ရဟန်းကိုဖြစ်စေ၊ အာဂန္တုကို ဖြစ်စေ ရှေးဦးစွာ တွေ့မြင်သော ရဟန်းအား ဝတ်ကြား၍ ချထားရမည်"ဟူသော အဋ္ဌကထာအဆို၊

၂။ "ကျောင်းသို့လိုက်သွား၍ မိမိနှင့်အတူ ကျောင်းအပြင်ဘက် ဝတ်ဆောက်တည်သွားစဉ်က အစောင့်လိုက်သော ရဟန်းတို့အထဲမှ ရဟန်းတစ်ပါးထံ ဝတ်ချရမည်"ဟူသော မဟာသုမထေရ်၏ အဆို၊

၃။ ရှေးဦးစွာတွေ့မြင်သော ရဟန်းအား ကြား၍ ဝတ်ချရမည်ဟူ သော မဟာပဒုမထေရ်၏ အဆို၊ ဤအဆိုသုံးရပ် ကွဲပြားလေသည်။

ချဲ့ဦးအံ့။ ထိုအဆိုသုံးရပ်တို့တွင်–

၁။ အဋ္ဌကထာဆရာအလိုမှာ ကျောင်းတွင်း၌ စင်ကြယ်အောင် မတတ်နိုင် သည့်အတွက် ကျောင်းအပြင်ဘက်ထွက်၍ ဝတ်ကျင့်သော ရဟန်းသည် ဝတ်မချရသေးဘဲ ကျောင်းတွင်းသို့ ပြန်မဝင်သင့်ပေ။ ကျောင်းတွင်းသို့ဝင်လျှင် ကျောင်းတွင်းရှိ ရဟန်းအားလုံးအား ဝတ်ကြားရမည်မှာလည်း ကေန်မုချဖြစ် သည်။ အားလုံးမကြားနိုင်သည်မှာလည်း အမှန်ဖြစ်သည်။ သို့ဖြစ်၍ အခက်ကြုံရ၏။ ယင်းသို့ အခက်အခဲနှင့်ကြုံလျှင်–

(၁) ကျောင်းတွင်းမှ အပြင်ထွက်လာသော အခြားရဟန်းကို ဖြစ်စေ၊

(၂) ကျောင်းတွင်းမှမဟုတ်ဘဲ အခြားအာဂန္တုရဟန်းကို ဖြစ်စေ ရှေးဦးစွာ တွေ့မြင်သောရဟန်းအား ဝတ်ကြား၍ ဝတ်ချရမည်ဟုဆိုလိုသည်။

ဤအဋ္ဌကထာဝါဒ၌ အခြားရဟန်းဟုဆိုခြင်းမှာ ဝတ်စောင့်စဉ်က အတူသွားသော ရဟန်းများမှာ ကျောင်းတိုက်သို့ ပြန်သွားသောကြောင့်

ဖြစ်သည်။ အကယ်၍ ဝတ်စောင့်သွားစဉ်က အတူသွားသော ရဟန်းတို့ထဲမှ ရဟန်းတစ်ပါးပါး ပြန်ထွက်လာလျှင်လည်း ထိုရဟန်းထံမှာ ဝတ်ချနိုင်သည်။ ပရိဝါသ်ဖြစ်လျှင် မကြားဘဲချနိုင်သည်။ မာနတ်ဖြစ်လျှင် ကြားပြီးမှ ဝတ်ချရမည်ဟု မှတ်ရမည်။ အဋ္ဌကထာ၏အလိုမှာ ကျောင်းတွင်း၌ ရဟန်းအားလုံး ဝတ်မကြားနိုင်၍ ကျောင်းအပြင်ဘက်ထွက်ပြီး ဝတ်ကျင့်ရလျှင် ဝတ်ချပြီးမှ ကျောင်းအတွင်းသို့ဝင်ပါ၊ ဝတ်မချရသေးဘဲ ကျောင်းတိုက်အတွင်းသို့ မဝင်ပါနှင့်၊ အပြင်မှစောင့်ပါ။ ထွက်လာသောရဟန်းထံမှာ ဝတ်ချပါ ကျောင်းတိုက်အပြင် အလျင်တွေ့သော အာဂန္တုရဟန်းထံမှာ ဝတ်ချပါ၊ (အကယ်၍ ဝတ်မချရသေးဘဲ ကျောင်းတွင်းသို့ ဝင်လာမိလျှင် ကျောင်းတွင်းရှိသံဃာ အားလုံးအား ဝတ်ကြားရမည်)ဟူ၍ ဖြစ်သည်။

၂။ မဟာသုမထေရ်၏ ဝါဒသည် သဘာဝမကျသော ဝါဒဖြစ်သည်။

ချဲ့ဦးအံ့–ဝတ်ချတာဘဲ ရဟန်းရွေးချယ်စရာမလိုချေ။ ပကတတ်ရဟန်းဖြစ်လျှင်ပြီး၏။ အပြင်ဘက် ဝတ်ဆောက်တည်သွားစဉ်က အတူပါသောရဟန်းဘဲဖြစ်ဖြစ်၊ အတူမပါသောရဟန်းဘဲဖြစ်ဖြစ် ပကတတ်ရဟန်းမှန်လျှင် ဝတ်ကြား၍ ဝတ်ချနိုင်သည်သာလျှင်ဖြစ်သည်။

သို့ဖြစ်ပါလျက် ဝတ်စောင့်စဉ်က အတူသွားသော ရဟန်းတစ်ပါးပါး ထံမှာ ချရမည် ဆိုခြင်းမှာ သဘာဝမကျချေ။

ဤမဟာသုမထေရ်၏ အလိုမှာ အပြင်ထွက်၍ နိက္ခိတ္တဝတ်ကျင့်သော ရဟန်းသည် ဝတ်ချရန် အခက်အခဲနှင့်ကြုံ၍ ကျောင်းတွင်းသို့ဝင်သော်လည်း ကျောင်းတွင်းရှိ ရဟန်းအားလုံးအား ဝတ်ကြားစရာမလို။ အပြင်ထွက် ဝတ်ဆောက်တည်စဉ်က အတူသွားသောရဟန်းထံ ဝတ်ချရမည်ဟူ၍ဖြစ်ပါသည်။

၃။ မဟာပဒုမထေရ်၏ ဝါဒမှာ ရှေးဦးစွာ တွေ့မြင်သောရဟန်းဟု ဆိုသဖြင့် ကျောင်းဝိုင်းအပြင်ဘက် တွေ့သောရဟန်း၊ ကျောင်းဝိုင်းအတွင်း တွေ့သောရဟန်းဟု မကွဲပြားချေ။ အကယ်၍ ကျောင်းဝိုင်းအတွင်း ရှေးဦးစွာ တွေ့မြင်သောရဟန်းကို ဆိုလိုတာဖြစ်လျှင်လိုရင်း အချုပ်အားဖြင့် မဟာသုမထေရ်၏ ဝါဒနှင့် အလားတူ "တိုက်တွင်း ရဟန်းအားလုံးအား မကြားရ"ဝါဒပင်ဖြစ်သည်ဟု ဆိုရပေမည်။

ယင်းသို့ဖြစ်လျှင် သဘာဝမကျ၊ အဘယ့်ကြောင့်နည်း။ တိုက်တွင်းဝင်မိလျှင် တိုက်တွင်းသံဃာအား ဝတ်ကြားရမည် ဖြစ်သောကြောင့်တည်း။

အကယ်၍ ကျောင်းဝိုင်းအပြင် အလျှင်ဆုံးတွေ့သောရဟန်းကိုသာ ဆိုလိုတာဖြစ်လျှင် အဋ္ဌကထာဝါဒနှင့် ညီမျှသည်ဟုဆိုရပေမည်။ ကျောင်းတွင်းမဝင်ရ၊ ဝင်လျှင် ကျောင်းတွင်းရှိရဟန်းအားလုံးအား ဝတ်ကြားရမည်ဟူ၍ပင်ဖြစ်သည်။

ဤသို့ နှစ်ခွယူဆစရာရှိသောကြောင့် အဋ္ဌကထာစကားလောက် ပြတ်သားမှုမရှိချေ။

မထေရ်တို့အလိုကျ ဖွင့်ပြရ

ပြပြီးသည့် အဋ္ဌကထာအဆိုဝါဒနှင့် မထေရ်နှစ်ပါးတို့၏ အဆိုဝါဒကိုကြည့်လျှင် အဋ္ဌကထာဆရာသည် အရဏ်မတက်မီ ကျောင်းဝိုင်းအပြင်ဘက်ထွက်၍ ခေတ္တခဏ ကျင့်ရသောဝတ်ကျင့်နည်းကို ဖွင့်ပြခဲ့ခြင်းသည် ထိုအချိန်ကထင်ရှားလှသော မထေရ်တို့၏ ဝါဒကို မလွန်ဆန်နိုင်သောကြောင့်သာ ဖွင့်ပြရဟန် တူပေသည်။

ယင်းသို့ ကျောင်းပြင်ပသို့ ခေတ္တခဏထွက်၍ ဝတ်ဆောက်တည်ခြင်းသည် ပါဠိတော်နှင့်မညီကြောင်း ဝေဖန်ပြခဲ့ပေပြီ။

ဋီကာဝါဒ သံသယဖြစ်စရာ

နိက္ခိတ္တဝတ်ကျင့်သုံးသော ရဟန်းအား ကျောင်းဥပစာရ အပိုင်းအခြား "ဥပစာရသိမ်"သို့ ရောက်သမျှ ရဟန်းအားလုံးအား ဝတ်ကြားစရာမလို။ အဆင်းမြင်မှ၊ အသံကြားမှ ဝတ်ကြားရမည်။ အဆင်းမမြင်၊ အသံမကြားသော်လည်း တစ်ဆယ့်နှစ်တောင်အတွင်း ရောက်လာလျှင် ဝတ်ကြားရမည်ဟူသော မဟာပဒုမထေရ်၏ အလိုကျ အဓိပ္ပာယ်ကို ဖော်ပြသည်ဟုဆိုသော ဝဇိရဗုဒ္ဓိ ဋီကာဝါဒ[၁]၊ ဝိနယာလင်္ကာရ ဋီကာဝါဒ[၂]၌ သံသယဖြစ်ဖွယ်ရှိ၏။

၁-ဝဇိရ၊ ၅၁၂။ ဝိ၊ လင်္ကာရ။ ၂။

အကြောင်းကား မဟာမဒုမထေရ်၏ ဝါဒ၌ ကျောင်းဝိုင်းအတွင်းဟု အတိအကျမဆိုသောကြောင့်တည်း။

ယခုအခါ ကျင့်သူ အတုမယူသင့်

ယင်း ဋီကာဆရာတို့ကား အဋ္ဌကထာလာသည့်အတိုင်း ကျောင်းဝိုင်း အတွင်း၌ သံဃာများ၏ စုံလင်အောင် ဝတ်မကြားနိုင်သည့်အတွက် အပြင်ထွက်၍ နိက္ခိတ္တဝတ် ဆောက်တည်ရသည့်နည်းကိုယူ၍ ပကတတ်ရဟန်းအားလုံး ကျောင်းတွင်းသို့ ပြန်သွားသဖြင့် ဝတ်ချဖို့ရန် ရဟန်းမရှိသောကြောင့် ကျောင်းတွင်းသို့ လိုက်သွားမှုနှင့်စပ်၍ နိက္ခိတ္တဝတ်ကျင့်သောရဟန်းသည် ကျောင်းဥပစာသို့ ရောက်လာသော ရဟန်းအားလုံးအား ဝတ်ကြားဖွယ်မလို စသည်ဖြင့် ဖွင့်ဆိုကြသည်။

ယင်းဖွင့်ဆိုချက်ကိုကြည့်၍ ယခုအခါ ကျောင်းဝိုင်းအတွင်း၌ ရဟန်းအားလုံး အား ဝတ်ကြားနိုင်ပါလျှင် နေ့ဝတ်ချ၍ ညမှ ဆောက်တည်သောနည်း၌ လည်း တစ်ဆယ့်နှစ်တောင်အတွင်းရောက်မှ ဝတ်ကြားရမည်ဟု အတုမယူသင့်ပေ။

ရဟန်းတစ်ပါးထံ မာနတ်ဆောက်တည်ကောင်း

ပရိဝါသ်ဆောက်တည်ရာ၌ နိက္ခိတ္တ ဝတ်ကျင့်သောရဟန်းသည် ရဟန်းတစ်ပါးထံ၌ ဝတ်ဆောက်တည်ခြင်း, ဝတ်ချခြင်းအမှု ပြုနိုင်သည်။

မာနတ်၌မူ ရဟန်းတစ်ပါးထံမှာ ဝတ်ချခြင်းငှာသာ အပ်သည်။ ဝတ်ဆောက်တည်ခြင်းငှာ မအပ်။ ဦနေဂဏောစရဏာ ဒေါသရှိသောကြောင့်တည်းဟု ဓောဆရာတို့က ဆိုကြသည်။ ယင်းဓောဆရာတို့၏ ဝါဒကို ပေါရာဏ ဂဏ္ဌိပုဒ်၌–

> "ပဌမံ အာဒိန္နဝတ္တံ တေသ သန္တိကေ ယထာ နိက္ခိပိတုံ ဝဋ္ဋတိ၊ တထာ သမာဒိယိတုမ္ပိ ဝဋ္ဋတိ"–

ဟုဆို၍ ပယ်လေသည်။

အမိပ္ပာယ်မှာ ရှေးဦးစွာ သံဃာထံမှယူထားသော ဝတ်ကို ရဟန်းတစ်ပါးထံ၌ ချခြင်းငှာ အပ်သလို ဆောက်တည်ခြင်းငှာလည်း အပ်သည်ဟူ၍ ဖြစ်ပေသည်။

မှန်ပေသည်၊ ရဟန်းတစ်ပါးထံ ဝတ်ဆောက်တည်ခြင်းကြောင့် ဥဒိနေဂဏေ စရဏ ဒေါသမဖြစ်၊ ရဟန်းလေးပါး ငါးပါးထံ ဝတ်မကြားဘဲ ရဟန်းတစ်ပါးထံ ဝတ်ကြားမှသာ "ဥဒိနေဂဏေစရဏ ဒေါသ"ဖြစ်သည်။ ထို့ကြောင့် ဥဒိနေဂဏေ စရဏ ဒေါသရှောင်ကွင်းရန်အတွက် ရဟန်းတစ်ပါးထံ ဝတ်ဆောက်တည်ခြင်းဌာ မအပ်။ "ထို့ကြောင့် မာနတ်ဆောက်တည်သော ရဟန်းလည်း ရဟန်းတစ်ပါးထံ မာနတ်ဆောက်တည်ကောင်းသည်။"

ဝိပ္ပဝါသကျင့်ဝတ် (၂၇)
နဂန္တဗ္ဗဝါရ (၁၈)

(၁) ဒဏ်သားရဟန်းသည် ပကတတ်ရဟန်း အဖော်မပါဘဲ အန္တရာယ် ဆယ်ပါးတွင် တစ်ပါးပါး မရှိဘဲ ရဟန်းရှိသော "အာဝါသ"မှ–

(က) ရဟန်းမရှိသော "အာဝါသ"၊

(ခ) ရဟန်းမရှိသော "အနာဝါသ"၊

(ဂ) ရဟန်းမရှိသော "အာဝါသ, အနာဝါသ" သို့ မသွားကောင်း။

ဤနေရာ၌ "အာဝါသ" ဆိုသည်မှာ နေဖို့ရန်ဆောက်လုပ်ထားသော ကျောင်းပင်ဖြစ်သည်။ "အနာဝါသ"ဆိုသည်မှာ စေတီအိမ် ဗောဓိအိမ်၊ တံမြက်စည်းစင်၊ ထင်းစင်၊ ဝစ္စကုဋီ၊ တံခါးမုခ်–စသည်ပင်ဖြစ်သည်။

(၂) ထို့ပြင် ရဟန်းရှိသော "အနာဝါသ"မှ–

(က) ရဟန်းမရှိသော "အာဝါသ"၊

(ခ) ရဟန်းမရှိသော "အနာဝါသ"၊

(ဂ) ရဟန်းမရှိသော "အာဝါသ, အနာဝါသ" သို့ မသွားကောင်း။

(၃) ထို့ပြင် ရဟန်းရှိသော "အာဝါသ, အနာဝါသ"မှ–

(က) ရဟန်းမရှိသော "အာဝါသ"၊

(ခ) ရဟန်းမရှိသော "အနာဝါသ"၊

(ဂ) ရဟန်းမရှိသော "အာဝါသ, အနာဝါသ" သို့ မသွားကောင်း။

(၄) ထို့ပြင် (က) ရဟန်းရှိသော "အာဝါသ"၊
(ခ) ရဟန်းရှိသော "အနာဝါသ"၊
(ဂ) ရဟန်းရှိသော "အာဝါသ, အနာဝါသ"မှ-

(က) လဇ္ဇီနာနာသံဝါသက ရဟန်းရှိသော "အာဝါသ"

(ခ) လဇ္ဇီနာနာသံဝါသက ရဟန်းရှိသော "အာဝါသ, အနာဝါသ" အသီးသီးသို့ မသွားကောင်း။

ရဟန်းတစ်ပါးမျှ မရှိသော ယင်းသည့် "အာဝါသ, အနာဝါသ, အာဝါသာနာဝါသ"တို့သို့ နေ့ဖို့ရန် မသွားကောင်း။ (ဆွမ်းခံသွားရင်း ကျင်ကြီး, ကျင်ငယ်စွန့်ခြင်း-စသော အကြောင်းရှိ၍ ခေတ္တခဏ သွားကောင်း၏။) ဆိုရဟန်းမရှိသော "အာဝါသ" စသည်တို့၌ ကျင့်သုံးသောညဉ့်တို့သည် အရေအတွက်၌ မပါဝင်ကုန်။

ပကတတ်ရဟန်းနှင့်အတူ သွားသော်ကား အပ်၏။ အန္တရာယ်ကြောင့် သွားရာ၌ ညဉ့်တို့အရေအတွက် မရကြသော်လည်း အန္တရာယ်မှ လွတ်မြောက်ခြင်းငှာ သွားသင့်သည်သာလျှင်တည်း။

နာနာသံဝါသက ရဟန်းတို့နှင့်အတူတကွ ဝိနည်းကံပြုခြင်းငှာ မသင့်၊ ထိုသည့် နာနာသံဝါသက ရဟန်းတို့အား ဝတ်မကြားခြင်းကြောင့်လည်း ရတ္တိစ္ဆေဒမဖြစ်၊ ရဟန်းမရှိသောကျောင်းနှင့် အလားတူသည်သာလျှင်တည်း။
(ဝိ၊ ၄။ ၈၃-၅။ ဝိ၊ ဋ္ဌ၊ ၄။ ၁၂၊ ဝိ၊ သင်္ဂဟ။ ၃၈၇။)

ဂန္ထဗ္ဗ (၉) ဝါရ

(၁) ဒဏ်သားရဟန်းသည်-
(က) ရဟန်းရှိသော "အာဝါသ"၊
(ခ) ရဟန်းရှိသော "အနာဝါသ"၊
(ဂ) ရဟန်းရှိသော "အာဝါသ, အနာဝါသ တစ်ခုခုမှ-

(က) သမာ နသံဝါသကရဟန်းရှိသော "အာဝါသ"
(ခ) သမာ နသံဝါသကရဟန်းရှိသော "အနာဝါသ"
(ဂ) သမာ နသံဝါသကရဟန်းရှိသော "အာဝါသာနာဝါသ"

တစ်ခုခုသို့ ယနေ့ပင်လျှင် ရောက်နိုင်မည်ဟု သိမှ သွားကောင်းသည်။ (နေ့ချင်းပေါက် ရောက်နိုင်မည်ဟု မသိလျှင်) နေ့ချင်းပေါက် ရောက်နိုင်သော ခရီးမဟုတ်လျှင် မသွားကောင်း။ (ဝိ ၄၊ ၈၅-၆။ ဝိသင်္ဂဟ။ ၃၈၇)

ဤနဂ္ဂဗ္ဗဝါရ, ဂဏ္ဍဗ္ဗဝါရများသည် ဝိပ္ပဝါသရတ္တိစ္ဆေဒ အတွက် ပညတ်ချက် ကျင့်ဝတ်ပြသော ဝါရများဖြစ်သည်။

ဤကျင့်ဝတ်များကိုကြည့်၍ ဝတ်ဆောက်တည်သော ရဟန်းသည် ပကတတ်ရဟန်းနှင့် အာရာမ်တစ်ခုတည်း၌ နေရသည်။ ပကတတ်ရဟန်းမပါဘဲ အာရာမ်အပြင်ဘက်မထွက်ရ။ ပကတတ်ရဟန်းနှင့်အတူ အာရာမ်အပြင်ဘက် ထွက်လျှင် တစ်ဆယ့်နှစ်တောင် ဥပစာအတွင်းပကတတ်ရဟန်း ရှိနေရမည်။ ပကတတ်ရဟန်းနှင့် တစ်ဆယ့်နှစ်တောင် အပြင်ဘက်ကင်း၍ မနေအပ်။ အထူးသဖြင့် ညအချိန်မှာ အရေးကြီးသည်။ နေ့အချိန်၌ ပကတတ်ရဟန်း မပါ သော်လည်း ပကတတ်ရဟန်းရှိသော အရပ်သို့သွားလျှင် သွားကောင်း သည်။ ပြပြီးသောအပိုင်းအခြားဖြင့် ပကတတ်ရဟန်းနှင့်ကင်း၍နေလျှင် ရတ္တိစ္ဆေဒ ဒုက္ကဋ်နှစ်ရပ်လုံး ဖြစ်၏။

သဟဝါသ ကျင့်ဝတ်များ

ဒဏ်သားရဟန်းသည် ပကတတ်ရဟန်းနှင့် အတူတကွ အမိုးတစ်ခု တည်းရှိသော (က) အာဝါသ (ခ) အနာဝါသ (ဂ) အာဝါသာနာဝါသ၊ တစ်မျိုးမျိုး၌ မနေကောင်း။

ယင်းသည့်အမိုးတစ်ခုတည်းရှိသော အာဝါသစသည်တစ်ခုခု၌ အမိုးမှ ရေကျရာအရပ်ဖြင့် ပိုင်းခြားအပ်သော အရပ်၌ ဥက္ခိတ္တကရဟန်းနှင့် အတူ မနေကောင်း။ ဒဏ်သားရဟန်းသည် ကျောင်းအတွင်း၌သာလျှင် ပကတတ် ရဟန်းနှင့် အတူမနေကောင်းဟု မဟာပစ္စရီ အဋ္ဌကထာ၌ ဆိုသည်။

မဟာအဋ္ဌကထာ၌မူ-

ပါရိဝါသိက, ဥက္ခိတ္တကဟု အထူးမပြ၊ သာမညအားဖြင့် ရေကျရာ အရပ်ဖြင့် တားမြစ်အပ်၏ဟု မိန့်သည်။

ကုရုန္ဒီအဋ္ဌကထာ၌ကား–

မြက်၊ သစ်ရွက်၊ အုတ်၊ ကျောက်၊ အင်္ဂတေတစ်မျိုးမျိုးဖြင့် မိုးအပ် ဖွဲ့အပ်သောအရပ်တို့၌ ပါရိဝါသိကရဟန်းရော ဥက္ခိတ္တကရဟန်းပါ ပကတတ်ရဟန်းနှင့် အတူတကွ ရေကျရာအရပ်ဖြင့် တားမြစ် အပ်၏ဟုမိန့်သည်။

ထို့ကြောင့် အထူးထူး အမျိုးမျိုးသော ဥပစာရှိသော်လည်း အမိုးတစ်ခုတည်းရှိမှု ပကတတ်ရဟန်းနှင့် အတူမနေကောင်း။

(ဝိ၊ ၄။ ၈၉။ ဝိ၊ ဋ္ဌ၊ ၄။ ၁၂၊ ဝိ၊ သင်္ဂဟ၊ ၃၈၇။)

ပကတတ်ရဟန်းနှင့် အတူမနေကောင်း

"ပကတတ်ရဟန်းနှင့် အတူမနေကောင်း"ဆိုရာ၌ အိပ်ခြင်း ဣရိယာပုထ်ကိုသာ ဆိုလိုသည်။ ကြွင်းသော ရပ်ခြင်း, သွားခြင်း, ထိုင်ခြင်းဣရိယာပုထ်သုံးမျိုးကို မဆိုလို။

ထို့ကြောင့် သာရတ္ထဒီပနီဋီကာ၌–

"သဟဝါသော ဟိ ဝုတ္တပ္ပကာရေ ဆန္နေ ပကတတ္တေန ဘိက္ခုနာ တသ္မိံ သယနမေဝ အဓိပ္ပေတံ နသေသ ဣရိယာပထကပ္ပနံ[၁]–

ဟု မိန့်ဆိုသည်။

ကောဝါဒ

ကောဆရာတို့ကား အမိုးတစ်ခုတည်းရှိသော နေရာ၌ ထိုင်နေသော ဒုက်သား ရဟန်းအားလည်း ရတ္တိစ္ဆေဒဒုက္ကဋ်အာပတ် နှစ်ရပ်လုံး ဖြစ်သည်ဟု ဆိုကုန်၏။

ကေစ္စဆန္နေ နိသိန္နဿာပိ ရတ္တိစ္ဆေဒ ဒုက္ကဋာပတ္တိယော ဟောန္တိ တိ ကော။)

(ဝဇိရ။ ၅၁၀)။

၁–သာရတ္ထ။ ၃။ ၃၇၀။

ကေဝါဒမသင့်

ထိုကေဆရာတို့သည် "ပကတတ္တံ ဘိက္ခုံ ဒိသွာ အာသနာ ဝုဋ္ဌာတဗ္ဗံ" ဟူသော ပါဠိတော်ကိုကြည့်၍ "နေရာမှထရမည်"ဟု ဆိုသဖြင့် "မတိုင်သင့်ဟု ယူဆ၍ ဆိုကြဟန်ရှိသည်။

သို့ရာတွင် "န ပကတတ္တေန ဘိက္ခုနာ သဒ္ဓိံ ဧကာသနေ နိသီဒိတဗ္ဗံ" စသော ပကတတ်ရဟန်းနှင့် အတူတကွ သိက္ခာဝါတူ ရဟန်းချင်း အတူထိုင်ရာ တစ်ခုတည်းသော နေရာ၌-မထိုင်ကောင်း၊ (နေရာအသီးအသီး၌ တစ်ခြားစီ ထိုင်ကောင်းသည်) စသော နောက်စကားများကို ထောက်ထား၍ ဒဏ်သား ရဟန်းသည် ပကတတ်ရဟန်းနှင့် အမိုးတူသော ကျောင်းဝယ် နေရာတစ်နေရာ တည်း၌သာ မထိုင်ကောင်း၊ ပကတတ်ရဟန်းက တစ်နေရာ, ဒဏ်သား ရဟန်းက တစ်နေရာ ဤသို့နေရာ အသီးအခြားဖြစ်မူ ထိုင်ကောင်းသောကြောင့် ထိုကေဆရာတို့၏စကားကို မသင့်ဟု မှတ်ရမည်။

ထိုမျှမက ပကတတ်ရဟန်းက ဝတ်ဆောက်တည်လိုသော ရဟန်းအား သိမ်၌ ပရိဝါသ်ပေးခြင်း၊ မာနတ်ပေးခြင်း၊ ဒဏ်သားရဟန်းက ပကတတ်ရဟန်း အား ဝတ်ကြားခြင်း၊ ဆွမ်းစားကျောင်း၌ ဆွမ်းစားခြင်း စသည်ပြုရသောအခါ အမိုးမရှိသော သိမ်၌ပရိဝါသ်ပေးခြင်း၊ မာနတ်ပေးခြင်း၊၊ အမိုးအတွင်း၌နေ လျှင် အမိုးအပြင်ထွက်၍ ဝတ်ကြားရခြင်း၊ အမိုးမရှိသော ဆွမ်းစားကျောင်း၌ ဆွမ်းစားခြင်း စသည် ပြုရပေလိမ့်မည်။ ထိုသို့ ပြုရမည်ဟု ဘယ်ပါဠိတော်, အဋ္ဌကကာဋီကာတို့က မဖွင့်ပြကြချေ။ ထို့ကြောင့် ကေဝါဒ မသင့်ဟု မှတ် ရမည်။ ပကတတ်ရဟန်းနှင့် အမိုးတူရှိသောကျောင်း၌ ထိုင်ခြင်းမျှပင်မပြုကောင်း ခဲ့သော် ဖွင့်ပြမိန့်ဟကြရမည်မှာ ဧကန်ပင်ဖြစ်သည်။ ယခုမူ ထိုသို့ မမိန့်ကြသည် ကို ထောက်ထား၍ ကေဆရာတို့စကားကို မမှတ်သားအပ်။

ပကတတ်ရဟန်းနှင့်အတူအိပ်လျှင်

ထိုပြဆိုပြီးသော အမိုးတူရှိသောကျောင်း၌ ထိုနေ့ ရဟန်းဖြစ်စဖြစ်သော ပကတတ်ရဟန်းက အလျင်ဝင်၍ အိပ်နေရာ ဝါခြောက်ဆယ်ရှိသော ဒဏ်သား ရဟန်းပင်ဖြစ်စေ နောက်မှဝင်၍ သိလျက် အိပ်လျှင် ရတ္တိစ္ဆေဒ ဒုက္ကဋ်အာပတ် နှစ်ရပ်လုံးဖြစ်သည်။

မသိ၍အိပ်လျှင် ရတ္တိစ္ဆေဒသာ ဖြစ်သည်။ ဒုက္ကဋ်အာပတ် မသင့်၊ ဒကာ်သားရဟန်းက အလျဉ်ဝင်အိပ်နေရာ ပကတတ်ရဟန်းက နောက်မှအိပ်အံ့၊ ဒကာ်သားရဟန်းသည်လည်း ပကတတ်ရဟန်း ဝင်အိပ်မှန်း သိအံ့၊ သို့ဖြစ်လျှင် ရတ္တိစ္ဆေဒ, ဒုက္ကဋ်အာပတ် နှစ်ရပ်လုံးဖြစ်သည်။ မသိလျှင် ရတ္တိစ္ဆေဒသာ ဖြစ်သည်၊ ဒုက္ကဋ်အာပတ် မသင့်ပေ။

ဤနေရာ၌ "ပကတတ္တေန ဘိက္ခုနာ"ဟု ပါဠိတော်၌ ဟောတော်မူခြင်း "တဒဟုပသမ္ပန္နေပိ ပကတတ္တေ"ဟု အဋ္ဌကထာ၌ ဖွင့်ခြင်းကြောင့် ရဟန်းနှင့်သာ အတူမအိပ်ကောင်းသည်။ လူသာမဏေတို့နှင့်မူ အိပ်ကောင်းသည်ဟု မှတ်ရမည်။

(ဝိ၊ ၄၊ ၄။ ၁၃။ ဝိ၊ သင်္ဂ။ ၁၈၇-၈။ ဝဇိရ။ ၅၁၀။)

နေရာမှထ ပင့်ဖိတ်

ဒကာ်သားရဟန်းသည် ပကတတ်ရဟန်းကိုမြင်လျှင် နေရာမှထရမည်။ ပကတတ်ရဟန်းကို နေရာဖြင့် ပင့်ဖိတ်ရမည်။ (ဝိ၊ ၄၊ ၈၆)

ထိုနေ့၌ ရဟန်းခံသော ပကတတ်ရဟန်းကိုပင် ဖြစ်စေကာမူ နေရာမှ ထရမည်။ ငါချမ်းသာစွာနေတာကို နေရာမှထရအောင် သူလုပ်တယ်"ဟု စိတ်မသာမယာဖြင့် မျက်နှာလွှဲမသွားသင့်။ "ဆရာ၊ ဒီမှာ နေရာအသင့် ခင်းထားပါတယ်၊ ထိုင်ပါ"ဟု နေရာဖြင့် ပင့်ဖိတ်ရမည်။ သိတင်းငယ် ရဟန်းကလည်း မဟာထေရ်ကို နေရာမှထခြင်း၌ ကြောင့်ကြမှုရှိအောင် ပြုမည်ဟူသော နှလုံးသွင်းဖြင့် ဒကာ်သားမဟာထေရ်ထံ မသွားသင့်။

ထိုင်ခြင်း၌ သတိပြုဖွယ်

ပကတတ်ရဟန်းနှင့် နေရာတူညောင်စောင်း၊ အင်းပျဉ် သပေါ့ဖျာ၊ သားရေနွယ်-စသည်၌ အတူမထိုင်ကောင်း၊ ပကတတ်ရဟန်းက နိမ့်သောနေရာ၌ ထိုင်နေလျှင် မြင့်သောနေရာ၌ မထိုင်ကောင်း။ ပကတတ်ရဟန်းက မြေ၌ ထိုင်နေလျှင် နေရာခင်း၌ မထိုင်ကောင်း။ ယုတ်စွအဆုံး မြက်အခင်း၊ မြင့်သောသဲပြင်၌ပင် မထိုင်ကောင်း။ တစ်ဆယ့်နှစ်တောင် ဥပစာလွတ်၍ ထိုင်လျှင် ထိုင်ကောင်းသည်။ (ဝိ၊ ၅၊ ၄။ ၁၂။)

စင်္ကြံသွားခြင်း

ပကတတ်ရဟန်းနှင့် စင်္ကြံတစ်ခုတည်း၌ သူငယ်ချင်းနှင့်အတူ လမ်းလျှောက်သည့် ပမာ စင်္ကြံအတူမသွားကောင်း။

ပကတတ်ရဟန်းက နိမ့်သောစင်္ကြံ၌ စင်္ကြံသွားနေလျှင် မြင့်သော စင်္ကြံ၌ စင်္ကြံမသွားကောင်း။ ပကတတ်ရဟန်းက မြေ၌စင်္ကြံသွားနေလျှင် ဒဏ်သားရဟန်းက စင်္ကြံပေါ်၌ စင်္ကြံမသွားကောင်း။

'မြေ' ဟူရာ၌ အပိုင်းအခြားပြုလုပ်မထားသော မြေကို ဆိုလိုသည်။ ယင်းသို့ပကတတ်ရဟန်းက အပိုင်းအခြားပြုလုပ်မထားသော မြေ၌ စင်္ကြံသွားနေစဉ် ဒဏ်သားရဟန်းက အပိုင်းအခြားပြုလုပ်၍ သဲပြန့်ကြဲလျက် လက်ဆွဲကိုင်စရာ ကြိုးတန်း၊ ကြိမ်တန်း၊ ဝါးတန်း၊ အသားတန်းတစ်ခုခု တပ်ဆင်ပြုလုပ်ထားသော စင်္ကြံ၌ နိမ့်သောစင်္ကြံပင် ဖြစ်စေကာမူ စင်္ကြံမသွားကောင်း။ အုတ်ခုံအမြင့်နှင့် ပြည့်စုံ၍ ပွတ်လုံး အကာအရံရှိသော စင်္ကြံ၌ကား သာ၍ပင် စင်္ကြံမသွားကောင်း။

တံတိုင်းကာရံလျက် တံခါးမုခ်ယှဉ်တပ်သည့် တောင်ကြား။ တောကြား၊ ချုံကြားတို့၌ ကောင်းစွာဖုံးကွယ်သော စင်္ကြံမျိုးဖြစ်ခဲ့ပါမူ စင်္ကြံ သွားကောင်းသည်၊ မဖုံးကွယ်သည့်တိုင်အောင် တစ်ဆယ့်နှစ်တောင် ဥပစာလွတ်မူ ယင်းကဲ့သို့သော စင်္ကြံမျိုး၌ စင်္ကြံသွားကောင်းသည်။ (ဝိ၊ ၄။ ၈၆။ ဝိ၊ ၅၊ ၄။ ၁၃။)

သီတင်းကြီးဒဏ်သား ရဟန်းနှင့် အတူမအိမ်ကောင်း

သီတင်းငယ်ဒဏ်သားရဟန်းသည် သီတင်းကြီးဒဏ်သား ရဟန်းနှင့် အမိုးတစ်ခုတည်းရှိသော ကျောင်း၌ဖြစ်စေ၊ ကျောင်းမဟုတ်သော စေတီအိမ်၊ အာရုံခံ၊ တန်ဆောင်းစသည်၌ ဖြစ်စေ အတူမအိပ်ကောင်း။ (ဝိ၊ ၄။ ၈၆။)

သီတင်းကြီးဒဏ်သားရဟန်းက အလျှင်အိပ်နေရာ သီတင်းငယ် ဒဏ်သားရဟန်းက နောက်မှသိလျက် အိပ်လျှင် သီတင်းငယ်ဒဏ်သားရဟန်းအား ရတ္တိစ္ဆေဒ. ဝတ္တဘေဒဒုက္ကဋ် နှစ်ရပ်လုံးဖြစ်သည်။ သီတင်းကြီး ဒဏ်သား

ရဟန်းမှာကား ရတ္တိစ္ဆေဒသာ ဖြစ်သည်။ ဝတ္တဘေဒဒုက္ကဋ် မသင့်။ သိတင်းငယ် ရဟန်းသည် မသိ၍ အိပ်မိလျှင် နှစ်ဦးလုံးအား ဝတ္တဘေဒ မဖြစ်။ ရတ္တိစ္ဆေဒသာ ဖြစ်သည်။

သိတင်းကြီး, သိတင်းငယ် နှစ်ပါးလုံး မရှေးမနှောင်း အိပ်ကြလျှင် သိတင်းကြီးအား ရတ္တိစ္ဆေဒသာ ဖြစ်သည်။ ဝတ္တဘေဒဒုက္ကဋ် မဖြစ်။ သိတင်းငယ်အား ရတ္တိစ္ဆေဒသာမက ဝတ္တ ဘေဒလည်း ဖြစ်သည်ဟု ဟုရန္တီ အဌကထာ၌ မိန့်၏။ ဒဏ်သား ရဟန်းနှစ်ပါးလုံး သိက္ခာဝါတ ဖြစ်နေကြရာ တစ်ပါးက အလျင်အိပ်၍ တစ်ပါးက နောက်မှသိလျက် အိပ်အံ့။ ယင်းသို့ဖြစ်လျှင် နောက်မှအိပ်သော ရဟန်းအား ရတ္တိစ္ဆေဒလည်း ဖြစ်၏။ ဝတ္တဘေဒ ဒုက္ကဋ်လည်း သင့်၏။ ရှေးဦးစွာ အိပ်သော ရဟန်းအား ရတ္တိစ္ဆေဒသာလျှင် ဖြစ်၏။ ဝတ္တဘေဒဒုက္ကဋ် မဖြစ်။

နောက်မှအိပ်သော ရဟန်းသည်လည်း မသိ၍ အိပ်မိအံ့။ နှစ်ပါးလုံး ဝတ္တဘေဒဒုက္ကဋ်အာပတ် မဖြစ်။ ရတ္တိစ္ဆေဒကား ဖြစ်၏။ နှစ်ပါးလုံး မရှေးမနှောင်း အိပ်ကြလျှင် နှစ်ပါးလုံးအား ရတ္တိစ္ဆေဒသာလျှင် ဖြစ်သည်။ ဝတ္တဘေဒ မဖြစ်။

ဤသို့ ဒဏ်သားအချင်းချင်း အမိုး တစ်ခုတည်းရှိသော ကျောင်း၌ အတူ အိပ်ခြင်းကို တင်းတင်းကျပ်ကျပ် ပညတ်ရခြင်းမှာလည်း ဒဏ်သားနှစ်ပါး အတူအိပ်ကြလျှင် တစ်ပါး၏ အပြစ်ကို တစ်ပါးက သိနေကြပြီး အချင်းချင်း အရှိအသေကင်း နှောင်တပူပန်ခြင်း ဖြစ်ကြလျက် သံဃာဒိသေသ်အောက် ယုတ်မာသော ပါရာဇိကအထိ ရောက်သော်လည်း ရောက်ကုန်ရာ၏။ လူထွက် သော်လည်း လူထွက်ကုန်ရာ၏။ သို့အတွက် ဒဏ်သားရဟန်း အချင်းချင်း အတူအိပ်ခြင်းကို တင်းတင်းကျပ်ကျပ် တားမြစ်ပိတ်ပင်တော် မူအပ်၏။ မူလာယ ပဋိကဿနာရဟာစသော ဒဏ်သားရဟန်း တို့သည်လည်း ပါရိဝါသိက ရဟန်းတို့၏ ပကတတ်အရာ၌ တည်ကြကုန်၏။ ပါရိဝါသိက ရဟန်းတို့သည် လည်း မူလာယ ပဋိကဿနာရဟာ စသော ဒဏ်သားရဟန်းတို့၏ ပကတတ် အရာ၌ တည်ကြကုန်၏။ (ဝိ၊ ၄၊ ၄။ ၁၃။)

နေရာစကြံ၌ ရှောင်ကြဉ်ဖွယ်

သီတင်းငယ်ဒဏ်သား ရဟန်းသည် သီတင်းကြီးဒဏ်သား ရဟန်းနှင့် တစ်နေရာတည်း၊ (နေရာတူ)၌ မထိုင်ကောင်း၊ မြင့်သောနေရာ၌ မထိုင်ကောင်း၊ သီတင်းကြီးဒဏ်သား၊ ရဟန်းက မြေ၌ထိုင်နေရာ သီတင်းငယ်ဒဏ်သား ရဟန်းက နေရာ၌ မထိုင်းကောင်း၊ ယုတ်စွ အဆုံး မြက်အခင်း, မြင့်သော သဲပြင်၌ပင် မထိုင်ကောင်း။ စကြံတစ်ခုတည်း၌ စကြံအတူမသွားကောင်း။ သီတင်းကြီး ဒဏ်သားရဟန်းက နိမ့်သောစကြံ၌ စကြံသွားနေရာ သီတင်းငယ် ဒဏ်သားရဟန်းက စကြံမြင့်၌ စကြံမသွားကောင်း၊ သီတင်းကြီး ဒဏ်သားရဟန်း က မြေပေါ်၌ စကြံသွားနေစဉ် သီတင်းငယ် ဒဏ်သားရဟန်းက စကြံ၌စကြံ မသွားကောင်း။ ကြွင်းသောမှတ်သားဖွယ်ကို ပြဆိုခဲ့ပြီး။ (ဝိ၊ ၄၊ ၈၆။)

ပရိဝါသ်ပေးခြင်းစသည် မပြုရ

ဒဏ်သားရဟန်းကို ဂဏပူရကပြု၍ ဒဏ်သားရဟန်းမှ လေးပါးရှိသော သံဃာသည် အခြားသောရဟန်းအား ပရိဝါသ်ပေးခြင်း, အရင်းသို့ ငင်ခြင်း, မာနတ်ပေးခြင်း မပြုကောင်း။

ဒဏ်သားရဟန်းလျှင် နှစ်ဆယ်ရှိသောသံဃာသည် အခြားရဟန်းအား အဗ္ဘာနကံ မပြုကောင်း။ ပြုလျှင် ကံမမြောက်။

ဒဏ်သားရဟန်းသည် ဤပရိဝါသဒါနကံ, မူလာယ ပဋိကဿနကံ, မာနတ္တ ဒါနကံ, အဗ္ဘာနကံတို့၌သာလျှင် ဂဏပူရက မဖြစ်။ အကယ်၍ ဂိုဏ်းမလောက်လျှင် ဝတ်ချထား၍ ဂဏပူရက ပြုအပ်၏။

ပြပြီးသော ဤကံလေးမျိုးမှ တစ်ပါးသောသံဃကံတို့၌ ဂဏပူရက ရဟန်းဖြစ်ကောင်းသည်။ န ဥပသမ္ပါဒေတဗ္ဗဝါရ၌-

"အာစရိယေန ဟုတွာပိ ကမ္မဝါစာ န သာဝေတဗ္ဗာ၊ အညသ္မိံ အသတိ ဝတ္တံ နိက္ခိပိတွာ သာဝေတုံ ဝဋ္ဋတိ"-

ဟု မိန့်အပ်သောကြောင့် ကမ္မဝါစာဆရာ မပြုမလုပ်ကောင်း။ အကယ်၍ ကမ္မဝါစာဖတ်ရမည့် ရဟန်းမရှိလျှင် ဝတ်ချထား၍ ကမ္မဝါစာ-ဖတ်ကောင်း သည်ဟု မှတ်သားအပ်၏။

(ဝိ၊ ၄၊ ၈၇ ၉၁၊ ၉၅၊ ၉၉၊ ၁၀ ။ ဝိ၊ ၅၊ ၄၊ ၁၃၃။)

ဤပြပြီးသော ကျင့်ဝတ်များသည် ဒဏ်သားအားလုံးနှင့် သက်ဆိုင်သော ကျင့်ဝတ်များဖြစ်သည်။

ရတ္တိစ္ဆေဒ (၃)ပါး

ပရိဝါသ်ကျင့်ရာ၌ အဓိကကျသည့် ရတ္တိစ္ဆေဒ (၃)ပါးရှိသည်။

၁။ သဟဝါသ=ပကတတ်ရဟန်းနှင့်ဖြစ်စေ၊ ဒဏ်သားရဟန်း အချင်းချင်းဖြစ်စေ အမိုးတူရှိသောကျောင်း စေတီအိမ်–စသည်တို့၌ နေ့မှာဖြစ်စေ၊ ညမှာဖြစ်စေ အတူတကွ ခေါင်းချအိပ်ခြင်း၊

၂။ ဝိပ္ပဝါသ= ပကတတ်ရဟန်းနှင့် အာရာမ်တစ်ခုတည်းမှာမနေဘဲ ကင်းကွာ၍ တစ်ပါးတည်းနေခြင်း၊ (အာရာမ်တွင်းမှာဆိုလျှင် အသီးသီး ကိုယ့်နေရာနှင့်ကိုယ် တစ်ဆယ့်နှစ်တောင်ထက်ကျော်လွန်၍ နေနိုင်သည်။ အာရာမ်အပြင်ဘက်မှာဆိုလျှင် တစ်ဆယ့်နှစ်တောင်အတွင်း၌ ပကတတ်ရဟန်း ရှိနေရမည်။)

၃။ အနာရောစနာ=မိမိတည်းဟူသော ပါရိဝါသိကရဟန်းက သူတစ်ပါး ကျောင်းအာရာမ်သို့ ရောက်သွားလျှင် ထိုအာရာမ်ရှိ သံဃာအားလုံးအား ဝတ်ကြားရခြင်း မိမိနေရာကျောင်း အာရာမ်သို့ အခြားကျောင်းမှ ရောက်လာသော အာဂန္တုအား ဝတ်ကြားရခြင်း၊ (တစ်ခါကြားပြီး ရဟန်းအား နောက်ထပ်ကြားစရာ မလို)။

ဤသို့အဓိကကျသည့် ရတ္တိစ္ဆေဒ (၃)ပါး ရှိသည်။

ပါရိဝါသိကာဒိကျင့်ဝတ်ပြီး၏။

မူလာယ ပဋိကဿနာရဟ
ကျင့်ဝတ်

မူလာယ ပဋိကဿနာရဟရဟန်းသည်–

၁ ။ ပရိဝါသ်ကျင့်သုံးနေစဉ် အပ္ပဋိစ္ဆန္နသံဃာဒိသေသ် အန္တရာ ပတ်သင့်၍ အရင်းအစမှပြန်၍ ကျင့်စေရန် အရင်းအစကို ငင်ရမည်ဖြစ်ရာ သံဃာမစုံလင် ခြင်း–စသော အကြောင်းများကြောင့် အရင်းအစသို့ မငင်ရသေးဘဲ ဆိုင်းငံ့နေစဉ်

အတွင်း အရင်းအစသို့ဝင်ထိုက်သော "ပါရိဝါသိက မူလာယ ပဋိကဿနာရဟာ" ရဟန်း၊

၂။ ပရိဝါသ်ကျင့်သုံးပြီး၍ မာနတ်ပေးထိုက်သော အခိုက်အတွင်း၌ အပ္ပဋိစ္ဆန္န အန္တရာပတ်သင့်၍ အရင်းအစမှပြန်ကျင့်စေရန် အရင်းအစသို့ ဝင်ရမည်ဖြစ်သော်လည်း အကြောင်းမညီညွတ်သေးသည့်အတွက် စောင့်ဆိုင်းနေရသည့်အတွင်း အရင်းသို့ ဝင်ထိုက်သော မာနတ္တာရဟာ မူလာယ ပဋိကဿနာရဟာရဟန်း၊

၃။ မာနတ်ကျင့်နေစဉ် အပ္ပဋိစ္ဆန္န အန္တရာပတ်သင့်၍ အရင်းသို့ဝင်ကာ မာနတ်ပေးရမည်ဖြစ်၍ မာနတ်မပေးရသေးမီ အတောအတွင်း အရင်းသို့ဝင်ထိုက်သော "မာနတ္တစာရိက မူလာယ ပဋိကဿနာရဟာ" ရဟန်း၊

၄။ မာနတ်ကျင့်ပြီး၍ အဗ္ဘာန်ထိုက်နေစဉ် အတောအတွင်း သံဃာ ဒိသေသ်အာပတ်သင့်၍ အရင်းသို့ဝင်ကာ မာနတ်ပေးရမည်ဖြစ်ရာ ယင်းကာလအတွင်း အရင်းသို့ဝင်ထိုက်သော "အဗ္ဘာနာရဟာ မူလာယ ပဋိကဿနာရဟာ" ရဟန်းအားဖြင့် လေးပါးရှိသည်။

ယင်းလေးပါးသောရဟန်းတို့ ကျင့်အပ်သောကျင့်ဝတ်သည် "မူလာယ ပဋိကဿနာရဟာ" ကျင့်ဝတ်မည်၏။

ယင်းမူလာယ ပဋိကဿနာရဟာ ကျင့်ဝတ်သည် ပါရိဝါသိကကျင့်ဝတ် "၉၄"ပါး ရှိသည်တွင် "အာရောစန" ကျင့်ဝတ် (၅)ချက်သာ ယုတ်လျော့သည်။ ကျန်ကျင့်ဝတ်များ အလားတူပင် ဖြစ်သည်။

သို့ဖြစ်၍ အရင်းသို့ဝင်ရန် တောင်းပန်ချိန်၌ ဝတ်ကြား စရာ မလိုချေ။

အရဟာပုဂ္ဂိုလ် ဝတ်ကြားစရာမလို

ထို့အတူ ပရိဝါသ်ကျင့်ပြီး၍ မာနတ်ပေးထိုက်သော "မာနတ္တာရဟာ ရဟန်း, မာနတ်ကျင့်ပြီး၍ အဗ္ဘာန်သွင်းထိုက်သော "အဗ္ဘာနာရဟာ" ရဟန်းတို့၏ ကျင့်ဝတ်များ၌လည်း "အာရောစန" မပါချေ။

သို့အတွက် အနိက္ခိတ္တ ဝတ်ကျင့်သောရဟန်းသည် ပ ရိဝါသ်ကျင့်ပြီး ၍

မာနတ်တက်သောအခါ, မာနတ်ကျင့်ပြီး၍ အဗ္ဘာန်ထွက်သော အခါတို့၌ "ဝတ်ဆောက်တည်ခြင်း, ပရိဝါသ်ကြားခြင်း, မာနတ်ကြားခြင်း ပြုစရာမလိုချေ။

အနိက္ခိတ္တဝတ်ဖြစ်၍ ဝတ်ဆောက်တည်စရာ မလို၊ မာနတ္တာရဟ ပုဂ္ဂိုလ်ဖြစ်၍ ပရိဝါသ် ကြားစရာမလို။ အဗ္ဘာနာရဟ ပုဂ္ဂိုလ်ဖြစ်၍ မာနတ် ကြားစရာ မလိုချေ။

(မူလာယ ပဋိကဿနာရဟဝတ်၊ မာနတ္တာရဟဝတ်၊ အဗ္ဘာနာရဟဝတ် တို့ကို ပါရိဝါသိကဝတ်၊ မာနတ္တစာရိကဝတ်တို့နှင့်ယှဉ်ကြည့်။)

မာနတ္တ စာရိကဝတ်

ပရိဝါသ်ဆောက်တည်ပြီးသောအခါ မာနတ်တက်ရမည်။ ထိုအခါ ၄-ပါး ၅-ပါးအောက် မနည်းသော သံဃာကို သိမ်သို့ပင့်၍ မာနတ်တောင်းရမည်။

သံဃာစုံသောအခါ မာနတ်တောင်းရမည်။ အနိက္ခိတ္တဝတ်ဖြစ်၍ ပရိဝါသ် ဆောက်တည်စရာမလို။ မာနတ္တာရဟပုဂ္ဂိုလ်ဖြစ်၍ မာနတ်ကြားစရာမလို။ မာနတ်တောင်းရုံသာ တောင်းရ၏။ သံဃာက ကမ္မဝါစာဖြင့် မာနတ်ပေးပြီးသော အခါ သံဃာအား မာနတ်ကြားရမည်။ ဝတ်မချထားသဖြင့် ဆောက်တည်စရာ မလို။ အနိက္ခိတ္တဝတ်ကျင့်မှာ ဖြစ်၍ ဝတ်ချစရာလည်း မလိုချေ။

မာနတ္တ စာရိကဝတ်အထူး

မာနတ္တ စာရိကဝတ်သည်လည်း ပါရိဝါသိက ဝတ်နှင့်တူ၏။ ကျင့်ဝတ်၌ "ဒေဝသိကံ အာရောစေတဗ္ဗံ"ဟူသော ကျင့်ဝတ်ပါသည်သာလျှင် ထူး၏။

အနိက္ခိတ္တ ဝတ်ကျင့်သောအခါ ပရိဝါသ်၌ တစ်ခါကြားထားလျှင် ပြီး၏။ နောက်ထပ် ကြားစရာမလို (ပုဂ္ဂိုလ်အသစ်တွေ့မှ ကြားရ၏။) မာနတ်၌ ထိုသို့မဟုတ်၊ ပုဂ္ဂိုလ် အဟောင်းဖြစ်ဖြစ်၊ အသစ်ဖြစ်ဖြစ် နေ့တိုင်ကြား ရ၏။ အနာရောစန ရတ္တိစ္ဆေဒအတွက် ပိုထွက်လာသော ကျင့်ဝတ်တည်း။

ရတ္တိစ္ဆေဒ (၄)ပါး

မာနတ်၌-သဟဝါသ, ဝိပ္ပဝါသ, အနာရောစန, ဦနေဂဏေစရဏာဟု ရတ္တိစ္ဆေဒ (၄)ပါးလာသည်။ ဦနေဂဏေ စရဏာပိုသည်။ ၉

"ဉီနေဂဏောစရဏ"ဟူသည် ၄–ပါး ၅–ပါးသော ပကတတ်တို့နှင့် အတူ အာရာမ်တစ်ခုတည်း၌ နေရခြင်း၊ အာရာမ်အပြင်ဘက်ဖြစ်မူ ၄–ပါး, ၅–ပါးသော ပကတတ်ရဟန်းတို့ တစ်ဆယ့်နှစ်တောင် ဉပစာအတွင်း ရှိနေခြင်းပင်တည်း။

သို့ဖြစ်၍ ၄–ပါး. ၅–ပါးသောရဟန်းတို့နှင့် ညဉ့် ကင်းမနေရချေ။ အကယ်၍ ၂–ပါး, ၃–ပါးသော ရဟန်းတို့နှင့်သာနေခဲ့သော် ရတ္တိစ္ဆေဒ ဖြစ်သည်သာလျှင်တည်း။

အဗ္ဘာနာရဟ

မာနတ်ကျင့်ပြီးလျှင် အယုတ်ဆုံး နှစ်ဆယ်, နှစ်ဆယ်ထက်ပိုလွန်သော သံဃာကို သိမ်သို့ပင့်၍ အဗ္ဘာန်ဆောင်ရမည်။ အနိက္ခိတ္တဝတ် ဖြစ်ခြင်းကြောင့် ဝတ်ဆောက်တည်စရာမလို။ မာနတ္တစာရိကရဟန်းမဟုတ်ဘဲ အဗ္ဘာနာရဟ ရဟန်းဖြစ်ခြင်းကြောင့် မာနတ်ကြားစရာလည်းမလိုချေ၊ အဗ္ဘာန်တောင်းရုံသာ တောင်းရ၏။ သံဃာက အဗ္ဘာန ကမ္မဝါစာဖြင့် ဖတ်၍ ချီးမြှင့်ပြီးသည်၏အဆုံး၌ အားလုံးသော သံဃာဒိသေသ် အာပတ် အပြစ်မတွယ် စင်ကြယ်လေတော့၏။

ဝတ်ချဖွယ်မလို

ပဏ္ဍိတဝံသာဘိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရုဟူသော ဘွဲ့တံဆိပ်တော်ရ အမရပူရ ရွှေမြို့တော် ဗန်းမော်တိုက်အုပ်ဆရာတော်ကား အဗ္ဘာနကံ ဆောင်ပြီး သောအခါ မာနတ် ချသင့်သည်ဟု ဝတ္တဝိဝါဒ ဘေဒနီ ကျမ်း၌ ဆုံးဖြတ်မိန့်ဆို တော်မူသည်။

သို့ရာတွင် ယင်းဝါဒကို မထေရ်အဆက်ဆက် မနှစ်သက်ကြပေ။ ပြု လုပ်သူလည်း မရှိသလောက် နည်းပါးလေသည်။ အမှန်မှာ ဝတ်မဆောက်တည် ခင်က သံသယစင်ကြယ်မည့်နည်းလမ်းကို ရွေးချယ်ရှာဖွေ၍ သံသယ ကင်းလောက်သော နည်းရမှဝတ်ဆောက်တည်ရာ၏။ ဝတ်ဆောက်တည် နေစဉ်မှာလည်း သံသယစင်ကင်းလောက်အောင် သတိထား၍ ဆောက်တည် ရာ၏။ ဝတ်ထွက် ပြီးမှ သံသယပြန်ရှိနေခြင်းသည် ဗာလ၏ အမူအကျင့်သာ ဖြစ်ပေသည်။

သူတစ်ပါးကို သံသယမရှိသင့်

မည်သည့် သမ္ဗုဒ္ဓိလက္ခဏာကိုမဆို မိမိသံသယမရှိလောက်အောင် ကြိုတင်ဆင်ခြင်ရွေးချယ်၍ပြုလုပ်လျှင် ဖြစ်နိုင်သည်။

သို့ပါလျက် ကံပြုသော ကာရကသံဃာအပေါ် သံသယ ရှိတတ်ကြ၏။ မိမိအနေဆိုးလို့ သီလညှိုးခဲ့ရာ သူတစ်ပါးကို သံသယမတိုးသင့်။ သူ့ကံလိုက်ကူညီခါမှ ဒုသီလသံသယအရှိခံရသည်မှာ နစ်နာလှပေသည်။

ဤပြပြီးသော စကားအစဉ်သည် အနိက္ခိတ္တဝတ်ကျင့်သော ပုဂ္ဂိုလ်တို့ လိုက်နာကျင့်ရမည့်ကျင့်ဝတ်ကို ပြသော စကားအစဉ်ဖြစ်သည်။

သာသနာ၌ ကွယ်ပျောက်နေသော အနိက္ခိတ္တဝတ်ကို သဒ္ဓါတရား ရှေ့ထားကာ ကျင့်နိုင်ပါစေရန် ရေးသားခဲ့ပေသည်။

အဋ္ဌာနကံ မှတ်ဖွယ်ပြီး၏။

အနိက္ခိတ္တဝတ်ပြီး၏။

နိက္ခိတ္တဝတ်

နိက္ခိတ္တဝတ်ကို ခွင့်ပြုတော်မူသည်မှာ မိမိနေရာ ကျောင်းတိုက်၌ သံဃာများ၏ သံဃာအားလုံးအား ဝတ်ကြားခြင်းငှာ မစွမ်းနိုင်သည့် အတွက်ကြောင့်သာ ခေတ္တခဏ ဝတ်ချထားရန် ခွင့်ပြုတော်မူသည်။

၁။ အဋ္ဌကထာ၌ မိမိနေရာ ကျောင်း၌ သံဃာများ၏ စင်ကြယ်အောင် မတတ်နိုင်လျှင် ကျောင်းဝိုင်းအပြင်ဘက် ခဲနှစ်ကျ ကျော်လွန်အောင်ထွက်၍ ကျင့်ရသောနည်းကို ပြဆိုသည်။

၂။ ယခုအခါ အချို့သောရဟန်းတို့က မိမိနေရာကျောင်း၌ သံဃာများ၏ သံဃာအားလုံးအား ဝတ်ကြားခြင်းငှာ မတတ်နိုင်သည့်အတွက် သံဃာနည်းသော ကျောင်းတစ်ကျောင်းသို့ ညမအိပ်မီသွားပြီး ဝတ်ဆောက်တည်ကာ နံနက်အရုဏ်တက်လျှင်ဝတ်ချ၍ မိမိကျောင်းသို့ ပြန်လာပြီး ပကတတ်အဖြစ်ဖြင့် အခြားပြုဖွယ်တို့ကို ပြုလုပ်ကြပေသည်။

၃။ အချို့သောရဟန်းတို့က မိမိနေရာ ကျောင်း၌သံဃာနည်းပါးလျက် အာဂန္တုအား ဝတ်ကြားမှု ပကတတ်အဖြစ်ဖြင့် အခြားကိစ္စတို့ကို လွယ်လင့်တကူ ပြုနိုင်မှုအတွက် ညဝတ်ဆောက်တည်ကာ နေ့မှာဝတ်ချထားသောနည်းတို့ကို ကျင့်တတ်ကြပေသည်။

ထိုနည်းသုံးနည်းတို့တွင် နောက်ဆုံးနည်းမှာ သဒ္ဓါယွင်းကွက် အပျင်းထွက်သောနည်းဖြစ်၍ မသင့်လျော်ချေ။

အဋ္ဌကထာနည်း

ယခုပြမည့် နိက္ခိတ္တဝတ်ကျင့်နည်းမှာ အဋ္ဌကထာလာသည့်နည်း ဖြစ်သည်။ မိမိသင့်ရောက်သော သံဃာဒိသေသ် အာပတ်အားလျော်စွာ ဝတ်တောင်းရမည်။ သံဃာက ကမ္မဝါစာဖတ်၍ ဝတ်ပေးပြီးသောအခါ သိမ်၌ပင်လျှင် သံဃာအား ဝတ်ကြားရမည်။ သံဃာကပေးသောဝတ်ကို မချရသေးသောကြောင့် ဝတ်ဆောက်တည်စရာ မလို။ ဝတ်ကြားမှုကို ပါဠိဘာသာဖြင့်သာမဟုတ်ဘဲ ဘာသာတစ်မျိုးမျိုးဖြင့် ဝတ်ကြားနိုင်သည်။ ဝတ်ချလိုလျှင် သံဃာ့အလယ်၌

ဝတ်ချရမည်။ သိမ်တန် ဆောင်းမှ ရဟန်းအပေါင်းတို့ ထွက်သွားကုန်သည်ရှိသော် ရဟန်းတစ်ပါ ထဲ၌လည်း ဝတ်ချနိုင်သည်။

သိမ်တန်ဆောင်းဝင်းမှ သံဃာအများ ထွက်သွားပြီးမှ သတိရ၍ ဝတ်ချ လိုလျှင် အတူသွားသောရဟန်းထံမှာ ဝတ်ချရမည်။ အတူသွားသော ရဟန်း လည်း တစ်ခြားသို့ဖဲသွားခဲ့လျှင် သိမ်တန်ဆောင်း၌ ဝတ်မကြားရသေးသော အခြားရဟန်းအား "ဝတ်ကြား၍ ဝတ်ချရမည်"ဟူသောနည်းသည် အဋ္ဌကထာ နည်း ဖြစ်သည်။

အဖွင့်ခက်လှ ဤဒွာန

ဤ၌ "ဝတ်ကြား၍ ဝတ်ချရမည်"ဟူသောစကားကို ဒုက္ကဋ်အာပတ်မှ လွတ်မြောက်စေခြင်းငှာ အဋ္ဌကထာဆရာမိန့်ဆိုသည်ဟု ဋီကာတို့၌ ဖွင့်ပြကြ သည်။

"တဿ အာရောစေတွာ နိက္ခိပိတဗ္ဗန္တိ အနာရောစနေန ဝတ္တဘေဒဒုက္ကဋ ပရိမောစနတ္ထံ ဝုတ္တံ။ (သာရတ္ထ။ ၃၊ ၃၇၁။)

"အာရောစေတွာ နိက္ခိပိတဗ္ဗန္တိ ဒုက္ကဋ ပရိမောစနတ္ထံ ဝုတ္တံ။ (ဝိမတိ၊ ၂၊ ၂၁၈။)

ဤနေရာ၌ ဋီကာဆရာတို့ ဖွင့်ပြရသည်မှာ ခက်ခဲလှဘိသည်။ အဋ္ဌကထာစကားကိုလည်း မပြင်ရဲ၊ ပါဠိတော် အာဘော်မကျဟုလည်း မဟာပံ့၊ မဖွင့်ဘဲချန်လှပ်ခဲ့ရန်လည်း မဖြစ်။

ပါဠိတော်၌ ဝတ်ကြားသင့်သော ရဟန်းအား ဝတ်မကြားလျှင် ဝတ္တဘေဒ ဒုက္ကဋ်သာမက ရတ္တိစ္ဆေဒပင် ဖြစ်ကြောင်း–

"တယော ခေါ ဥပါလိ ပါရိဝါသိကဿ ဘိက္ခုနော ရတ္တိစ္ဆေဒါ၊ သဟဝါသော ဝိပ္ပဝါသော အနာရောစနာ။[၁]

(စတ္တာရော ခေါ ဥပါလိ မာနတ္တစာရိကဿ ဘိက္ခုနော ရတ္တိစ္ဆေဒါ၊ သဟဝါသော ဝိပ္ပဝါသော အနာရောစနာ ဦနေဂဏေစရဏံ။[၁])

၁–ဝိ၊ ၄။ ၈၇၊ ၉၉။

အဘယ်ညဉ့်ပြတ်သလဲ

ဤဌာသိမ်အတွင်းက ဝတ်မကြားခဲ့ရသေးသော ရဟန်းထံ ဝတ်ချရာ၌ ဝတ်မကြားဘဲ ဝတ်ချလျှင် "အာဂန္တုကဿ အာရောစေတဗ္ဗံ"ဟူသော ပါဠိတော်နှင့် ဆန့်ကျင်ပေလိမ့်မည်။

တစ်ဖန် အာရောစေဟွာ နိက္ခိပိတဗ္ဗံ–ဝတ်ကြားပြီးမှ ဝတ်ချပါဟု ဆိုလျှင်လည်း အဘ့ကြောင့် ဝတ်ကြားရသလဲဟု မေးခဲ့သော် ညဉ့်ပြတ်ခြင်းမှ ရှောင်လွှဲလိုသောကြောင့် ဝတ်ကြားရသည်ဟု ဖြေပါက အဘယ်ညဉ့်ပြတ်ခြင်းမှ ရှောင်လွှဲလိုပါသလဲ၊ အတိတ်ညဉ့်လော၊ အနာဂတ်ညဉ့်လော။ အတိတ်ညဉ့်ကား ဝတ်ကိုပင် မပေးရသေးသောကြောင့် ပြတ်စရာမရှိ၊ ဝတ်ချမည့်အတွင်း၌ အနာဂတ်ညဉ့် မရှိသေးသောကြောင့်လည်း အနာဂတ်ညဉ့် ပြတ်စရာမရှိ၊ ပစ္စုပ္ပန် ဝတ်ကြားဆဲ အခိုက်၌လည်း ညဉ့်မဟုတ်၊ နေ့ဖြစ်၍ ညဉ့်ပြတ်စရာမရှိ။

သို့ဖြစ်၍ ရတ္တိစ္ဆေဒ ပရိဟာရတ္ထံ=ညဉ့်ပြတ်ခြင်းမှရှောင်လွှဲလို သောကြောင့် ကြားရသည်ဟု ဖွင့်ဆိုလို့လည်း မဖြစ်။

ပါဠိတော်နှင့် ဆန့်ကျင်ခြင်း

သို့ဖြစ်၍ "ဝတ္တဘေဒ ဒုက္ကဋ ပရိမောစနတ္ထံ"ဟု ရတ္တိစ္ဆေဒကို ချန်လှပ်ကာ ဖွင့်ပြရလေသည်။

ရတ္တိစ္ဆေဒ ချန်လှပ်ခဲ့သဖြင့် "အနာရောစနာ"ဟူသော ရတ္တိစ္ဆေဒ ပါဠိတော်နှင့် ဆန့်ကျင်ပြန်လေသည်။

ကေစိဆရာတို့ အတွန့်တက်ပုံ

ကေစိဆရာတို့က–

"တဒဟောဝ ပုန ဝတ္တံ သမာဒိယိတွာ အရုဏံ ဥဋ္ဌာပေတုကာမဿ ရတ္တိစ္ဆေဒ ပရိဟာရတ္ထိမ္ပိ[၁]"–

"ထိုနေ့၌ပင် တစ်ဖန်ဝတ်ဆောက်တည်၍ အရုဏ်တက်စေလိုသော ပါရိဝါသိကရဟန်း၏ ဒုက္ကဋ်မှလွတ်မြောက်ခြင်းငှာ သာမဟုတ်၊ ညဉ့်ပြတ်ခြင်းမှ ရှောင်လွှဲခြင်းငှာလည်း ဝတ်ကြားရသည်။"–

၁–ဝိမတိ၊ ၂။ ၂၁၀။

ဟု အတွန့်တက်ကာ ဆိုလာကြသည်။

နောက်တစ်ခါ ဝတ်ဆောက်တည်မှု တက်မည့်ညဥ့်အရုဏ်ပြတ်မှုကို ရည်ရွယ် ဆိုသောကြောင့် ထိုဆရာတို့၏ဝါဒကို ကေစိဝါဒဟု အဆိုခံရခြင်း ဖြစ်သည်။

ဝတ်မချခင် ဆောက်တည်ထားသော ဝတ်နှင့်ချပြီးမှ တစ်ဖန်ဆောက် တည်သောဝတ်က ကာလခြားနေပေသည်။

အဆိုခွဲပြားခြင်းအကြောင်း

ဝတ်မကြားရသေးသောရဟန်းအား ဝတ်မကြားလျှင် "ရတ္တိစ္ဆေဒ, ဝတ္တဘေဒ ဒုက္ကဋ်" အာပတ်သင့်ရမည်မှာ သေချာပေသည်။

သို့ဖြစ်လျှင် "ရတ္တိစ္ဆေဒ ဝတ္တဘေဒ ဒုက္ကဋ ပရိမောစနတ္ထံ"ဟု ဖွင့်ရပေမည်။ သို့ဖြစ်လျက် ထိုသို့မဖွင့်ဘဲ "ဝတ္တဘေဒ ဒုက္ကဋပရိမောစနတ္ထံ" ဟောက်သော ဖွင့်ရခြင်းသည် အဋ္ဌကထာလာသည့် အရာဌာနစကား အားလျော်စွာ ဖွင့်ရခြင်းဖြစ် သည်။

ထိုသို့ အစွန်းမလွတ်ဘဲ ကွဲပြားရခြင်းမှာ "အရင်းစစ်၊ အမြစ်မြေက" ဆိုသကဲ့သို့ အဋ္ဌကထာ၌ နိက္ခိတ္တဝတ်ပြပုံမှာ ပါဠိတော်နှင့် အံမကျသောကြောင့် ဖြစ်ချေသည်။

ပါဠိတော်၌ "သံဃာများ၍ စုံလင်စွာဝတ်မကြားနိုင်လျှင် ခေတ္တဝတ်ချ ရမည်။ စုံလင်စွာဝတ်ကြားနိုင်သောအခါ တစ်ဖန် ဝတ်ဆောက်တည်ရမည်။[၁]" ဟု လာသည်။

အဋ္ဌကထာ၌-

"အရုဏ်တက်လုနီး အနည်းငယ်သောညဥ့်၌ ဝတ်ဆောက်တည်၊ အရုဏ်တက်၍ နေ့ဘက်ရောက်လျှင်ဝတ်ချ[၂]" ဟူ၍လာသည်။

ပြဆိုပြီးသော နည်းနှစ်နည်းတို့၌ တောက်လျှောက်ဆောက်တည်ခြင်းနှင့် ဝတ်ချလိုက်၊ ဆောက်တည်လိုက် လုပ်ခြင်း၊ ဤသို့ကွာခြားသည်၊

၁-ဝိ၊ ၄။ ၈၇။ (ပိုဒ်ရေ၊ ၈၄၊ ၈၅။)

၂-ဝိ၊ ၅၊ ၄။ ၁၇၊ ၂၃၊ ၄။

ဤသို့ဝတ်ကြား၍ ဝတ်ချထားချိန်မှစပြီး ပကတတ်အရာ၌ တည်လေတော့သည်။

အပြင်ထွက်ဆောက်တည်

ဝတ်ယူပြီး ကျောင်းတွင်း၌ပင်နေ၍ ဝတ်ကို သုတ်သင် စင်ကြယ်စေခြင်းငှာ မစွမ်းနိုင်ခဲ့သော် ဝတ်ချထားပြီးနောက် နံနက်မိုးသောက်ထနိုး အရုဏ်တက်လုနီးချိန်၌ ပကတတ်ရဟန်းတစ်ပါးနှင့်အတူ "ပရိက္ခိတ္တဿ ဝိဟာရဿ ပရိက္ခေပတော အပရိက္ခိတ္တဿ ပရိက္ခေပါရဟဋ္ဌာနတော ဒွေ လေဍ္ဍုပါတေ အတိက္ကမိတွာ" "အာရာမ်ရှိသောကျောင်း၌ အရံမှ၊ အရံမရှိသောကျောင်း၌ အာရာမ်ထိုက်သောအရပ်မှ ခဲနှစ်ကျ ကျော်လွန်အောင် သွားရမည်။

ယင်းသို့ သွားပြီးလျှင် "မဟာမဂ္ဂတော ဩက္ကမ္မ" လမ်းမကြီးမှ တစ်ဆယ့် နှစ်တောင်ကွာဝေးအောင် ဖဲခွာသွားရမည်။

ယင်းသို့ လမ်းမကြီးမှ တစ်ဆယ့်နှစ်တောင် ဥပစာလွတ်အောင်ဖဲပြီးနောက် "ဂုမ္ဗေနဝါ ဝတိယာဝါ ပဋိစ္ဆန္နဋ္ဌာနေ နိသီဒိတဗ္ဗံ–" ချုံပိတ်ပေါင်း၊ စည်းစောင်ရန်းတို့ဖြင့် ဖုံးကွယ်သောအရပ်၌ ထိုင်နေရမည်။

စိတ္တဝေသံကိုလွန်ရန် အပြင်ထွက်

ဤနေရာဝယ်"ဒွေလေဍ္ဍုပါတေ အတိက္ကမိတွာ"ဟူသော ပါဠ်နှင့်စပ်လျဉ်း၍ သာရတ္ထဒီပနီဋီကာ၌–

"ဒွေ လေဍ္ဍု ပါတေ အတိက္ကမိတွာတိ ဘိက္ခူနံ သဝနူပစာရ ဝိဇဟနတ္ထံ ဝုတ္တံ"

ဟူ၍လည်းကောင်း၊

ဝိမတိ ဝိနောဒနီ ဋီကာ၌–

"ဒွေ လေဍ္ဍု ပါတေ အတိက္ကမိတွာတိ ဣဒံ ဝိဟာရေ ဘိက္ခူနံ သဇ္ဈာယာဒိသဒ္ဒ သဝနူပစာရဝိဇဟနတ္ထံ ဝုတ္တံ[၂]"–

၁–ဝိ၊ ၅၊ ၄။ ၁၇။ ၂–သာရတ္ထ၊ ၃။ ၃၇၁။ ဝိမတိ၊ ၂၊ ၂၁၈

ဟူ၍လည်းကောင်း အဓိပ္ပာယ်တူ ဖွင့်တော်မူကြသည်။

ဒဏ်သားရဟန်း ဖဲခွာထွက်လာခဲ့ရာကျောင်းတိုက်၌ ရဟန်းတို့၏ စာပေကျမ်းဂန် သရဇ္ဈာယ်သံ၊ စကားပြောသံ ရယ်သံ၊ ချေဆတ်သံ၊ ချောင်းဆိုသံ–စသော အာဝါသိကရဟန်း၏ (ခန္ဓာကိုယ်မှ တိုက်ရိုက် ဖြစ်ပေါ်လာသော ကာယသဒ္ဒ၊) စိတ်ကြောင့်ဖြစ်သည့် စိတ္တဇအသံ ကြားလောက်ရာ ဥပစာကို စွန့်လွှတ်နိုင်ရန်အကျိုးငှာ အဋ္ဌကထာဆရာ ဆိုသည်ဟု အဓိပ္ပာယ်ရသည်။

တုံးသံ–စသည် သံသယမရှိသင့်

ဤစကားဖြင့် ကျောင်းဝိုင်းအတွင်းမှ ရဟန်းတီးခေါက်သော ကြေးစည် ခေါင်းလောင်း၊ အုန်းမောင်းကျောက်စည်–စသည်တို့၏ အသံကို ဒဏ်သားရဟန်း ကြားသော်လည်း ဝတ်ကြားစရာမလိုဟု သိနိုင်ပေသည်။

အကယ်၍ ကျောင်းဝိုင်းအတွင်းမှ ရဟန်းတီးခေါက်သော ကြေးစည်၊ ခေါင်းလောင်းစသည်တို့၏ အသံကိုကြားရ၍ ထိုတီးခေါက်သော ရဟန်းအား ကြားစေလိုလျှင် "ဒွေ လေဍ္ဍုပါတေ"ဟု ဆိုရုံနှင့်မရ၊ ထိုထက်ပို၍ ဆိုရပေသည်။ ကုလလေးတာ အပြန်တစ်ထောင်၊ တစ်ထောင့်ငါးရာကို ကျော်လွန်၍ဟု ဆိုပေလိမ့်မည်။ မှန်ပေသည်။ တုံးသံ (အုန်းမောင်းသံ) သည် ထိုမျှလောက် အရပ်မှ ကြားရတတ်ပေသည်။ ထိုမျှလောက်ကွာဝေးအောင် သွားရလျှင်လည်း အရဏ်တက်ခါနီးမှ သွားလို့ မဖြစ်ချေ။ ထိုမျှမက ကျောင်းအပြင်ဘက်ထွက်၍ ဝတ်ဆောက်တည်ရခြင်းသည် ကျောင်းတွင်း၌ခက်ခဲသောကြောင့် ဖြစ်ပေသည်။

တာတစ်ထောင် လောက်သွားရမည် ဆိုခြင်းမှာလည်း တစ်ဘက်ရွာကျောင်းအတွက်သာလျှင် ဖြစ်သည်။ အခြားတစ်ဘက်ရွာကျောင်းမှလည်း တုံးစသည် တီးခေါက်ဦးမည်ဆိုလျှင်အခြားရွာကျောင်းဘက်မှလည်းတာ တစ်ထောင်လောက် ဝေးကွာရပေလိမ့်မည်။ ထိုမျှလောက် ဝေးကွာသောအရပ်ကို ရှာဖွေဖို့ရန်မှာ ဘယ်လိုမှ မဖြစ်နိုင်ချေ။ ကျောင်းဝိုင်း အတွင်း၌ ဝတ်ကြားခက်၍ အပြင်ထွက်ခါမှ ပို၍ခက်နေပေသည်။

"မဟာမဂ္ဂတော ဩက္ကမ္မ"ဟူသော အဋ္ဌကထာပါဠိနှင့် စပ်လျဉ်း၍ သာရတ္ထဒီပနီဋီကာ၌-

"မဟာမဂ္ဂတော ဩက္ကမ္မာတိ မဂ္ဂပ္ပဋိပန္နဘိက္ခူနံ ဥပစာရဝိဇဟ နတ္ထံ[၁]"-

ဟူ၍လည်းကောင်း၊

ဝိမတိဝိနောဒနီဋီကာ၌-

"မဟာမဂ္ဂတော ဩက္ကမ္မာတိ ဣဒံ မဂ္ဂပဋိပန္နာနံ ဘိက္ခူနံ ဥပစာရာတိက္ကမနတ္ထံ ဝုတ္တံ"-

ဟူ၍လည်းကောင်း မိန့်တော်မူကြသည်။

ကျောင်းတိုက် အပြင်ဘက်ထွက်၍ နိက္ခိတ္တဝတ် ယောက်တည်လိုသော ရဟန်းသည် ကျောင်းတိုက်အပြင်ဘက် ခဲနှစ်ကျလွန်အောင် ထွက်ပြီးနောက် လူအများသွားလာနေကျ လမ်းမကြီးမှ ဖဲရခြင်းမှာ လမ်းမကြီးဆိုသည်မှာ လျော်စွာ ထိုရဟန်းတို့နှင့် ဥပစာလွတ်အောင် ဖဲခွာရခြင်းဖြစ်သည်။

သို့ဖြစ်၍ လမ်းမကြီးမှ တစ်ဆယ့်နှစ်တောင် ဥပစာလွတ်အောင် ဖဲသွားရမည်။

ချုံပိတ်ပေါင်း စည်းစောင်ရန်းတို့ဖြင့် ဖုံးကွယ်သောအရပ်၌ နေရခြင်းသည် ခရီးသွားလာသောရဟန်းတို့ကို မြင်နိုင်သည့် ဥပစာကို စွန့်လွတ် လွန်မြောက်စေလိုသောကြောင့် ဖြစ်သည်။

ထို့ကြောင့် ဋီကာတို့၌-

"ဂုမ္ဗေန ဝါ ဝတိယာ ဝါ ပဋိစ္ဆန္နဋ္ဌာနေတိ ဒဿနူပစာရ ဝိဇဟနတ္ထံ"[၁]-

ဟူ၍လည်းကောင်း၊

"ဂုမ္ဗေနာတိအာဒိ ဒဿနူပစာရ ဝိဇဟနတ္ထံ[၁]"-

ဟူ၍လည်းကောင်း ဖွင့်ဆိုကြသည်။

၁-သာရတ္ထ၊ ၃။ ၃၇၁။ ဝိမတိ၊ ၂၊ ၂၁၈

အကယ်၍ မတော်တဆ တစ်ဆယ့် နှစ်တောင်အတွင်း၌ ဖြစ်စေ၊ တစ်ဆယ့် နှစ်တောင်အပြင်ဘက်၌ ဖြစ်စေ ရဟန်းတို့ကိုမြင်လျှင် ရဟန်းပါဟု သိခဲ့သော် ဝတ်ကြားရမည်ဟု ဆိုလိုသည်။

ဤသို့လျှင် အာပတ်ကိုဖုံးလွှမ်းသော ရက်တို့ ပတ်လုံးသော် လည်းကောင်း၊ ထိုထက်ပိုလွန်သော ရက်တို့ပတ်လုံးသော် လည်းကောင်း ကုက္ကုစ္စပယ်ဖျောက်နိုင်လောက်အောင် ပရိဝါသ်ကျင့်သုံးရမည်။ ယင်းသို့ ပရိဝါသ်ကျင့်ပြီးသောအခါ သံဃာသို့ချဉ်းကပ်၍ ဝတ်ဆောက်တည်ကာ မာနတ်တောင်းရမည်။ မှန်ပေသည်။ ဤရဟန်းသည် နိက္ခိတ္တဝတ်ဖြင့် ကျင့်သုံးခဲ့သောကြောင့် ဝတ်ဆောက်တည်မှသာ မာနတ် ထိုက်တော့သည်။ (အနိက္ခိတ္တ ဝတ်ကျင့်သုံးသောရဟန်းမှာကား တစ်ဖန် ဝတ်ဆောက်တည်ဖွယ်မလို။ မှန်ပေသည်။ အနိက္ခိတ္တဝတ် ဆောက်တည်သောရဟန်းသည် "ပဋိစ္ဆန္နဒိဝသာတိက္ကမေနေဝ မာနတ္တာရဟော ဟောတိ" ဖုံးလွှမ်းသောနေ့ကျော်လွန်လျှင်ပင် မာနတ်ထိုက်တော့သည်။

မာနတ္တာရဟပုဂ္ဂိုလ် ဖြစ်ခြင်းကြောင့် ပရိဝါသ် ကြားစရာမလို၊ မာနတ်တောင်းရုံသာ တောင်းရပေမည်။

သို့အတွက်ကြောင့် ပရိဝါသ်ကျင့်သုံးပြီးသော ရဟန်းအား မာနတ် ပေးရမည်သာလျှင်တည်း။

"ပရိဝါသိကက္ခန္ဓကပါဠိတော် ၉၉-၌"အနုဇာနာမိဘိက္ခဝေ မာနတ္တံ သမာဒိယိတုံ...သမာဒိန္နံ ဟောတိ မာနတ္တံ"ဟု ဟောတော်မူခြင်း၊ ဧဝံ အာပတ္တိကေန ကမ္မဝါစံ ကတွာ ဒိ-န္နံ မာနတ္တေ ဧဝမေတံ ဓာရယာ မိတိ ကမ္မဝါစာ ပရိယော သာနေ မာဠကသီမာယမေဝ မာနတ္တံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာ မိတိ ဝုတ္တနယေနေဝဝတ္တံသမာဒိယိတဗ္ဗံ"ဟု (ဝိ၊ ဋ္ဌ၊ ၄၊ ၁၆)၌ အဋ္ဌကထာ ဆရာ ဖွင့်ပြတော် မူခြင်းတို့ကြောင့် မာနတ်ကျင့်သောရဟန်းအား သံဃာက မာနတ္တဒါန ကမ္မဝါစာဖြင့် မာနတ်ပေးပြီးသော် ကမ္မဝါစာအဆုံး၌ သိမ်တန်ဆောင်းမှာပင် မာနတ္တံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ"ဟု ဆို၍ မာနတ်ဆောက်တည်ရမည်။

သို့အတွက် သံဃာက မာနတ်ပေးပြီးသောအခါ ယင်းသံဃာအား မာနတ်ကြားရမည်။ နိက္ခိတ္တမာနတ်ကျင့်မည်ဖြစ်၍ ယင်းသံဃာထံ၌ပင် မာနတ်ခံရမည်။

မာနတ်ဆောက်တည်

မိမိနေရာကျောင်း၌ သံဃာများသည့်အတွက် ဝတ်ကြားခြင်းငှာ မစွမ်းနိုင်သောကြောင့် ကျောင်းဝိုင်းအပြင်ထွက်၍ ဝတ်ဆောက်တည်လိုလျှင် ပြပြီးသည့်အတိုင်း အရုဏ်တက်လုနီးပါးအချိန်၌ အဖော်ပက တတ်ရဟန်း အယုတ်ဆုံး ၄-ပါးနှင့်အတူ မိမိနေရာ ကျောင်းတိုက်မှ ခဲနှစ်ကျလောက် ဝေးကွာသော အရပ်ကို ကျော်လွန်အောင် သွားပြီး လမ်းမကြီးမှ တစ်ဆယ့် နှစ်တောင်လောက် လွတ်အောင် ဖဲသွားပြီးလျှင် ချုံပိတ်ပေါင်း စသည်တို့ဖြင့် ဖုံးကွယ်သော အရပ်၌ ထိုင်နေကာ အရုဏ်အတွင်း၌ပင် ဝတ်ဆောက်တည်၍ ယင်း ပက တတ်ရဟန်းအား ဝတ်ကြားရမည်။ အရုဏ်တက်လျှင် ဝတ်ချ၍ ကျောင်းသို့ ပြန်လာရမည်။

အကယ်၍ ဝတ်ကြားပြီးသောအခါ အရုဏ်မတက်မီကပင် ပကတတ် ရဟန်းသည် အကြောင်းကိစ္စရှိ၍ ကျောင်းသို့ ပြန်သွားခဲ့သော်လည်းကောင်း၊ အရပ်တစ်ပါး ဖဲသွားခဲ့သော်လည်းကောင်း မိမိမူလနေရာ ကျောင်းသို့ ပြန်သွားရ ပေမည်။ ကျောင်းအပြင် အလျင်တွေ့သော ရဟန်းထံ ဝတ်ကြား၍ ဝတ်ချရမည်။

အဗ္ဘာန်သွင်းလျှင် စင်ကြယ်

ဤသို့ ခြောက်ည၌ပတ်လုံး မာနတ်ကျင့်ရမည်။ ယုံမှား သံသယ ကင်း အောင် ည၌အပိုနှင့်တကွ ကျင့်သုံးလျှင် သံသယ ကင်းကြောင်း နည်းကောင်း တည်း။ ဤသို့ မာနတ်ကျင့်ပြီးလျှင် အကြောင်းစုံလင်သော အခါ နှစ်ကျိပ် နှစ်ကျိပ်ထက်ပိုလွန်သော သံဃာထံ၌ ယခင်က ဝတ်ချထားသောကြောင့် မာနတ်ဆောက်တည်ရမည်။ အဗ္ဘာနာရဟ ပုဂ္ဂိုလ်ဖြစ်၍ ဝတ်ကြားစရာမလို။ အဗ္ဘာန် သုံးကြိမ် တောင်းရမည်။ သံဃာက အဗ္ဘာနကမ္မဝါစာဖြင့် အဗ္ဘာန်သွင်း ပြီးသောအခါ သံဃာဒိသေသ် အာပတ် ညစ်ကြေး အပြစ်ဘေး စင်ကြယ်၍ တင့်တယ်သောရဟန်း ဖြစ်လေတော့သည်။

ဤသို့ ခဲခဲယဉ်းယဉ်း ပင်ပင်ပန်းပန်း ဝတ်ကျင့်ရပုံကို အာရုံအထပ်ထပ် မပြတ်အောက်မေ့ ဆင်ခြင်ကာ နောက်ထပ်တစ်ဖန် သံဃာဒိသေသ် အာပတ် မသင့်ရောက်အောင် စောင့်ရှောက်ကြိုးစား အားထုတ်ရာ၏။

နိက္ခိတ္တဝတ်ကျင့်ပုံ ပြီး၏။

မာနတ်နှင့် အစ္စန္တသံယောဂ

မာနတ္တယာစန စသည်တို့၌ "ဆာရတ္တံ"ဟု အသံယောဂနှင့် ဟောတော်မူသောကြောင့် ခြောက်ညဉ့်အစဉ်မပြတ် ကျင့်ရမည်။ ကြား၌ ညဉ့်ပြတ်သွားလျှင် အရင်းမှစ၍ ပြန်ကျင့်ရမည်ဟု အယူရှိကြ၏။ ထိုသို့ မယူဆသင့်ပေ။

ယင်းသို့ ဆိုသောအယူအဆ၊ အယူဝါဒသည်–

၁။ "အနုဇာနာမိ ဘိက္ခဝေ မာနတ္တံ နိက္ခိပိတုံ[၁]"–

ဟူသော စူဠဝါ ပါရိဝါသိကက္ခန္ဓက ပါဠိတော်နှင့်လည်းကောင်း၊

၂။ "ဣမေ ပန ဘိက္ခဝေ မာနတ္တံ စရန္တော ဝိဇ္ဇမတိ၊ ဂိဇ္ဇန္တကဿ ဘိက္ခဝေ မာနတ္တစရိယာ နရှုပတိ၊ သော စေ ပုန ဥပသမ္ပဇ္ဇတိ၊ ယံ မာနတ္တံ ဒိန္နံ သုဒိန္နံ၊ ယံ မာနတ္တံ စိဏ္ဏံ သုစိဏ္ဏံ၊ အာဝသေသံ စရိတဗ္ဗံ[၂]"–

ဟူသော စူဠဝါ သမုစ္စယက္ခန္ဓက ပါဠိတော်နှင့် လည်းကောင်း ဆန့်ကျင်ပေသည်။

ပဌမပါရိဝါသိကက္ခန္ဓက စကားအရ သံဃာများ၍ ဝတ်မကြားနိုင်လျှင် ဝတ်ချထားပိုင်ခွင့် ပြုတော်မူခြင်းဖြစ်သည်။ အကယ်၍ အဆက်မပြတ် ကျင့်ရမည်ဆိုလျှင် မာနတ်ချခြင်းကို ခွင့်ပြုမည်မဟုတ်။

ဒုတိယသမုစ္စယက္ခန္ဓက ပါဠိတော်၌ မာနတ်ကျင့်စဉ် လူဝတ်လဲ လူထွက်ခဲ့လျှင် လူထွက်သောပုဂ္ဂိုလ်အား မာနတ်ကျင့်မှု မသက်ရောက်။ လူထွက်နေချိန် မာနတ်ပြတ်နေခဲ့၏။ လူထွက်နေရာမှတစ်ဖန် ရဟန်းခံပြန်အံ့၊ ထိုရဟန်းအား ပရိဝါသ် နောက်ထပ်ပေးစရာမလို၊ ယခင် ပေးပြီးသော ပရိဝါသ်သည် ကောင်းစွာပေးပြီးပင် ဖြစ်၏။ ကျင့်သုံးပြီးသော ပရိဝါသ်သည် ကောင်းစွာ ကျင့်သုံးပြီးပင် ဖြစ်၏။ ပေးပြီးသောမာနတ်သည်လည်း ကောင်းစွာပေးပြီးပင် ဖြစ်၏။ ကျင့်ပြီးသော မာနတ်သည် ကောင်းစွာကျင့်ပြီးပင်ဖြစ်၏။ နောက်ထပ် ပြန်၍ ကျင့်စရာမလို၊ အကြွင်းကိုသာ ကျင့်ရမည်ဟု ဘုရားအလိုကျ အဓိပ္ပာယ်ရ၏။

၁–ဝိ၊ ၄။ ၉၉။ ၂–ဝိ၊ ၄၊ ၁၅၆။

^သို့ဖြစ်၍ မာနတ်ကျင့်စဉ်လူထွက်ပြီး တစ်ဖန် ရဟန်းခံလာသော ပုဂ္ဂိုလ်အား ယခင်ပေးပြီးသော မာနတ်အကြွင်းကိုသာ ကျင့်ရ၍ ကျင့်သုံးပြီးသော မာနတ်သည် ကောင်းစွာပြီးမြောက် ကျင့်ရာရောက်သည်ကို ထောက်၍ မာနတ်ကို ညဉ့်မပြတ်တစ်ဆက်တည်းသာ ကျင့်ရမည်မဟုတ် ကြိုးကြားကြိုးကြား နား၍လည်း ကျင့်နိုင်သည်။ အကြောင်းတစ်မျိုးမျိုးကြောင့် ညဉ့်ပြတ်သွားလျှင်လည်း ကြွင်းသောရက်အတွက်သာ ကျင့်ရမည်။

သမောဓာန်ကျင့်ပြား သုဒ္ဓန်များ

ယခုအခါပရိဝါသ်ကျင့်ကြရာ၌ အဂ္ဃသမောဓာန်ဆိုပြီး ကျင့်ကြသော်လည်း သုဒ္ဓန်သဘောသက်ရောက်နေသည်ကို တွေ့ရ၏။ အမှန်ဆိုရသော် မိမိသင့်သော အာပတ်သဘောမှာ သုဒ္ဓန်ကျင့်ရမည့်သဘော သက်ရောက်လျက် အဂ္ဃသမောဓာန် ကျင့်နေကြပေသည်။ ထိုသို့ကျင့်၍ မရ၊ မထနိုင်။ ခုတ်ရာတခြား ရှရာတလွဲ ဖြစ်နေကြပေသည်။

အဂ္ဃသမောဓာန် ကျင့်နိုင်းပုံ

သိတင်းငယ် ရဟန်းများက ပရိဝါသ် ဆောက်တည်လို၍ ထေရ်ကြီးတို့ထံ သွားရောက် လျှောက်ထားသောအခါ အာပတ်ဘယ်နှစ်ကြိမ် သင့်၍ ဘယ်နှစ်ညဉ့် ဖုံးလွှမ်းသလဲဟု မေးတတ်ကြ၏။ သင့်သည့်အကြိမ်လဲ အများပဲ၊ ဖုံးလွှမ်းသည့် ညဉ့်ကိုလဲ မမှတ်မိဟု လျှောက်ထားလျှင် ထိုအခါ အရှင်ဘုရား၊ ဥပုသ် မှန်မှန်ပြုဖူးတယ် မဟုတ်လား၊ ဥပုသ် မှန်မှန်ပြုလျှင် ဥပုသ်ပြုခါနီး ဒေသနာကြားတယ်မဟုတ်လား။ ကြားပါတယ်။ ကြားလျှင် အရှင်ဘုရား ဖုံးလွှမ်းတာ (၁၅)ရက် အလွန်ဆုံးဘဲရှိမယ်၊ ဒီထက် မပိုနိုင်ဘူး။ သို့ဖြစ်၍ (၁၅)ရက် တစ်ပက္ခ အဂ္ဃသမောဓာန် ဆောက်တည်ဟု ခိုင်းတတ်ကြ၏။ အဂ္ဃသမောဓာန် ဆောက်တည်ခိုင်းသော်လည်း သုဒ္ဓန်သဘော သက်ရောက်၏။ ထိုအရှင်သည် (၁၅) ရက် မကျော်လွန်မှန်း သိသော်လည်း (၁၅)ရက် အတွင်း၌ (၅)ရက်လော၊ (၁၀)ရက်လော စသည်ဖြင့် တွေးတော ယုံမှား၏။ အတိအကျမသိ၊ သို့ဖြစ်၍ သုဒ္ဓန်သဘော သက်ရောက်၏။ သုဒ္ဓန်ပရိဝါသ် ကျင့်အပ်၏။

အဋ္ဌသမောဓာန်၌ အာပတ်များစွာသင့်၍ အလွန်ဆုံး ဖုံးလွှမ်းသည့် ညဉ့်အပိုင်းအခြားကို တိတိကျကျ သိရမည်ဖြစ်၏။

ယခုမူ တိတိကျကျမသိ၊ ယုံမှားလျက် ရှိကြ၏။ သို့ဖြစ်၍–

"အာပတ္တိ ပရိယန္တံ န ဇာနာမိ၊ ရတ္တိပရိယန္တံ န ဇာနာမိ၊

အာပတ္တိ ပရိယန္တံ နဿရာမိ၊ ရတ္တိပရိယန္တံ နဿရာမိ၊

အာပတ္တိ ပရိယန္တေ ဝေမတိကော၊ ရတ္တိပရိယန္တေ ဝေမတိကော"

ဟူသော သုဒ္ဓန္တပရိဝါသ်၌ သက်ဝင်လျက် ရှိ၏။

ထို့ကြောင့် အာပတ်အပိုင်းအခြား ညဉ့်အပိုင်းအခြား မသိလျှင် သုဒ္ဓန္တပရိဝါသ် ဆောက်တည်အပ်၏။

နာနာဝါဒ ဝိနိစ္ဆယအခန်း

ဂဏနူပဂဖြစ်–မဖြစ်သောရက်

ဒဏ်သားရဟန်းသည် ဒဏ်သားရဟန်း အချင်းချင်းအား ဖြစ်စေ၊ ပကတတ်ရဟန်းအား ဖြစ်စေ ဝတ်ကြားရမည်။ အထူးကား ဒဏ်သားရဟန်းထံ ဆောက်တည်ကြား၍ ကျင့်သောရက်ကား ဂဏနူပဂမဖြစ်၊ ပကတတ်ရဟန်း အထံ၌ ဆောက်တည်ကြား၍ ကျင့်သော်ရက်ကသာလျှင် ဂဏနူပဂ ဖြစ်သည်။

(စူဠဝါ၊ သျှ၊ ၁။ ၁၀၇–၈)

အရုဏ်မတက်မီ ညဉ့်ပြတ်လျှင် ဝတ်ချ၍ အသစ်ဆောက်တည်

ဝိမတိဝိနောဒနီ–စသောဋီကာတို့၌–

"အာရောစေတွာ နိက္ခိပိတဗ္ဗန္တိ ဒုက္ကဋပရိမောစနတ္ထံ ဝုတ္တံ"–ဟုဆိုသောစကားကို ထောက်လျှင် တစ်စုံတစ်ခုသော အကြောင်းကြောင့် ရတ္တိစ္ဆေဒဖြစ်ပြီးသော ပါရိဝါသိက ရဟန်း, မာနတ္တစာရိက ရဟန်းတို့သည် ထိုရတ္တိစ္ဆေဒဖြစ်သောနေ့၌ အရုဏ်မတက်မီ ထိုဝတ်ကိုချ၍ အသစ်တစ်ဖန် ဆောက်တည်ပြီး အသစ်တစ်ဖန်ကြားရလျှင် ထိုလာလတ့်သော ရတ္တိစ္ဆေဒ အနာဂတ်ညဉ့်သည်ပင် ဂဏနူပဂ ဖြစ်ရာသေးသည်။

အကြောင်းကား ပရိဝါသ်မာနတ် ပေးပြီးသော ရဟန်းကို ထိုခဏ၌ ဝတ်ကိုဆောက်တည်၍ မကြားခြင်းနှင့် နောက်နောက်ဖြစ်သော ရတ္တိစ္ဆေဒသည် မထူးမပြားသင့်သောကြောင့်တည်း။

(စူဠဝါ၊ သျှ၊ ၁၊ ၁၀၃။)

မာနတ်ကြားရန် သံဃာ့ထံ

မာနတ် ရတ္တိစ္ဆေဒအရာ၌–

"ဦနေဂဏေ စရတိ"–

ဟူ၍လာသည်။ ဂဏာနူပဂညဥ့်ကို အလိုရှိ၍ ကြားစဉ်အခါ၌ သံဃာကို အလိုရှိအပ်သည်။ ဆောက်တည်စဉ့်အခါ, ချစဉ်အခါတို့၌ကား တစ်ယောက် တည်းသော ရဟန်း အထံ၌သော်လည်း ဆောက်တည်အပ်, ချအပ်သည်။

(စူဠဝါ၊ သျ၊ ၁။ ၁၁၄။)

ဤစကားများသည် အဋ္ဌကထာ၌ပြသော နိက္ခိတ္တဝတ် ကျင့်စဉ်နည်းကို ရည်ရွယ်၍ပြသော စကားများ ဖြစ်သည်။

တတ်ကြိုးစသည် သွယ်မှုကြောင့် သဟဝါသ–မဖြစ်

ပကတတ်ရဟန်း နေသောကျောင်းနှင့် ဒဏ်သားရဟန်း နေသောကျောင်း၌ လည်းကောင်း, ဒဏ်သားရဟန်းများနေသော ကျောင်းအချင်းချင်းသော်လည်း ကောင်း, အမိုးချင်း အကာချင်း မဆက်စပ်ဘဲ တတ်ကြိုး, ကြိမ်တန်း, ဝါးတန်းစသည်သွယ်လျက် ဆက်စပ်နေခြင်း၊ အဆိုပါ ကျောင်းအချင်းချင်း သစ်ကိုင်း စသည်ဖြင့် ငြိကပ် ဆက်စပ်နေခြင်းကြောင့်သဟဝါသရတ္တိစ္ဆေဒ ဒုက္ကဋ်အာပတ်မသင့်။ "အကြောင်းကား–ထိုသို့ ဆက်စပ်နေရုံမျှဖြင့်" "ဧကစ္ဆန္န–အမိုးတစ်ခုတည်း" မဖြစ်သောကြောင့် ဖြစ်ပါသည်။

မာနတ်ချရာ–ကြားချပါ

နိက္ခိတ္တဝတ် မာနတ်ဆောက်တည်သော ရဟန်းများမှာ နံနက်အရုဏ် မတက်မီ (၄)ပါး, (၅)ပါးသော ပကတတ်ရဟန်းတို့ထံ ဝတ်ကြားရမည်။ အရုဏ်တက်ပြီးသောအခါ ယင်းဂိုဏ်းသံဃာထံမှာ ဖြစ်စေ၊ တစ်ပါးနှစ်ပါးသော ရဟန်းတို့ထံမှာဖြစ်စေ ဝတ်ချရမည်။ ထိုသို့ဝတ်ချသောအခါ ဝတ်ကြားပြီးမှ ချရမည်ဟု ဆရာမြတ်တို့ ဆုံးဖြတ်တော်မူကြသည်။

ထိုသို့ မာနတ်ချသောအခါ ကြားပြီးမှချရခြင်းသည် စူဠဝါပါဠိတော် မာနတ္တ စာရိကကျင့်ဝတ်ကို ဟောရာ၌ "ဒေဝသိကံ အာရောစေတဗ္ဗံ" ကျင့် ဝတ်တစ်ခု ပိုသည်။ ယင်းပါဠိတော်အရ–မာနတ်ကျင့်သော ရဟန်း သည် အရုဏ်မတက်မီ ဂက်ကြားခြင်းကား ယခင်နေ့အတွက် ကြားရခြင်း ဖြစ်သည်။

အရုဏ်တက်ပြီး၍ မာနတ်မချမိ ကြားရခြင်းကား အရုဏ်တက်၍ နောက်နေ့ဘက် ကူးပြောင်းသွားပြီးဖြစ်၍ နောက်နေ့အတွက် ကြားရခြင်း ဖြစ်သည်ဟု ဝိနယာလင်္ကာရ ဋီကာ၌ မိန့်တော်မူ၏။

ယင်းပကတတ်ရဟန်းများသည် လာမည့်ညနေ ဝတ်ဆောက်တည်သော အခါ ကေန်မုချ ပါကြရမည်ဖြစ်လျှင် မကြားဘဲသော်လည်း ချနိုင်သည်ဟု အချို့ကကြံဆကုန်၏။ အကယ်၍ အကြောင်းတစ်စုံတစ်ရာကြောင့် ယင်းပကတတ်ရဟန်း အချို့ဖြစ်စေ၊ အားလုံးဖြစ်စေ လာမည့် ညနေဝတ် ဆောက်တည်သောအခါ မပါလာလျှင် ရတ္တိစ္ဆေဒ ဖြစ်မည်ဖြစ်၍ မာနတ်ဆောက် တည်သောအခါ ပါလာသော ရဟန်းအားလုံးထံ ဝတ်ကြားပြီးမှ ချသင့်သည်ဟု ဆိုကုန်၏။

(ဝိနယာလင်္ကာရ၊ ၂။ ၂၃၀။)

ဤသို့သော ပြဿနာများပေါ်ရခြင်းမှာ ပါဠိတော်၌မလာသော နိကာယ်တ္တဝတ်ကျင့်နည်းသို့ လိုက်၍ကျင့်သောကြောင့် ဖြစ်ရပေသည်။ မည်သို့ပင် ဖြစ်စေ မာနတ်ချသောအခါ ကြား၍ ချခြင်းသည် အဖွင့်အားလျော် သင့်တော်သော နည်း ဖြစ်သည်။

ပကတတ်ရဟန်းက မသိ, နားမလည်သော်လည်း ရတ္တိစ္ဆေဒမဖြစ်

ဒဏ်သားရဟန်းက ဝတ်ကြားရာ၌ ပကတတ်ရဟန်းက နားမကြားခြင်း, ဒဏ်သားရဟန်းကြားသော ဝတ်ကြားပါဠိ၏ အနက်အဓိပ္ပာယ်ကို မသိနား မလည်ခြင်း၊ အချို့ပကတတ်ရဟန်းတို့မှာ ဒဏ်သားရဟန်းကြားသောဝတ်ကို နားမထောင်ဘဲ စကားများနေခြင်း၊ ဝတ်ကြားမှုအပေါ် စိတ်မရောက်ဘဲ အခြားအာရုံအပေါ် စိတ်ရောက်နေခြင်း၊ အိပ်ငိုက်နေခြင်း–စသော အကြောင်းတို့ ကြောင့် ဒဏ်သားရဟန်းကြားသောဝတ်ကို နားမကြားခြင်း၊ မသိခြင်းကြောင့်–

သစေ ဝါယမန္တောပိ သမ္ပာပုဏိတုံ ဝါ သာဝေတုံ ဝါ န သက္ကောတိ၊ ရတ္တိစ္ဆေဒေါ ဝ ဟောတိ၊ န ဝတ္တဘေဒ ဒုက္ကဋံ[၁]–

၁–၂–ဝိ၊ ဋ္ဌ၊ ၄။ ၁၁။

ဟူသော အဋ္ဌကထာပါဠိ၌ "သာဝေတုံ ဝါ န သက္ကောတိ၊ ရတ္တိစ္ဆေဒေါဝ" ကို ထောက်၍ ရတ္တိစ္ဆေဒဖြစ်သည်ဟု အချို့က သံသယ[၁] ဖြစ်ကြ၏။

သံသယဖြစ်စရာ မလို။ ရတ္တိစ္ဆေဒမဖြစ်ဟု မှတ်အပ်၏။

ရတ္တိစ္ဆေဒ မဖြစ်ခြင်းအကြောင်း

"သာဝေတုံ ဝါ န သက္ကောတိ"ကား ဒေန္တ ဒဏ်သားရဟန်း၏ အကြောင်းချို့တဲ့မှုဖြစ်သည်။ ထို့ကြောင့် ရတ္တိစ္ဆေဒ ဖြစ်ရသည်။

ပြပြီးသောစကားရပ်၌ ပကတတ်ရဟန်းက နားမကြားခြင်း-စသော အကြောင်းများမှာ ပကတတ်ရဟန်း၏ အင်္ဂါချို့တဲ့မှုဖြစ်ခြင်းကြောင့် ဒဏ်သား ရဟန်းမှာ ရတ္တိစ္ဆေဒမဖြစ်ဟု မှတ်အပ်၏။ ဒဏ်သားရဟန်းကမူ မိမိ ဝတ်တောင်းသော ပါဠိ၊ ဝတ်ကြားသောပါဠိ၏ အနက်အဓိပ္ပာယ် သိရမည်။ (ဝိနယာလင်္ကာရ၊ ၂။ ၂၄၃) ကို ရည်ရွယ်သည်။

ဝတ်တောင်းခြင်းစသည် ပြုရမည့်နေရာ

ဝတ်တောင်းခြင်း၊ ဝတ်ပေးခြင်း၊ ဝတ်ဆောက်တည်ခြင်း၊ ဝတ်ကြားခြင်း၊ ဝတ်ချခြင်းတို့ကို ပြုသောအခါ-

> ကမ္မဝါစာ ပရိယောသာနေ မာဠကသိမာယမေဝ ဝတ္တံသမာဒါတဗ္ဗံ၊ ဝတ္တံ သမာဒိယိတွာ တတ္ထေဝ သံဃဿ အာရောစေတဗ္ဗံ။ပ။ အာရောစေတွာ သစေ နိက္ခိပိတုကာမော၊ ဝုတ္တနယေနေဝ သံဃမဇ္ဈေ နိက္ခိပိတဗ္ဗံ[၂]"-

ဟူသော ပါဠိ၌"သံဃမဇ္ဈေ"ဟူသောပါဠိကိုထောက်၍ သံဃာ့အလယ် နှစ်တောင့်ထွာ ဟတ္ထပါသ်အတွင်း၌ ဒဏ်သား ရဟန်းကနေ၍ ဝတ်တောင်းရမည်။ သံဃာကလည်း ဒဏ်သာ ရဟန်းအား သံဃာ့အလယ်နှစ်တောင့်ထွာ ဟတ္ထပါသ်အတွင်း၌ထား၍ ဝတ်ပေး ရမည်။ ဒဏ်သားရဟန်းက ဝတ်ကြားခြင်း၊ ဝတ်ချခြင်းကိုလည်း သံဃာ့အလယ် နှစ်တောင့်ထွာဟတ္ထပါသ်အတွင်း၌ပင် ပြုရမည်။ ပြီးမှ ကိုယ့်နေရာကိုယ်နေရမည်ဟူသော အယူအဆကို ဝိနယာလင်္ကာရ ၌ကာဆရာနှစ်သက်တော်မူသည်။ (ဝိနယာလင်္ကာရ၊ ၄၊ ၂။ ၂၄၀-၂၄၁။)

၁ ၀ ၂ ၄။ ၁၆။

သို့ရာတွင် “သံဃမဇ္ဈ”ဟူသည် သံဃာ့အလယ်ခေါင်သာ မဟုတ်၊ သံဃာစည်းဝေးထိုင်နေရာ သိမ်အတွင်း တစ်နေရာလည်း ဖြစ်နိုင်သည်။

သံဃာက ကမ္မဝါစာဖြင့် ဝတ်ပေးသောအခါ“ အယံ ဣတ္ထန္နာမော ဘိက္ခု”ဟု အနီးဟော ဣမသဒ္ဒါဖြင့် ဟောတော်မူသောကြောင့် ဒဏ်သာ ရဟန်းကို သံဃာ့အလယ် နှစ်တောင့်တွာ ဟတ္ထပါသ်အတွင်း၌ ထားရမည်။

ရဟန်းခံသောအခါ ရဟန်းလောင်းက ရဟန်းအဖြစ်တောင်းခြင်းကို သံဃာ့အလယ်၌ပြုသည်ကိုထောက်၍ ဒဏ်သားရဟန်းက ဝတ်တောင်းခြင်း၊ ဝတ်ဆောက်တည်ခြင်း၊ ဝတ်ကြားခြင်း၊ ဝတ်ချခြင်းကိုလည်း သံဃာ့အလယ်၌လည်း ပြုနိုင်သည်။

တစ်ဖန်ပေးသော ကမ္မဝါစာ၌ ဒဏ်သားရဟန်းကို“ ဣမ” သဒ္ဒါဖြင့် သုံးသပ်သကဲ့သို့ ဝတ်တောင်းခြင်း၊ ဆောက်တည်ခြင်း၊ ကြားခြင်း၊ ချခြင်းတို့၌ ဣမ–သဒ္ဒါဖြင့် မသုံးသပ်သောကြောင့် သံဃာ့ဟတ္ထပါသ် အပြင်ဘက် သိမ်အတွင်းဝတ်ကြားမှုစကားအစဉ်ကို သံဃာကြားနိုင်လောက်မည့်နေရာ၌လည်း နေ၍ ဝတ်ကြားနိုင်သည်ဟု မှတ်ယူသင့်သည်။

ထိုနှစ်နည်းတို့တွင် ယခုအခါ၌ ဝတ်ပေးသောအခါ ဒဏ်သားရဟန်းကို သံဃာ့အလယ်၌ ထား၍ပေးပြီးဒဏ်သား ဝတ်တောင်းခြင်း၊ ဆောက်တည်ခြင်း၊ ကြားခြင်း၊ ချခြင်းတို့ကို ရဟန်းက သိမ်အတွင်း၌ သံဃာ့ဟာကပါသ်အပြင်ဘက် သံဃာကြားလောက်မည့်နေရာ၌ ပြုလုပ်ကြသည်။ ပါဠိတော်၊ အဋ္ဌကထာတို့နှင့်လည်း ညီမျှ၍ သဒ္ဒါနေလည်း ကျနလှပါပေသည်။

များစွာသော ရဟန်းတို့ပြုလုပ်ပုံ

ဤနေရာ၌ များစွာသောရဟန်းတို့ပြုလုပ်ပုံ လုပ်ထုံးလုပ်နည်းတစ်ခုကို ဝိနယာလင်္ကာရဋီကာ၌ မှတ်တမ်းတင်ထားသည်ကို ဤသို့တွေ့ရပေသည်။

> “များစွာသောရဟန်းတို့သည် ဝတ်ဆောက်တည်သော ရဟန်းကို သံဃာ့အလယ်၌ ထိုင်ခိုင်းပြီး ဝတ်တောင်းပေးကြသည်။ ပြီးလျှင် ကမ္မဝါစာအဆုံး၌ ဆောက်တည်ခိုင်းကြသည်။ ဆောက်တည်ပြီးလျှင်

(ဝတ်မကြားခိုင် သးဘဲ) သံဃာ့အလယ်မှ အပြင်ထုတ်၊ ပရိသတ် အစွန်၌ထိုင်ခိုင်းပြီး ဝတ်ကြားခြင်း၊ ဝတ်ချခြင်းကို ပြုခိုင်းကြသည်။"

ဤသို့ မှတ်တမ်း...ထားသည်ကို တွေ့ရသည်။

အာဘော်လှစ်၍ စိစစ်ပုံ

ဤသို့ ပြုလုပ်သော ရဟန်းတို့၏ နှလုံးသွင်းမှာ–

"ဝတ်မဆောက်တည်ရသေးလျှင် သိတင်းကြီးနေရာ၌ နေထိုက်သည်။ သို့အတွက် ဝတ်တောင်းသောအခါ၊ ကမ္မဝါစာနာ ယူသောအခါ၊ ဝတ်ဆောက် တည်သောအခါတို့၌ သံဃာ့အလယ်၌ နေထိုက်သည်။

ဝတ်ဆောက်တည်ပြီးလျှင် သိတင်းငယ်နေရာ၌ နေထိုက်သောကြောင့် ပရိသတ်အစွန်၌သာလျှင် နေရမည်"–

ဟုဆိုသည်။

ဤစကားကို ဆန်းစစ်ဝေဖန်စရာလိုပါသည်။ ဝတ်ဆောက်တည်သော ရဟန်းသည် သံဃာ့အလယ်၌နေသောအခါ နေရာယူပြီး သိတင်းကြီးအစဉ်အလိုက် နေသည်မဟုတ်။ အမှန်မှာ "ကမ္မာရဟ" ပုဂ္ဂိုလ်ဖြစ်သောကြောင့် နေရာမယူဘဲ လက်အုပ်ချီ ဆောင့်ကြောင့်ထိုင်နေပေသည်။

ကမ္မာရဟရဟန်းကို သံဃာ့အလယ်၌ ထားရမည်။ သို့အတွက် ထိုရဟန်းတို့၏ ပြုလုပ်ပုံကို မှုချအားဖြင့် မမှတ်သင့်။

(ဝိနယာလင်္ကာရ၊ ဋီ၊ ၂။ ၂၄၀။ ၂၄၁။)

သိတင်းကြီး ဒဏ်သားရဟန်းက "အာဝုသော"ဟု ဆိုသင့်

ဒဏ်သားရဟန်းများသည် သိတင်းငယ်အရာ၌ တည်သောကြောင့် သိတင်းကြီး ဒဏ်သားရဟန်းက ဝတ်တောင်း ဝတ်ကြားသောအခါ "အဟံ အာဝုသော"ဟု မဆိုသင့်။ "အဟံဘန္တေ"ဟုသာ ဆိုသင့်သည်ဟု အချို့က ယူဆကြ၏။ ထိုအယူအဆကို မမှတ်သားအပ်။ အကြောင်းမှာ–ဒဏ်သာ

ရဟန်းများသည် သီတင်းငယ်အရာ၌ တည်သည်ဟုဆိုခြင်းသည် အိပ်ရာနေရာနှင့် ပတ်သက်၍ ဆိုခြင်းဖြစ်သည်။ ဝတ်တောင်း၊ ဝတ်ကြားနှင့်ပတ်သက်၍ ဆို ခြင်းမဟုတ်။ မှန်ပေသည်။ ဒဏ်သားရဟန်းများသည် အစွန်အဖျား အနားကျသော အိပ်ရာနေရာအဖို့ကို ရကြသည်။

ဝတ်တောင်း၊ ဝတ်ကြားသောအခါ၌ ပကတတ်ရဟန်းက သီတင်းငယ်ဖြစ်လျှင် "အာဝုသော"ဟု ဆိုသင့်ကြောင်း၊ ပကတတ်ရဟန်းက သီတင်းကြီးဖြစ်လျှင် "ဘန္တေ"ဟု ဆိုသင့်ကြောင်းကို–

"အာရောစေန္တေန သစေ နဝကတရော ဟောတိ၊ အာဝုသောတိ ဝတ္တဗ္ဗံ၊ သစေ ဝုပုတရော၊ ဘန္တေတိ ဝတ္တဗ္ဗံ[၁]"–

ဟု စူဠဝါသမုစ္စယက္ခန္ဓက အဖွင့်၌ မိန့်တော်မူသည်။

သို့ဖြစ်၍ ဒဏ်သားရဟန်းသည် သီတင်းငယ်အရာ၌ တည်သောကြောင့် ဝတ်တောင်း၊ ဝတ်ကြားသောအခါ "အာဝုသော"ဟု မဆိုသင့်၊ "ဘန္တေ"ဟုသာ ဆိုသင့်သည်ဟူသော စကားကို မမှတ်သားအပ်။

(ဝိနယာလင်္ကာရ၊ ဋီ၊ ၂။ ၂၃၉။ ၂၄၀။)

ဒုတိယမ္ပိ–တတိယမ္ပိ–ဆိုရာဝယ် မှတ်သားဖွယ်

ဝတ်တောင်း၊ ဝတ်ကြား ပြုလုပ်ရာ၌ အချို့ပုဂ္ဂိုလ်တို့က ဒုတိယမ္ပိ တတိယမ္ပိ မထည့်ဘဲ ဝတ်တောင်းပါဠိ ဝတ်ကြားပါဠိသက်သက်ကို သုံးခါထပ်၍ ဆိုကြ၏။ အချို့ ပုဂ္ဂိုလ်တို့က ဝတ်တောင်း၊ ဝတ်ကြားပါဠိကို တစ်ခေါက်ဆို၍ တစ်ကြိမ်တောင်းပြီး ကြားပြီးနောက် ဝတ်တောင်းပါဠိ ဝတ်ကြားပါဠိ အစ၌ ဒုတိယမ္ပိ တတိယမ္ပိ ထည့်၍ ဆိုကြ၏။ စူဠဝါ ပါဠိတော်၌ အပ္ပဋိစ္ဆန္နမာနတ် ဝတ်တောင်းပါဠိကို ဟောရာ၌–

"မာနတ္တံ ယာစာမိ၊ အဗ္ဘာနံ ယာစာမိ" ဝါကျတို့၏ အစ၌ ဒုတိယမ္ပိ၊ တတိယမ္ပိ ထည့်၍ နည်းပြအဖြစ်ဖြင့် ဟောကြားပါသည်။

၁–ဝိ၊ ဋ္ဌ။ ၄။ ၂၃။

နောက်နောက်ဝါကျတို့၌ ဒုတိယမ္ပိ၊ တတိယမ္ပိ မထည့်ဘဲ
'ဒုတိယမ္ပိ ယာစိတဗ္ဗော၊ တတိယမ္ပိ ယာစိတဗ္ဗော" ဒုတိယမ္ပိ
ယာစိတဗ္ဗံ၊ တတိယမ္ပိ ယာစိတဗ္ဗံ-

ဟူ၍သာ ဟောပါသည်။

သို့ဖြစ်၍ ဝတ်တောင်းသောအခါ "ဒုတိယမ္ပိ၊ တတိယမ္ပိ"ထည့်လိုလျှင် "ယာစာမိ"ဝါကျ၏ အစ၌ ထည့်သင့်ပေသည်။

ထိုသို့မဟုတ်ဘဲ-

"ဒုတိယမ္ပိ၊ (တတိယမ္ပိ) အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ"-

ဟု ဝတ်တောင်းပါဠိ အားလုံး၏ အစ၌ ဒုတိယမ္ပိ၊ တတိယမ္ပိထည့်၍ ဆိုခြင်းသည်-

"အရှင်ဘုရားတို့၊ တပည့်တော်သည် နှစ်ကြိမ်မြောက်လည်း (သုံးကြိမ်မြောက်လည်း) များလှစွာကုန်သော သံဃာဒိသေသ် အာပတ်တို့သို့ သင့် ရောက်ပါပြီ"

စသည်ဖြင့် အလိုမရှိအပ်သော အဓိပ္ပာယ်သက်ရောက်သောကြောင့် ဝတ်တောင်းပါဠိတော် အားလုံး၏ အစဖြစ်သော အာပဇ္ဇိံ ဝါကျ၏ အစ၌ ဒုတိယမ္ပိ၊ တတိယမ္ပိထည့်၍ မဆိုသင့်ပေ။

တစ်ဖန် ဝတ်ကြားသောအခါ ဝတ်ကြားပါဠိ အားလုံး၏ အစဖြစ်သော အာပဇ္ဇိံဝါကျ၏ အစ၌ ဒုတိယမ္ပိ တတိယမ္ပိထည့်၍ဆိုခြင်းသည်လည်း ပြပြီးသည့်အတိုင်း-

"နှစ်ကြိမ်မြောက် (သုံးကြိမ်မြောက်) အာပတ်သင့် ရောက်ပါပြီ"-

ဆိုသည့် အလိုမရှိအပ်သော အနက်သက်ရောက်သောကြောင့် မဆိုသင့်ပါ။

ထို့ပြင်-

"ပရိဝသာမိ၊ မာနတ္တံ စရာမိ၊ ဝေဒယာမဟံ ဘန္တေ" ဝါကျတို့၏ အစ၌ ထည့်လျှင်လည်း-

"နှစ်ကြိမ်မြောက် (သုံးကြိမ်မြောက်) ပရိဝါသ်ကျင့်သုံးပါ၏။

မာနတ်ကျင့်ပါ၏"-

ဆိုသည့် အလိုမရှိအပ်သော အနက်ပင် သက်ရောက်သောကြောင့် ယင်းဝါကျ တို့၏ အစ၌လည်း ထည့်၍ မဆိုသင့်ပေ။

မှန်ပေသည်။ ပရိဝါသ်၊ မာနတ်ကို နှစ်ကြိမ်မြောက်၊ သုံးကြိမ်မြောက် လျှောက်ထား ပြောကြားခြင်းသာ ဖြစ်ပါသည်။

သို့ဖြစ်၍ ပရိဝါသ်မာနတ် ကြားသောအခါ ဒုတိယမ္ပိ၊ တတိယမ္ပိ လုံးဝထည့်ရန် မသင့်လျော်ပါ။

ဝတ်ဆောက်တည်သောအခါ၊ ဝတ်ချသောအခါတို့၌လည်း-

"ပရိဝါသံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ၊

ဒုတိယမ္ပိ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ၊

တတိယမ္ပိ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ၊

ပရိဝါသံ နိက္ခိပါမိ၊ ဝတ္တံ နိက္ခိပါမိ၊

ဒုတိယမ္ပိ နိက္ခိပါမိ၊ ဝတ္တံ နိက္ခိပါမိ၊

တတိယမ္ပိ နိက္ခိပါမိ၊ ဝတ္တံ နိက္ခိပါမိ၊

မာနတ္တံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ၊

ဒုတိယမ္ပိ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ၊

တတိယမ္ပိ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ၊

မာနတ္တံ နိက္ခိပါမိ၊ ဝတ္တံ နိက္ခိပါမိ၊

ဒုတိယမ္ပိ နိက္ခိပါမိ၊ ဝတ္တံ နိက္ခိပါမိ၊

တတိယမ္ပိ နိက္ခိပါမိ၊ ဝတ္တံ နိက္ခိပါမိ၊

ဤသို့ ဒုတိယမ္ပိ တတိယမ္ပိ ထည့်၍ ဆိုတတ်ကြ၏။

ရှင်ဝါပါဠိတော်၌ကား-

၁။ ပရိဝါသံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ၊

၂။ ပရိဝါသံ နိက္ခိပါမိ၊ ဝတ္တံ နိက္ခိပါမိ၊

၃။ မာနတ္တံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ၊

၄။ မာနတ္တံ နိက္ခိပါမိ၊ ဝတ္တံ နိက္ခိပါမိ၊

ဟု တစ်ကြိမ်စီ ရွတ်ဆို၍ ဆောက်တည်ရန် ဝတ်ချရန် ဟောတော်မူပါ သည်။

စူဠဝါအဋ္ဌကထာ၊ ဝိနယသင်္ဂဟအဋ္ဌကထာတို့၌မူ-

ပရိဝါသံ သံမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ-စသည်ဖြင့် နှစ်ဝါကျ တစ်စုံစီ၊ တစ်စုံစီရှိရာတွင် တစ်ဝါကျဖြင့်လည်း ဆောက်တည်မှု ကိစ္စ, ချမှု ကိစ္စပြီးစီးကြောင်း နှစ်ဝါကျလုံးဆိုလျှင် ပို၍ကောင်းမွန်ကြောင်း မိန့်ဆိုပါသည်။

သုံးကြိမ်ဆိုရမည်ဟူ၍လည်းကောင်း၊ ဒုတိယမ္ပိ၊ တတိယမ္ပိ ထည့်၍ ဆိုရမည်ဟူ၍လည်းကောင်း မလာရှိပေ။ သို့ဖြစ်၍ တစ်ကြိမ်ဆိုလျှင်ပင် ကောင်းမွန်သင့်မြတ်ပေပြီ။ နှစ်ကြိမ် သုံးကြိမ်ဆိုဖွယ်မလိုပါချေ။

ဝေဒယာမိ-ဝေဒိယာမိ

မှတ်ဖွယ်

ပရိဝါသ်၊ မာနတ် ဝတ်ကြား ပါဠိများ၌-

၁။ ဝေဒယာမဟံ ဘန္တေ၊ ဝေဒယတီတိ မံ သံဃော ဓာရေတု။

၂။ ဝေဒိယာမဟံ ဘန္တေ၊ ဝေဒိယတီတိ မံ သံဃော ဓာရေတု။

ဤသို့ "ဝေဒယာမိ။ ဝေဒိယာမိ"ဟူ၍လည်းကောင်း၊ "ဝေဒယတိ၊ ဝေဒိယတိ"ဟူ၍လည်းကောင်း ပါဌ်နှစ်မျိုးရှိသည်။

ဆဋ္ဌသင်္ဂါယနာမူ-စူဠဝါအဋ္ဌကထာ[၁]၌-

"ဝေဒယာမိ၊ ဝေဒယတိ"ဟူ၍ရှိသည်။

ဝိနယသင်္ဂဟအဋ္ဌကထာ[၂]၌-

"ဝေဒိယာမိ၊ ဝေဒိယတိ"ဟူ၍ရှိသည်။

ယင်းသို့ မတူကွဲပြား ခြားနားစွာ ရှိနေခြင်းသည် စာအပြင်အရှင်တို့ အလိုဆန္ဒမတူကြခြင်းကြောင့် ဖြစ်ပေသည်။

၁။ ကစ္စည်း (၄၃၈၊၄၅၂)သုတ်၊ ရူပသိဒ္ဓိ (၅၄၀၊ ၅၂၅)သုတ်တို့အလို ဝိဒ-ဓာတ်၊ ဏယ-ပစ္စည်းသက်သော အစီအရင်သို့လိုက်၍-

"ဝေဒယာမိ၊ ဝေဒယတိ"ဟု ပြင်ကြသည်။

၂။ မောဂ္ဂလာန် (၅၊ ၁၃၆)သုတ်အလို ဝိဒ-ဓာတ်-ဏိ-ပစ္စည်း-ဣ-ကို-ဣယ-ပြုသောအစီအရင်သို့ လိုက်၍ ဝိဒ-ဓာတ်သည် ဘူဝါဒိဂိုဏ်း၌ဖြစ်

၁-ဝိ၊ ၄၊ ၄။ ၁၆၊ ၂၃။ ၂။ ဝိသင်္ဂဟ။ ၃၃၆၊ ၃၇၇။

လျှင် ဉာဏ“သိခြင်း”အနက်ကို ဟော၏။ ကာရိတ်ဏာယ-ပစ္စည်း သက်၍ “ဝေဒယာမိ=ပရိဝါသ်ကျင့်သုံးနေကြောင်းကို သိစေပါ၏။ မာနတ်ကျင့်သုံးနေကြောင်းကို သိစေပါ၏။ သိအောင် လျှောက်ထားပါ၏ဟု အနက်ထွက်၏။ ဤအနက်ကို ဝိမတိဋီကာဆရာ နှစ်သက်သည်။ အကြောင်းကား လျှောက်ထားသောစကား ဖြစ်သောကြောင့်တည်း။ ထို့ကြောင့်-

“ဝေဒယာမဟန္တိ ဇာနာပေမိ အဟံ၊ အာရောစေမိတိ အတ္ထော။ အနုဘဝါမိတိပိသ အတ္ထံ ဝဒန္တိ၊ ပုရိမံ ပန ပသံ-သန္တိ အာရောစန-ဝစနတ္တာ[၁]”-

ဟု မိန့်သည်။ သာရတ္ထဋီကာဆရာ၏ စကားကို ဝဒန္တိဟုဆိုသည်။

ဝိဒ-ဓာတ်သည် စုရာဒိဂိုဏ်း၌ဖြစ်လျှင်-အနုဘဝန “ခံစားခြင်း”အနက်ကို ဟောသည်။ ယင်းအနက်ကိုယူ၍-

“ဝေဒယာမိတိ စိတ္တေန သမ္ပဋိစ္ဆိတ္တွာ သုခံ အနုဘဝါမိ၊ န တပ္ပစ္စယာ အဟံ ဒုက္ခံ ဝေဒတိ အဓိပ္ပာယော[၂]။-

ဟု သာရတ္ထဒီပနီဋီကာဆရာမိန့်သည်။

ထိုဝါဒတို့တွင် ကစ္စည်း၊ရူပသိဒ္ဓိဝါဒကား ပါဠိအဋ္ဌကထာအသုံးများ၌ ပါဠိသွားချောမွေ့ပေသည်။

ဝိမတိဋီကာဝါဒကား အရာဌာနနှင့် လိုက်လျောလှပေသည်။

၁-ဝိမတိ၊ ၂၊ ၂၁၈။ ၂-သာရတ္ထ၊ ၃။ ၃၇၁။

ကျမ်းပြီးနိဂုံး

၁။ ဘဒ္ဒန္တော ဇင်္ဃလောစေဝ၊
မဟာထေရော သုမင်္ဂလော။
ဘုံသာကုန်းဂါမေ ဝိဟာရေ၊
သမဂ္ဂါဝ ဝသိံသုမေ။

၁။ မဟာထေရော၊ ဝါသုံးဆယ်ကျော်ပြီး မဟာထေရ်ကြီး ဖြစ်တော်မူပေသော၊ ဘဒ္ဒန္တော ဇင်္ဃလောစေဝ၊ ကောင်းသောအလုပ် အရှုပ်အထွေးကို မနေးဖြေရှင်း စွမ်းနိုင်မည့် အကြောင်းရင်းကြောင့် အရှင်ဇင်္ဃလဟု ခေါ်ဝေါ်ကြသည့် ဆရာတော် အရှင်သူမြတ်သည် လည်းကောင်း၊ မဟာထေရော၊ ဝါသုံးဆယ်မြောက် မဟာထေရ်အဖြစ်သို့ ရောက်တော်မူပေသော။ ဘဒ္ဒန္တော သုမင်္ဂလောစ၊ ကောင်းမြတ် မင်္ဂလာ ဖြာဖြာဥသုံ အလုံးစုံနှင့် ပြည့်စုံခြင်းကြောင့် အရှင်သုမင်္ဂလဟု ခေါ်ဝေါ်ကြသည့် ဆရာတော်အရှင်သူမြတ်သည်လည်းကောင်း။ ဣမေ မဟာထေရာ၊ မြဲမြဲ ခိုင်ခံ့ တည့်တံသော သီလသမာဓိ ဂုဏ်ထူး ရှိတော်မူကြကုန်သော ဤမဟာထေရ်တို့သည်။ ဘုံသာကုန်း ဂါမေ ဝိဟာရေ၊ ဘုံသာကုန်းဟု ခေါ်ထုံးသညာ သုတိသာ၍ မဟာပုည ကုသလကို ပြုကြစုဆောင်း သူတော်ကောင်းတို့ ခိုအောင်းပျော်မွေ့ ရှုမငြီးသည့် ရွာကြီး မြောက်ဘက် ကပ်လျက်တည်ကာ မဟာတံတိုင်း ပတ်ပတ်ဝိုင်း၍ ရှေ့ပိုင်း စေတီ အလီလီနှင့် ဝေသီမြင့်ခိုင် တံခွန်တိုင်မှီး ထီးတော်ကြီးဟု ယှဉ်ပြီး နှစ်လက် တောင်မြောက်ယှက်ကာ သိမ်မဟာနှင့် နောက်မှာ ဘုရားကျောင်း နှစ်ဆောင်လောင်း၍ ကျောင်းကြီးဝိဟာ၊ စဉ်လာရှေ့နောက် နေလိုက်ဆောက် လျက် ရှေ့မြောက်ကျောင်းငယ် တစ်သွယ်ရေတွင်း နောက်တောင်ချဉ်းလစ် ကျောင်းငယ်တစ်နှင့် ဆန်းသစ်မီးစက် တည်လျက်စက်ရုံ၊ ဓေယျုံရည်သန် အုတ်ရေကန်ကြီး တည်ဆောက်ပြီးလျှင် တောင်ခွင်မြောက်ရပ် ပြာသာဒ်မခံဦး ထူးဆန်းနှစ်လီ နောက်ရပ်ဆီဝယ် ကုဋိရေသုံး သိမ်းကျုံးတည်ရာ ဘုံသာ ကုန်းကျောင်းမဟာ၌၊ သမဂ္ဂါဝ၊ ဆိုးလဲတိုင်ပင် ကောင်းတိုင်ပင်နှင့် ရွှင်ရွှင်ပျပျ၊

စိတ်တူကိုယ်မျှ ညီညွတ်ကြကုန်သည်သာလျှင်။ ဟုတွာ၊ ဖြစ်ကုန်၍။ ဝသိ သူ၊ သီတင်းသုံးစံပျော် နေတော်မူကြလေကုန်ပြီ။

ဘုံသာကုန်းရွာ။ ။ "ဘုံ"ဟုသည် ဘူမိပါဠိမှ ဆင်းသက်လာသော စကား ဖြစ်သည်။ မြေဟု အဓိပ္ပာယ်ရ၏။ "သာ" ဟုသည် ဆူးငြောင့်ခလုတ် ချုံပိတ်ပေါင်း ရှင်းလင်းသာယာခြင်းဟု အနက်အဓိပ္ပာယ် ရ၏။

"ကုန်း"ဟုသည် မြင့်မောက်ခြင်းဟု အဓိပ္ပာယ်ရ၏။ ဆူးငြောင့်ခလုတ် ချုံပိတ်ပေါင်း ရှင်းလင်းသာယာသည့် မြင့်မောက်သောမြေနေရာကို ဘုံသာကုန်းဟု ခေါ်ဆိုရသည်။ ယင်းမြေနေရာ၌ တည်ထောင်သောရွာကို ဘုံသာကုန်းရွာ ခေါ်တွင်လေသည်။

ယင်းဘုံသာကုန်းရွာသည် စဉ့်ကူးမြို့နယ် ရေလယ်ကျွန်းအပါအဝင် ခက်သင် အုပ်စု၌ တည်ရှိသည်။

ယင်း... ာကုန်းရွာ၏ မြောက်ဘက်၌ ယာတစ်ကွက်မျှခြားသော နေရာ၌ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းရှိသည်။ ယင်းကျောင်းကိုလည်း ရွာ၏ အမည်ဖြင့် အထူးမှတ်၍ ဘုံသာကုန်းကျောင်းဟု ပညတ်ကြလေသည်။

ယင်းသည့် ဘုံသ... းကျောင်း၌ တံတိုင်းပတ်လည် ကာရံလျက် ရှိသည်။ တောင်ဘက် မြောက်ဘက် အဝင်တံခါးတို့၌ ဆန်းကြယ်စွာ ဆောက်လုပ်ထားသော မုခ်ဦး ပြာသာဒ် နှစ်ဆောင်ရှိသည်။ ကျောင်းဝိုင်း၏ သုံးပုံတစ်ပုံမျှလောက်သော အရှေ့ဘက်ခြမ်းကို တံတိုင်းခြား၍ ဘုရားဝိုင်းပြု လုပ်ထား.သည်။ ဘုရားဝိုင်းအတွင်း၌ တောင်မြောက် တန်းလျက် စေတီနှစ် ဆူ တည်ရှိသည်။ တောင်ဘက်စေတီမှာ "အောင်ချာဇိန ရွှေဘုံသာ"ဟု ဘွဲ့ မည်တွင်သည်။ ရွှေသိမ်တော်ဘုရားဟုလည်း ဘွဲ့မည်တွင်သည်။ ယင်းစေတီ၏ မြောက်ဘက်၌ "စေတီလု"ဟု ဘွဲ့မည်တွင်သော စေတီတစ်ဆူ တည်ရှိသည်။ ယင်းစေတီ၏ အရှေ့ဘက်၌ သက္ကရာဇ် (၁၂၀၇)ခုနှစ် သီးလုံးဆရာတော်တို့ ဦးစီးသမုတ်ထားသော သိမ်တစ်လုံးရှိသည်။ ယင်းသိမ်၏ အရှေ့မြောက်ယွန်း ယွန်း (၄/၅)တောင် ကွာလောက်အရပ်၌ အင်္ဂတေအုတ် ထီးတော်ကြီးနှစ်လက်

တောင်မြောက်တန်းလျက်ရှိသည်။ ယင်း၏အရှေ့ဘက်၌ အုတ်တံခွန်တိုင် တစ်လုံး ရှိသည်။ ဘုရားဝိုင်း အုတ်တံတိုင်းအတွင်းပတ်လည်၌ စံပယ်နွယ်သာကီ, ဇလပ်, ခတ္တာ-စသော ပန်းပင်တို့ကို စိတန်းစိုက်ပျိုးကာ ဘုရားပူဇော် ထားပေသည်။

"အောင်ချာဇိန ရွှေဘုံသာ" စေတီတော်၏ အနောက်ဘက်၌ကပ်လျက် ရုပ်တော်မူဆင်းတုတော်ကြီး ကိန်းဝပ်ရာ တစ်ထပ်ကျောင်းတိုက် တစ်လုံးတည် ရှိသည်။ ယင်းကျောင်း၏ အနောက်မြောက်ယွန်းယွန်း အရပ်၌ ရှေးဟောင်း ဆင်းတုရုပ်ပွားတော်များ ကိန်းဝပ်ရာ ဘုရားကျောင်းဆောင်အိုကြီး တစ်ဆောင် တည်ရှိသည်။ (ယင်းကျောင်းအိုကြီးကိုဖျက်၍ ဘုရားကျောင်းတိုက်သစ် တစ်ဆောင်ကို ဦးကျော်မြက ဒါယကာခံ၍ ဆောက်လုပ်မည်ဟု သိခဲ့ရသည်။)

ယင်း ဘုရားကျောင်းဆောင်ပေါ်၌ ဤကျမ်းရေးသာစဉ်အချိန်က ညအခါ စာရေးသူ သီတင်းသုံးခဲ့သည်။ ယင်းဘုရားကျောင်း မြောက်ဘက်၌ ၃-ပင်/ ၄-ပင် သစ်သားကျောင်းတစ်ဆောင်ရှိသည်။ ယင်း၏ အရှေ့မြောက်ဘက်၌ ရေတွင်းတစ်တွင်းရှိသည်။ ရေတွင်းသိပ်မနက်၊ ရေတိမ့်သည်။ ယင်းရေတွင်း၌ လက်လှုပ်ဘုံဘိုင် စက်တပ်ဆင်ထားသည်။ အုတ်တမံတလင်းနှင့် လေးတိုင် စင် အုန်းလက်ချ အမိုးရှိသည်။ ရေချိုသည်။ သောက်ရေ၊ သုံးရေ သုံးနိုင်သည်။ ယင်းရေတွင်း အရှေ့ဘက်၌ ငှက်ပျောဥယျာဉ်ရှိသည်။

ကျောင်းဝိုင်းအလယ်ဗဟို၌ ၅-ပင်/၁၀-ပင်ကျောင်းကြီး တစ်ဆောင် ရှိသည်။ ယင်းကျောင်းကြီးတောင်ဘက်၌ ရေတွင်းတစ်တွင်းရှိသည်။ ရေတွင်း အနောက်ဘက် ဝါးနှစ်ပြန်ခန့်အရပ်၌ တောင်ဘက်တံခါးမုခ်မှ ကျောင်းကြီး ပေါ်သို့ လာသောမြေလမ်းရှိသည်။ ယင်းမြေလမ်း အနောက်ဘက် တောင်ဆုံး၌ ၃-ပင်/၄-ပင်သစ်သားကျောင်း တစ်ဆောင်၊ ယင်းမြောက်ဘက်၌ လိုဏ်မုခ်ရှိ ဘုရားရုပ်ပွားတစ်ဆူ၊ ကိုးတောင်ပြည့်ဘုရားတစ်ဆူ၊ မီးစက်နှင့် ၃-ပင်/၄- ပင် မီးစက်တိုက်၊ အုတ်ရေကန်ကြီးတို့ အသီးသီးတည်ရှိကြ၏။ ကျောင်းကြီး၏ အနောက်မြောက်ဘက်၌ ၃-ပင်/၄-ပင် အုတ်နံရံကပ် မီးတင်းကုပ်ကျောင်း တစ်ဆောင်ရှိသည်။ အလယ်ကျောင်းမကြီး၏ အနောက်ဘက်၌ ၂-ခန်းရှိ ရေလှောင်း အုတ်ကန့်ရှိသည်။

ယင်း ဘုံသာကုန်းကျောင်းတိုက်အတွင်း၌ တည်ရှိသော အဆောက်အအုံနှင့် ကောင်းမှုရှင်များကို ဝမ်းမြောက်ဝမ်းသာ ပတ္တာနုမောဒန ကုသိုလ်ယူနိုင်ရန် ဆက်လက်ဖော်ပြပါမည်။

၁။ တန်ခွန်တိုင်ကောင်းမှုရှင် ဒေါ်မြားချဲ့မိသားစု။

၂။ ယာဘက် စာဂရာ ကြီးရုံကောင်းမှုရှင် ဆရာတော် ဦးစန္ဒိမာ။

၃။ ဝဲယာဘက် စာဂရာထီးရုံကောင်းမှုရှင် ဦးဘတင်+ဒေါ်စိန်ပွင့်။

၄။ သိမ်ကျောင်းကောင်းမှုရှင် ဦးကံညွန့်+ဒေါ်စောလှိုင်။

၅။ မတ်ရပ်ရုပ်ပွား ဘုရား တန်ဆောင်းကောင်းမှုရှင် ဒေါ်နန်းခင်။

၆။ စေတီလှ။ ရွှေသိမ်တော်၊ စေတီနှစ်ဆူ အများကောင်းမှု။

၇။ ဘုရားဝင်းတံတိုင်းနှင့် မုခ်ဦးကောင်းမှုရှင် ဦးဘတင်+ဒေါ်စိန်ပွင့်။

၈။ ရှေးဟောင်းရုပ်ပွားဘုရားကျောင်း ကောင်းမှုရှင် ဦးကျော်မြ+ဒေါ်ရေမွှေး။

၉။ အရှေ့မြောက်ဘက် ရေတွင်း ကောင်းမှုရှင် ဦးဘသွယ်+ဒေါ်သန်းတင်မိသားစု။

၁၀။ အရှေ့မြောက်ဘက် သစ်သားကျောင်းကောင်းမှုရှင် ဒေါ်သန်းရှင်။

၁၁။ မြောက်ဘက်မုခ်ဦး ကောင်းမှုရှင် ဦးထွန်းစိန်+ဒေါ်စိန်တင့်၊

၁၂။ အလယ်ကျောင်းကြီး ကောင်းမှုရှင် ဘုံသာကုန်းရွာ ဒါယကာဒါယိကာမများ။

၁၃။ တောင်ဘက်ရေတွင်းကောင်းမှုရှင် ဦးကံညွန့်+ဒေါ်စောလှိုင်။

၁၄။ တောင်ဘက်မုခ်ဦး ကောင်းမှုရှင် ဦးကျော်မြ+ဒေါ်ရေမွှေး။

၁၅။ မီးစက်ရုံတိုက် ကောင်းမှုရှင် ဘုံသာကုန်းရွာ ဒါယကာ၊ ဒါယိကာမများ။

၁၆။ မီးစက်ကောင်းမှုရှင် ဘုံသာကုန်းရွာ ဆရာတော်။

၁၇။ အနောက်တောင် သစ်သားကျောင်းလေး ကောင်းမှုရှင် ဦးထွန်းစိန်+

ဒေါစိန်တင့်။

၁၈။ ရေလောင်းကုန်း ကောင်းမှုရှင် ဒေါ်ရေမွေး။

၁၉။ မီးဖိုဆောင်ကျောင်း ကောင်းမှုရှင် ဘုံသာကုန်းရွာ ဒါယကာ ဒါယိကာမများ။

၂၀။ အုတ်ရေကန် ကောင်းမှုရှင် ဘုံသာကုန်းရွာ ဒါယကာ ဒါယိကာမများ။

၂၁။ ကိုးတောင်ပြည့်ဘုရား ကောင်းမှုရှင် ဘုံသာကုန်းရွာ ဒါယကာ ဒါယကာမများ။

၂၂။ မဟာရံတံတိုင်း (၅–တောင်အလျားရှိအခန်းပေါင်း ၃၄၆–ခန်းရှိသည်)အများကုသိုလ်။

ကျောင်းထိုင်ဆရာတော်များ

ယင်း ဘုံသာကုန်းကျောင်း၌ စိမ်အုပ်ချုပ်ကာ သီကင်းသုံးတော်မူကြသော ကျောင်းထိုင်ဆရာတော်များမှာ–

၁။ ဆရာတော် ဦးပရမာ လင်္ကာရ (သီးလုံးဆရာတော်တို့လက်ထက်)

၂။ ဆရာတော် ဦးသုဇာတ၊

၃။ ဆရာတော် ဦးအာစရ၊

၄။ ဆရာတော် ဦးကောသလ္လ၊

၅။ ဆရာတော် ဦးဝါယိတ၊

၆။ ဆရာတော် ဦးအာစိဏ္ဏ၊

၇။ ဆရာတော် ဦးဝံသ၊

၈။ ဆရာတော် ဦးဇဋိလ၊ ဦးသုမင်္ဂလ၊

တို့ဖြစ်ပါသည်။

ဤကျမ်းစာ ရေးသားချိန်၌ ဆရာတော် ဦးဇဋိလနှင့် ဆရာတော် ဦးသုမင်္ဂလတို့သည် ညီညီညွတ်ညွတ် ဝိုင်းဝိုင်းပင်ပင် ရွှင်ရွှင်ပျပျသီတင်းသုံးတော်မူလျက် ရှိကြပါသည်။

၂။ နိဿာယေဂ မဟာထေရ်၊
ဘုံသာကုန်း ဂါမဂေါစရံ။
ကတွာန သမီပံ ဂါမံ၊
ပရိဝါသံ ဝသိ အဟံ။

အဟံ၊ ဝိစာရဟု နာမမှည့်ခေါ် ဘုရားတပည့်တော်သည်၊ မဟာထေရံ ပခုက္ကူမှာ အတုနေကြ၍ ရင်းနှီးစွာသော အရှင်ဇဋိလမဟာထေရ်ကို။ နိဿာယေဝ၊ အားကိုးသမှု အမှီပြု၍သာလျှင်၊ ဘုံသာကုန်း ဂါမံ၊ တင့်တယ် သာယာ ပြေနေရာ၌ ရှင်းကာခင်းကျင်း ရွာတည်ခြင်းကြောင့်ခပင်းများစွာ ...ကကာတို့ ဘုံသာရွာဟု ခေါ်ဝေါ်ကြသော ရွာကိုလည်းကောင်း။ သမီပံ၊ တာငါးရာတွင်း ငါးရာတွင်းသာသာ နီးလှစွာသော၊ ဂါမံ၊ ခက်သင်လက်ကုန်း ရှေးထုံးသာယာ ရွာနှစ်ရွာကိုလည်းကောင်း။ ဂေါစရံ၊ ဆွမ်းခံလှည့်လည်ရာ ဆွမ်းခံရွာကို။ ကတွာန၊ ပြု၍။ ပရိဝါသံ၊ အာပတ်ကင်းလတ် ကျင့်သုံးအပ်သော ပရိဝါသ်ကို။ ဝသိ၊ အဖော်နောက်ပါ ထေရ်မဟာ အရှင်သေဋ္ဌိလနှင့်အတူ ဝတ်ယူဝတ်ကြား ပြုသောအားဖြင့် မခြားနေ့ည အနိက္ခိတ္တဝတ် မချွတ်မှန်စွာ ကျင့်သုံးခဲ့ပါပေပြီ။

၁၃၃၅-ခုနှစ် ပခုက္ကူမှ အရှင်သေဋ္ဌိလနှင့်အတူ ခရီးထွက်ခဲ့သည်။ သပ္ပာယဖြစ်သည့် တောကျောင်းတစ်ကျောင်း တွေ့လျှင် အနားယူကာ အေးချမ်းစွာနေမည်။ အနိက္ခိတ္တဝတ် ဆောက်တည်လို့ ဖြစ်လျှင်လည်း ဝတ်ဆောက်တည်မည်ဟူသော ရည်ရွယ်ချက်ဖြင့် ခရီးထွက်ခဲ့ခြင်း ဖြစ်သည်။ မြစ်သားအနောက်မြောက်ယွန်းယွန်း ကွေ့ရွာ၌ ရှင်အဂ္ဂသာရ ရဟန်းခံကိစ္စ ပြီးလျှင် ကွေ့ရွာ၏ အနောက်တောင် ခပ်ယွန်းယွန်းရှိ ရွှေမင်းဝံတောင်၌ ဆယ်ရက် သီတင်းသုံး၏။ သပ္ပာယဖြစ်ပါ၏။ ဝတ်ဆောက်တည်ရန် ပကတတ် ရဟန်း မပြည့်စုံသဖြင့် ဝတ်ဆောက်တည်ရန် အခက်အခဲရှိ၍ ဆယ်ရက်မျှ နေခဲ့ခြင်းဖြစ်သည်။ ထိုမှ မြစ်သား အရှေ့ဘက် ဆီးဖြူကုန်းကျောင်း ဦးဒေယာသိတထံ၌ လေးရက် ခေတ္တနေခဲ့၏။ ထိုမှတစ်ဖန် မြစ်ငယ်နဲ့ရွာ မြောက်ကျောင်းကြီး (ယခုမြတိုက်ကျောင်း)၌ သုံးရက်ကြာ နေထိုင်ခဲ့၏။ ထိုအချိန် ခန်း၏ မြောက်ဘက် ဘိုးတော် ပဒုံမင်းလက်ထက်က တည်ထားခဲ့သော

"ရွှေရပ်တော်"ဘွဲ့တော်ရှိ ရပ်ပွားတော်ကြီးကို သွားရောက်ဖူးမြော်ခဲ့သည်။ ထိုမှတစ်ဖန် ဦးသေဋ္ဌိလ၏ညီ မိမိ၏တပည့် ဦးဇောတိကသာရရှိရာ မန္တလေးတောင် ထီးလင်းတိုက် ပဋ္ဌာနကျောင်း၌ သုံးရက်ခေတ္တနေထိုင်ခဲ့၏။

ယိုမှတစ်ဖန် မန္တလေးအထက် စဉ့်ကူးဘက်သို့ ခရီးထွက်ရန် ၁၃၄၅-ခု နှောင်းတန်ခူးလဆန်း (၈)ရက်၊ နံနက် (၇)နာရီ ကားဆိပ်သို့လာခဲ့၏။ စိန်ပေါင်းရပ် ဦးတင်ညွန့်က ကားဖြင့် စဉ့်ကူးကားဆိပ်သို့ လိုက်ပို့၏။ စဉ့်ကူးသို့ (၁၂)နာရီ မိနစ် (၃၀)လောက်ရောက်၏။ စဉ့်ကူးမှ ခက်သင်သို့ ပဲ့ထောင်မော်တော်ကလေးဖြင့် လိုက်ခဲ့ရ၏။ (၂)နာရီ မိနစ် (၃၀)လောက် ရောက်၏။ မင်းကျောင်း၌ ခေတ္တနား၏ ရေချိုးကြ၏။ ညနေ (၄)နာရီ မိနစ် (၃၈)လောက်မှာ ခက်သင် ရွှေတောင်ဦး တောင်ခြေရှိ တောရလေးကျောင်းသို့ သွား၏။ တောရလေးကျောင်းမှ အောက်ကေစာကျောင်း၊ အောက်ကေစာကျောင်းမှ အထက် ကေစာကျောင်းသို့ သွားကြ၏။ ရောက်တိုင်းရောက်တိုင်းသော ကျောင်းတို့၌ ကျောင်းရှိ အာဝါသိကဆရာတော်များ ကိုရင် ဦးပဥ္စင်းများက ပျူပျူငှာငှာ ဝတ်ပြုကြပါသည်။ မမေ့နိုင်။ အထက်ကေစာ၌ ဦးပဥ္စင်းကြီး ၁-ပါးရှိ၏။ အလွန်ဖော်ရွေဝတ်ကျေ၏။ အထက်ကေစာ၌ လေးရက်သီတင်း သုံးကြ၏။ ရောက်ပြီးနောက်ရက် ညနေ၌ ဘုံသာကုန်းကျောင်း ဘုန်းကြီးဦးဇဋိလ က လာရောက်တွေ့ဆုံပါသည်။ ကွဲကွာနေတာ ကြာသဖြင့်လည်း ဝမ်းသာအယ်လဲ ရှိလှပါသည်။ လိုရာပစ္စည်းအသီးသီး လိုရာကိစ္စအဝဝအတွက် တာဝန်ယူပါသည်။ ကျေညီစောင့်ရှောက်ပါသည်။

အောက်ကေစာ သုံးရက်

အထက်ကေစာကျောင်း၌ လေးရက်နေပြီးနောက် အောက်ကေစာကျောင်း၌ သုံးရက်နေကြပြန်၏။ အေးချမ်းငြိမ်သက်လှ၏။ ဘုရတ်စံကားပွင့်တို့ဖြင့် သင်းပျံ့လျက် ရှိပါသည်။ အထက်ကေစာ အောက်ကေစာတို့၌ နေ့စဉ် ခက်သင်ရွာ၌ နေ့စဉ်ဆွမ်းခံပါသည်။ နံနက် (၆)နာရီ ကျောင်းမှ ဆွမ်းခံထွက်၏။ ဖြည်းဖြည်း နှေးနှေးသွားရာ ကျောင်းသို့ (၈)နာရီခွဲလောက် ပြန်ရောက်၏။ ဆွမ်းခံပြန် မြစ်ဆိပ်ဆင်း၍ ရေချိုးရသည်မှာ လွန်စွာကောင်းမွန်လှ၏။ နွမ်းနယ်နေသော ကိုယ်ခန္ဓာမှာလည်း ရွှင်လန်းချမ်းမြေ့ အေးမြခြင်းအရသာကို

ခံစားရ၏။ ကိုယ့်ရေကိုယ်ထမ်းသောက်ရသည်မှာ စိတ်ချမ်းသာလှ၏၊ ကျောင်းနေ အာဝါသိက အရှင်မြတ်တို့က မလုပ်ပါနှင့်၊ တပည့်တော်တို့ ခပ်ပေးပါမည်ဟု လျှောက်ကြသော်လည်း ကိုယ်တိုင်ပင် ခပ်ယူပါ၏။

၁၃၄၆-ခု နှစ်ဆန်း (၁)ရက်၊ ဦးတန်ခူးလဆုတ် (၁)ရက်နေ့ ညနေ (၅)နာရီအချိန် ခက်သင်ရွှေတောင်ဦး တောင်ခြေရှိ တောကျောင်းကလေး ခဏ္ဍသိမ်၌ ဘုံသာကုန်းကျောင်း ဆရာတော်အရှင်ဇဋိလ မဟာထေရ် အမှူး ပြုသော သံဃာတော်ထံ၌ နောက်ပါအဖော် ဦးသေဋ္ဌိလနှင့်အတူ သုဒ္ဓန္တပရိဝါသ်ကို ယူပါသည်။ အနိက္ခိတ္တဝတ် ကျင့်မည်ဖြစ်၍ ဝတ်ကြားပြီးမှ ဝတ်မချဘဲ ဘုံသာကုန်းကျောင်းသို့ သွားကြပါသည်။ ဘုံသာကုန်းကျောင်းမှာ ညအိပ်သည်။ ဘုံသာကုန်းကျောင်း ဆရာတော်ဦးဇဋိလ, ဦးသုမင်္ဂလတို့ သင့်မြတ်ညီညွတ်စွာ သာယာရွှင်ပြုံး သီတင်းသုံးနေသည်ကို တွေ့မြင်ရခြင်း ကျောင်းအာဝါသ သပ္ပါယ ဖြစ်ခြင်း၊ ဘောဇနသပ္ပါယ ဖြစ်ခြင်း-စသော အကြောင်းတို့နှင့် ပေါင်းဆုံကြုံကြိုက်နေသဖြင့် ပရိဝါသ်ချည်းသက်သက် တစ်လစောင့်ပါသည်။ ရက်ပျက်တစ်ရက်၊ ရက်ပိုနှစ်ရက်၊ မာနတ် (၆)ရက် ရက်ပို(၁)ရက် ဆောက်တည် ၏။ ယင်းသို့ ဆောက်တည်နေစဉ်အတွင်း လက်ပံကုန်း (၄)ရက်၊ ခက်သင် (၃)ရက် ဆွမ်းခံ၍ ကျန်ရက်တို့၌ ဘုံသာကုန်းရွာမှာပင် ဆွမ်းခံပါသည်။ ထိုသို့ ဆွမ်းခံစဉ်က ဘုံသာကုန်းရွာမှ ဒါယကာကြီး ဦးကံညွန့်၊ လက်ပံကုန်း ရွာမှ ဘိုးမောင်-စသော ဒါယကာများက ရှေ့မှနိဗ္ဗာန်ဆော် ပြုလုပ်ဆောင်ရွက် ကြပါသည်။ သုံးရွာစလုံးမှာပင် ဆွမ်း ဆွမ်းဟင်းလျာ ခဲဖွယ်ဘောဇဉ် ပြည့်စုံ ပါသည်။ ပိုလျှံ၍ ဆိုင်ရာကျောင်းဆရာတော်တို့အား ပင့်လှူရပါသည်။ ကဆုန်လဆုတ် (၁၁)ရက်နေ့ အဗ္ဘာန်ဝင်ပါသည်။ အဗ္ဘာန်ပွဲ၌ ဘုံသာကုန်းရွာ ဒါယကာကြီး ဦးအောင်မင်း-သား မောင်ထွန်းမြိုင်တို့ လှူဒါန်းသော သင်္ကန်း၊ ဘုံသာကုန်းရွာ ဒါယကာမောင်ထင်ကျော် ဒါယိကာမ မခင်အေးတို့ လှူဒါန်း သောသပိတ်တို့ကို အလှူခံ၍ သိက္ခာထပ် ကံဆောင်ခဲ့ပါသည်။ အဗ္ဘာန်ပွဲ၌ သံဃာသုံးဆယ်ကျော် ပင့်နိုင်ပါသည်။ ကြွရောက်ချီးမြှောက်ကြသော ဆရာ တော်တို့နှင့် လှူပရိသတ်တို့အား ဘုံသာကုန်းရွာမှ ဒါယကာကြီး ဦးချစ်ထွေး အမှူးပြုသော ဒါယကာကြီးတို့၏ စီမံမှုဖြင့် ဘုံသာကုန်းရွာ ဒါယကာ,

ဒါယိကာမတို့က ဆွမ်းဘောဇဉ် ခဲဖွယ်အသွယ်သွယ်တို့ဖြင့် ပူဇော်ဆက်ကပ်၊ ဧည့်ခံပြုစုကြပါသည်။

၃။ တဒါစ တမှိ ဝိဟာရေ၊
ဝသန္တော သိမမာဠကေ၊
ဝိစာရေနာမ ထေရောဟံ၊
အကာသိ မံ ဝိနိစ္ဆယံ။

၄။ သက္ကရာဇေ စဈာဂါဠှေ၊
ကာဠပက္ခမှိ အဋ္ဌမေ။
သမ္ပတ္တေ မာသဝေသာခေ၊
နိဋ္ဌိတောယံ ဝိနိစ္ဆယော။

၅။ ယထာယံ သာသနေ ဂန္ထော။
အနာယာသေန နိဋ္ဌိတော။
နိဋ္ဌံ တော သဗ္ဗကာလံ၊
သက်ပ္ပေါ သဗ္ဗပါဏိနံ။

၃။ စ၊ ကျမ်းစာပြီးလစ် သက္ကရာဇ်ကို တွက်စစ်သေချာ ပြဆိုပါအံ့၊ ဝိစာရောနာမထေရော၊ ဝိစာရထေရ် အမည်ရှိသော။ အဟံ၊ ငါသည်။ တဒါ၊ ဘုံသာကုန်းကျောင်း ကိန်းအောင်းပျော်ကာ ပရိဝါသ်ကျင့်သုံးရာ ထိုအခါ၌။ တမှိ ဝိဟာရေ၊ ထိုဘုံသာကုန်းဟု ခေါ်ထုံးသညာ ကျောင်းမဟာ၌၊ သိမမာဠကေ၊ ဘုံသာကုန်းရွာ ဒါယကာကြီး ဦးကံညွန့်၊ဒါယိကာမကြီး ဒေါ်စောလှိုင်တို့ မနောပိုင်ပိုင် ဆောက်လုပ် လှူဒါန်းသော သိမ်ကျောင်းတော်၌။ ဝသန္တော၊ ပရိဝါသ် ပဋိပတ် နှစ်ရပ်ကျင့်သုံး ရှင်ပြုံးကြည်လင် သိတင်းသုံးနေတော်မူစဉ်။ ဣမံဝိနိစ္ဆယံ၊ ပရိဝါသ် မာနတ်အဆုံးအဖြတ်မည်သော ဤကျမ်းကို။ အကာသိ၊ သာသနာတည်ရေး မြော်ထောက်တွေးကာ ပြုစုခဲ့ပါပေပြီ။

၄။ သက္ကရာဇေ၊ လူတို့ဝေါဟာ ကောဇာသက္ကရာဇ်သည်။ စဈာဂါဠှေ၊ တစ်ထောင့်သုံးရာလေးဆယ့်ခြောက်ခုသည် လည်းကောင်း။ မာသဝေသာခေ၊

ဝိသာခါနက္ခတ် ယှဉ်လတ် စန်းကြုံကဆုန်လသည်လည်းကောင်း။ ကာဠပက္ခမှိ အဋ္ဌမေ၊ လဆုတ်သို့ရောက် ရှစ်ရက်မြောက်သော နေ့သည်လည်းကောင်း၊ သမ္ပတ္တေ၊ တင့်တယ်ကောင်းမြတ် ရောက်လတ်သည်ရှိသော်။ အယံဝိနိစ္ဆယော၊ “ပရိဝါသ်မာနတ်အဆုံးဖြတ်” မည်သော ဤကျမ်းသည်။ နိဋ္ဌိတော၊ ကျန်းမာချမ်းသာ ဘေးဘယာကင်းဝေးစွာရှင်း၍ ပြီးစီးခြင်းသို့ ရောက်ခဲ့လေပြီ။

၅။ သာသနေ၊ ဘုရားမြတ်စွာသာသနာ၌၊ အယံဂန္ထော၊ ပရိဝါသ်မာနတ်အဆုံးဖြတ်မည်သော ဤကျမ်းသည်။ **အနာယာသေန၊ အန္တရာယ်ရန်ဘေး ကင်းစင် ဝေးသဖြင့်။** နိဋ္ဌိတော ယထာ၊ လိုရာချိန်ရောက် ပြီးမြောက်အောင်မြင် သကဲ့သို့၊ တထာ၊ ပမာပုံယူ ထို့အတူ။ သဗ္ဗကာလံ၊ **အလိုရှိရာ** အလုံးစုံသော အချိန်အခါ၌။ သဗ္ဗပါဏီနံ၊ ဘုံသာကုန်း လက်ပံကုန်းနှင့် ရွှင်ပြုံးခက်သင် အစဉ်နေကြ ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့နှင့်တကွ သုံးဆယ့် တစ်ဌာန ရှိကြဥသုံ အလုံးစုံသော သတ္တဝါတို့၏။ သင်္ကပ္ပေါ၊ လောကုတ်လောကီ အလိုလိုအဝဝ ကောင်းမြတ်သော အကြံအစည် ဟူသမျှသည်။ နိဋ္ဌံ့တေ၊ လိုရာခဏ ပြီးစီးအောင်မြင်ပါစေသတည်း။

ဤ ပရိဝါသ်မာနတ် အဆုံးအဖြတ်မည်သော ကျမ်းကို ၁၃၄၆–ခု ဦးတန်ခူးလဆုတ် (၅) ရက်နေ့ကစ၍ ရေးခဲ့ရာ ၁၃၄၆–ခု ကဆုန်လဆုတ် (၈)ရက်နေ့၌ ဘေးရန်မခ အေးမြချမ်းသာစွာ ပြီးစီးခဲ့ပါသည်။ ယင်းသို ရေးသားစဉ်အခါက မင်ချောင်း, ဗလာစာအုပ်တို့ကို လိုလေသေးမရှိအောင် ဆရာတော် အရှင်ဇဋိလက လှူဒါန်းပါသည်။ သည်မျှမက ဝိနယသင်္ဂဟ အဋ္ဌကထာ, ဝဇိရဗုဒ္ဓိဋီကာ, သာရတ္ထဒီပနီဋီကာ, ဝိမတိဋီကာတို့ကို ရေတော်ရွာ ဆရာတော် အရှင်အာဒိစ္စရံသီထံ ကိုယ်တိုင် လိုက်လံငှားရမ်းပေးကာ ကူညီခဲ့ပါသည်။ ထိုသို့ ကူညီခဲ့သော ဆရာတော် အရှင်ဇဋိလ၊ စားမှုသောက်မှု နေမှုထိုင်မှုအတွက် အဘက်ဘက်မှ ကူညီကြသော ဆရာတော် အရှင်သုမင်္ဂလ၊ ဝိနယသင်္ဂဟ စသော ကျမ်းစာအုပ်တို့ကို ကြည့်ရှုဖို့ရန် စေတနာ ထက်သန်စွာဖြင့် ငှားရမ်း ချီးမြှင့်တော်မူသော ရေတော်ရွာ ဆရာတော် အရှင်အာဒိစ္စရံသီ၊ မာနတ်တက်စဉ်အခါက လာရောက်၍ ပကတတ်အဖြစ် စောင့်ရှောက်ကြသော တောကျောင်းကြီးမှ အရှင်မြတ်များ၊ ခက်သင်ရွာကျောင်းမှ အရှင်မြတ်များ၊

ခက်သင်၊ လက်ပံကုန်း၊ ပေါက်ကုန်း၊ ကြာဥယျာဉ်၊ ရေတော်၊ ဆည်သည်-စသောရွာတို့မှ အဗ္ဘာနကံဆောင်ရန် ကြွရောက်ချီးမြှောက်တော်မူကြသော ဆရာတော်များ၏ ကျေးဇူးကို အထူးတလည် အမှတ်ရ သိနေပါသည်။

ဘုံသာကုန်း၊ ခက်သင်၊ လက်ပံကုန်းမှ ဆွမ်း ဒါယကာ ဆွမ်း ဒါယိကာမများ၏ ကျေးဇူးကိုလည်း အထူး မှတ်တမ်းတင်ကြောင်း ဤကျမ်းစာ၌ ရေးသားဖော်ပြကာ တုံ့ပြန်လိုက်ရပါသည်။

ဤသည့်ကျမ်းစာ လိုရာခဏ ပြီးစီးရသို့ များလှသတ္တဝါ လိုရာဆန္ဒ တောင့်တလျှင်ဆော ပြီးစေသောဝ်။

ပရိဝါသ်မာနတ် အဆုံးအဖြတ်ကျမ်း ပြီး၏။

ပ-မ.ထာ.ဝ-၃၇/ဧ.၀၁-၂၀၀၁ (၂၀၀၀)လက်သုံး(မြန်)

ဓမ္မဒါန ကုသိုလ်ရှင်

၁။ ဦးအုန်းအေး+ဒေါ်တင်တင်၊ သမီးသိင်္ဂီဆွေ(ဘီအေ)
သာဂေါင်ရပ်၊ ဆိမီးခုံမြို့၊ ၅၁၀၀ိ/-

၂။ ကျောင်းဒါယိကာမကြီး ဒေါ်ဖွားချောနှင့် သားဦးကျော်ဆွေ+
သမီးဒေါ်သောင်းသောင်းမိသားစု မလွန်ရပ်၊ မန္တလေးမြို့၊ ၁၀၀၀ိ/-

၃။ အစ်မကြီးဒေါ်သောင်းကို ရည်စူး၍ ညီမဒေါ်ကြည်
ဈေးဟောင်းရပ်၊ အမှတ်(၉)နယ်မြေ၊ ပခုက္ကူမြို့၊ ၁၀၀ိ/-

၄။ ပခုက္ကူမြို့ တပည့်ဒါယကာ ဒါယိကာမအများကုသိုလ် ၂၅၀၀ိ/-

၅။ ရန်ကုန်မြို့ တပည့်ဒါယကာ ဒါယိကာမအများကုသိုလ် ၁၅၀၀ိ/-

၆။ ဆိမီးခုံ၊ ငါ့နန်း၊ မြစ်သာ၊ ညောင်ပင်သာ၊ ငါန်းမြာကြီး
ဘပည့်ဒါယကာ ဒါယိကာမအများကုသိုလ် ၁၀၀၀ိ/-

၇။ မြောင်မြို့နယ်၊ နဂါးပေါက်ရွာ
ဒါယကာဒါယိကာမအများ ကုသိုလ် ၅၀၀ိ/-